# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ပန်ဆင်သူအကျိုးကို ဆောင်နိုင်**

တရားကို စောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်း အနံ့နှင့်ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

**ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)**


၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက် | ၂၀၁၇ ခုနှစ်၊ မတ် ၂၅ ရက်၊ စနေနေ့၊ | အတွဲ (၅၆) ၊ အမှတ် (၁၇၆)


# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၂၄**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အစည်းအဝေး (၁/၂၀၁၇)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာတင်မျိုးဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ နိုင်သက်လွင်၊ ဦးထွန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ဦးခွန်မောင်သောင်းနှင့် အတွင်းရေးမှူး ဦးခင်မောင်တင် တို့ တက်ရောက်ကြသည်။

**ဆွေးနွေးဆုံးဖြတ်**

အစည်းအဝေးတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ တင်ပြချက်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးဆိုင်ရာ ကိစ္စရပ်များ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ ကိစ္စရပ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များအပေါ် ဝိုင်းဝန်းဆွေးနွေး၍ ဆုံးဖြတ်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၆* ❄


**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အစည်းအဝေး (၁/၂၀၁၇)သို့ တက်ရောက်လာမှုကို တွေ့ရစဉ်**
(သတင်းစဉ်)

# နိုင်ငံတကာ အချက်အလက်ရှာဖွေဖော်ထုတ်ရေးအဖွဲ့ တစ်ဖွဲ့စေလွှတ်ရန် တောင်းဆိုသည့် လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်အား မြန်မာနိုင်ငံက သဘောတူလက်ခံခြင်းမရှိ

**သတင်းထုတ်ပြန်ချက်**

ဂျီနီဗာမြို့တွင် ၂၄-၃-၂၀၁၇ ရက်နေ့က ပြုလုပ်သည့် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ (၃၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၌ ဥရောပသမဂ္ဂမှ တင်သွင်းသည့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ဆုံးဖြတ်ချက်ကို မဲမခွဲဘဲ ဆုံးဖြတ်အတည်ပြုလိုက်ပါသည်။

အဆိုပါဆုံးဖြတ်ချက်တွင် လူ့အခွင့်အရေးကောင်စီမှ မြန်မာနိုင်ငံ၏ နိုင်ငံရေး စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ်နှင့် တရားဥပဒေစိုးမိုးရေးအပြင် လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများဆောင်ရွက်နေမှုကို ကြိုဆိုထားပါသည်။ တစ်ဖက်တွင်လည်း လူ့အခွင့်အရေးကောင်စီအနေဖြင့် လွတ်လပ်သော နိုင်ငံတကာအချက်အလက် ရှာဖွေဖော်ထုတ်ရေးအဖွဲ့တစ်ဖွဲ့ကို စေလွှတ်ရန်လည်း ဆုံးဖြတ်ခဲ့ပါသည်။

မြန်မာနိုင်ငံသည် ရခိုင်ပြည်နယ်၏ နက်နဲရှုပ်ထွေးပြီးစိန်ခေါ်မှုကြီးမားသည့် အခြေအနေကို လက်တွေ့ကျပြီးရေရှည်တည်တံ့သည့် ဖြေရှင်းမှုများထွက်ပေါ်လာရေးအတွက် အစွမ်းကုန်ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။ နိုင်ငံတော်တာဝန်ကိုယူပြီး ရက်သတ္တပတ်အနည်းငယ်အတွင်း ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းတည်ထောင်၍ ရခိုင်ဒေသ တည်ငြိမ်အေးချမ်းမှုတိုးမြှင့်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိပါသည်။ ပြဿနာရပ်များကို ရေရှည်တည်တံ့သော အဖြေရရှိရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။


*စာမျက်နှာ ၄ ကော်လံ ၃* ❖





မြန်မာ့အလင်း

# မြန်မာနိုင်ငံ၏ လူသားဖွံ့ဖြိုးမှုဆိုင်ရာညွှန်းကိန်း

လူသားဖွံ့ဖြိုးမှုဆိုင်ရာညွှန်းကိန်း **(Human Development Index- HDI)** သည် လူသားတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံတိုင်းတာမှု သုံးရပ်ဖြင့် တိုင်းတာတွက်ချက်ထားခြင်းဖြစ်သည်။ လူ့သက်တမ်း **(Life expectancy at birth)** သည် ပြည်သူတို့၏ အသက်ရှည်ရှည် ကျန်းကျန်းမာမာနေထိုင်နိုင်စွမ်းရှိခြင်းကို ရည်ညွှန်းဖော်ပြပါသည်။ ကျောင်း၌ ပညာသင်ယူသောကာလသည် ပြည်သူတို့၏ အသိပညာ ဗဟုသုတရယူနိုင်စွမ်းကို ရည်ညွှန်းဖော်ပြပါသည်။ ပြည်သူတစ်ဦးချင်း၏ ဝင်ငွေသည် ပြည်သူတို့ ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်စွမ်းကို ရည်ညွှန်းဖော်ပြပါသည်။ အထက်ပါအခြေခံတိုင်းတာမှုသုံးရပ်ကို ပေါင်းစပ်တွက်ချက်ထားခြင်းသည် လူသားဖွံ့ဖြိုးမှုဆိုင်ရာညွှန်းကိန်း **(HDI)** ဖြစ်ပါသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် **(UNDP)** က ထုတ်ပြန်သော ၂၀၁၆ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ လူသားဖွံ့ဖြိုးမှုအစီရင်ခံစာ၌ မြန်မာနိုင်ငံသည် လူသားဖွံ့ဖြိုးမှုဆိုင်ရာ အနိမ့်ဆုံးအဆင့်မှ အလယ်အလတ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ကြောင်း ဖော်ပြထားပါသည်။ ဤအစီရင်ခံစာအရ လူသားဖွံ့ဖြိုးမှုဆိုင်ရာညွှန်းကိန်းကို ကြည့်ပါက မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၁၈၈ နိုင်ငံအနက် အဆင့် ၁၄၅ နေရာတွင်ရှိကြောင်း သိရှိရသည်။ မြန်မာနိုင်ငံက ဤကဲ့သို့ လူသားဖွံ့ဖြိုးမှုဆိုင်ရာ အနိမ့်ဆုံးအဆင့်မှ အလယ်အလတ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့မှုကို အရည်အချင်းဆိုင်ရာ တိုးတက်ပြောင်းလဲမှုတစ်ရပ်အဖြစ် ရှုမြင်ရမည်ဖြစ်ပါသည်။

သို့သော် မြန်မာနိုင်ငံသည် လူသားဖွံ့ဖြိုးမှုဆိုင်ရာညွှန်းကိန်း **(HDI)** အရ နှိုင်းယှဉ်ကြည့်ပါက ကမ္ဘောဒီးယားနှင့် နီပေါနိုင်ငံတို့အောက်၌ ရှိနေသည်ဖြစ်၍ လက်ရှိအဆင့်ထက်သိသိသာသာတိုးတက်မှုများ ရရှိလာစေရန် များစွာကြိုးပမ်းအားထုတ်ရဦးမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လူသားဖွံ့ဖြိုးမှုဆိုင်ရာညွှန်းကိန်းသည် အရှေ့အာရှနှင့် ပစိဖိတ်ဒေသပျမ်းမျှညွှန်းကိန်းကို ပြည့်မီခြင်းမရှိသေးကြောင်း သိရှိရသည်။ မြန်မာနိုင်ငံ၏ လူသားဖွံ့ဖြိုးမှုဆိုင်ရာညွှန်းကိန်း **(HDI)** သည် ဤကဲ့သို့ လိုအပ်ချက်များ ရှိနေဆဲဖြစ်သော်လည်း ပြီးခဲ့သော ငါးနှစ်အတွင်း ပုံမှန်တိုးတက်မှုရှိနေသည်ဟူသော သုံးသပ်ချက်သည် အားတက်စရာ သုံးသပ်ချက်ဖြစ်ပါသည်။ အဆိုပါတိုးတက်မှုနှုန်းသည် ၅ ဒသမ ၇ ရာခိုင်နှုန်းရှိသည်ဖြစ်၍ အနာဂတ်ကာလ ကြိုးပမ်းအကောင်အထည်ဖော်မှုများအတွက် ခွန်အားတစ်ရပ်ဖြစ်သည်ဟု ယူဆပါသည်။

မြန်မာနိုင်ငံသည် သမိုင်းဖြတ်သန်းမှုအစဉ်အလာအရ တိုင်းပြည်၏ လူမှုရေးကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုနည်းပါးသည်ဟူသော ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် **(UNDP)** ၏ သုံးသပ်ချက်ကို အလေးအနက်ခံယူရန် လိုအပ်သည်ဟု ယုံကြည်ပါသည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် **(UNDP)** ၏ သုံးသပ်ချက်များကိုအခြေခံ၍ တိုင်းပြည်၏လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရေးကို ဆတက်ထမ်းပိုးဆောင်ရွက်ပါက မြန်မာနိုင်ငံ၏ လူသားဖွံ့ဖြိုးမှုဆိုင်ရာညွှန်းကိန်း **(HDI)** သည် တိုင်းပြည်ဂုဏ်ဆောင်ညွှန်းကိန်းတစ်ရပ်ဖြစ်လာမည်ဖြစ်ပါသည်။ ။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ❖ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူလုပ်ဆောင်ရေး။
- ❖ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး။
- ❖ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## စိန်ဖူးတော်၊ ငှက်မြတ်နားတော် ရွှေသားအစစ်ဖြင့် ပူဇော်ရေးလုပ်ငန်း ဆိုင်းဘုတ်တင်



**ရန်ကုန် မတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ဆံတော်ရှင် ဆူးလေစေတီတော်မြတ်၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်များကို ရွှေသားအစစ်ဖြင့် အသစ်ပြုလုပ်ပူဇော်ရေးအတွက် အလှူရှင်များ သိရှိလှူဒါန်းနိုင်စေရန် ဆိုင်းဘုတ်တင်ခြင်း အခမ်းအနားကို မတ် ၂၂ရက် နံနက် ၈နာရီက ဆံတော်ရှင် ဆူးလေစေတီတော်မြတ်ကြီး၏ မုခ်ဦးများ၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင် ဦးကျော်ခင်မြင့် (မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ)၊ ဂေါပကအဖွဲ့ဝင် ရဲသူရဦးသန်းလှိုင်၊ ဂေါပကအဖွဲ့ဝင် ဗိုလ်မှူးစိုးမြင့်အောင်(ငြိမ်း)တို့နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဆူးလေစေတီတော် ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများဖြင့် စေတီတော်အရှေ့ဘက်မုခ်ဦး၊ အနောက်ဘက်မုခ်ဦးနှင့် မြောက်ဘက်မုခ်ဦးတို့၌ ကျင်းပခဲ့သည်။ **မြလှိုင်**

## အာရှအမျိုးသား ဘော်လီဘောပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် မတ် ၂၄**

(၁၁) ကြိမ်မြောက် အာရှအမျိုးသား အသက်(၁၉ နှစ်)အောက် ဘော်လီဘော ပြိုင်ပွဲကို မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ပွဲရုံ၌ မတ် ၂၈ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် မြန်မာအပါအဝင် ဟောင်ကောင်၊ သြစတြေးလျ၊ ဘင်္ဂလားဒေ့ရှ်၊ အီရန်၊ တောင်ကိုရီးယား၊ ဂျပန်၊ သီရိလင်္ကာ၊ ထိုင်း၊ ဥဇဘက်ကစ္စတန်၊ တရုတ်၊ တရုတ် (တိုင်ပေ) နှင့် ကာဂျစ်စတန် အသင်းတို့ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲများကို မတ် ၂၈ ရက်မှ ဧပြီ ၅ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစား ပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်ပြီး အားကစားဝါသနာရှင်များ အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

## ဥရောပသမဂ္ဂ အထူးစောင့်ကြည့်လေ့လာရေးအဖွဲ့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ လာရောက်လေ့လာ

**ညောင်လေးပင် မတ် ၂၄**

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ဆောင်ရွက်နေမှုကို မတ် ၂၄ ရက် နံနက် ၉ နာရီက ညောင်လေးပင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ဥရောပသမဂ္ဂအထူးစောင့်ကြည့်လေ့လာရေးအဖွဲ့မှ နိုင်ငံခြားသားနှစ်ဦး လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

ကြိုတင်မဲစာရင်း မဲဆန္ဒပေးပိုင်ခွင့်ရှိသူများစာရင်း၊ မဲရုံများဆောင်ရွက်ထားရှိမှုနှင့် လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လေ့လာခဲ့ပြီး မြို့မ (၂) ရပ်ကွက် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးသို့သွားရောက်ကာ မဲစာရင်းကြေညာထားရှိမှု၊ မဲဆန္ဒရှင် သက်သေခံလက်မှတ်ထုတ်ပေးမှုဆောင်ရွက်ထားရှိမှုများကို ထပ်မံလေ့လာခဲ့ကြသည်။

အမျိုးသားလွှတ်တော် အမှတ်(၄)မဲဆန္ဒနယ်မြေရှိ ညောင်လေးပင်မြို့နယ်၌ မဲရုံပေါင်း ၁၅၀ ရှိကာ မတ် ၁ ရက်မှ ၁၄ ရက်အထိ ပထမအကြိမ် ကြေညာထားရှိမှုတွင် မဲဆန္ဒရှင် ၁၄၂၅၆၈ ဦးရှိပြီး ယခုအကြိမ်တွင် မဲဆန္ဒရှင်များထပ်တိုးကာ ဧပြီ ၁ ရက်တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပေါင်း ၁၄၃၂၀၀ ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၄-၃-၂၀၁၇   ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၆၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၉၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၁၀/၇၂၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၁၀/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၅၅/၇၇၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၂၀/၇၄၅ ကျပ် | (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂.၀ |
| ဥရောပ | တစ်ယူရို | ၁၄၆၈.၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၂.၄၄ |
| ထိုင်း | တစ်ဘတ် | ၃၉.၅၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၀.၈၀ |
| တရုတ် | တစ်ယွမ် | ၁၉၇.၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇.၆၂ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



✻ ရှေ့ဖုံးမှ

ယင်းနောက် တင်ပြချက်များအပေါ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ အစည်းအဝေးများကို ရက်သတ္တနှစ်ပတ်လျှင် တစ်ကြိမ် ပုံမှန်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်**
(သတင်းစဉ်)

# အစားထိုးဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေးအဖွဲ့ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၄**

အစားထိုးဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှေ့ပြေးစီမံကိန်း Pilot Project ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ် တောင်ပိုင်း ပင်လောင်းမြို့နယ် နောင်တရားဒေသ၌ ကျေးရွာအုပ်စု လေးအုပ်စုသို့ ကွင်းဆင်းစစ်တမ်းကောက်ယူခြင်း လုပ်ငန်းများကို ဖေဖော်ဝါရီ ၁ ရက်မှ ၁၆ ရက်အထိ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ နောင်တရားဒေသအတွင်း ပေါ့အင်ကျေးရွာအုပ်စု၊ လွယ်မောကျေးရွာအုပ်စု၊ ပင်ခင်ကျေးရွာအုပ်စုနှင့် မွေးပြင်ကျေးရွာအုပ်စု လေးစု၌ ကျေးရွာပေါင်း ၉၇ ရွာရှိပြီး ယင်းကျေးရွာများ၌ အခြေခံ၍ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ပြောကြားခဲ့သည်။ **(ယာပုံ)**

အဓိကဆောင်ရွက်ပေးရမည့် အချက်များမှာ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးတို့ ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဦးစီးဌာနအနေဖြင့် စီမံကိန်းအောင်မြင်နိုင်ရေးအတွက် ဝိုင်းဝန်းလုပ်ကိုင်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများအား ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ သက်ဆိုင်ရာစီမံကိန်းဒေသများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ကြီးကြပ်အဖွဲ့၊ ကွင်းဆင်း စစ်တမ်းကောက်ယူသည့် ပူးပေါင်းအဖွဲ့များက ကောင်းမွန်သောစီမံချက်များ ရေးဆွဲနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် စစ်တမ်းများ၊ မြေပြင်တွေ့ရှိချက်များနှင့် ဒေသခံတိုင်းရင်းသားများ၏ အမှန်တကယ်လိုအပ်ချက်များကို ပွင့်ပွင့် လင်းလင်း တင်ပြဆွေးနွေးသွားကြရန် အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးအဖွဲ့၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးအား ယနေ့ မွန်းလွဲ ၃ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာတွင် ဒုတိယဝန်ကြီးက ထိုကဲ့သို့ မှာကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် တောင်ပိုင်း ပင်လောင်းမြို့နယ် နောင်တရားဒေသအတွင်းရှိ ကျေးရွာအုပ်စု လေးအုပ်စုတို့၏ ကွင်းဆင်းစစ်တမ်း ကောက်ယူခဲ့သည့် ပူးပေါင်းအဖွဲ့က ရှေ့ပြေးစီမံကိန်းလုပ်ငန်းများ ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ဝန်ကြီးဌာန၊ ဦးစီးဌာနများမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခြင်းနှင့် ဝိုင်းဝန်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် အစားထိုးဖွံ့ဖြိုးမှု အကောင်အထည်ဖော်ရေးအဖွဲ့၊ ဥက္ကဋ္ဌက တင်ပြချက်များ၊ ဆွေးနွေးချက်များနှင့် ပတ်သက်၍ လိုအပ်ချက်ရှိသည်များနှင့် ထပ်မံ ဆောင်ရွက်သွားမည့် အစီအမံများအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





# လယ်ယာကဏ္ဍ စိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲဖွင့်

**တပ်ကုန်း မတ် ၂၄**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့အောင်ဆန်းခန်းမ၌ လယ်ယာကဏ္ဍစိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုစီမံကိန်း(ADSP) အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါအခမ်းအနားဖွင့်ပွဲတွင် နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်တာဝန်ခံ ဦးတင်ထွဋ်၊ နေပြည်တော်ကောင်စီဝင် လယ်ယာကဏ္ဍတာဝန်ခံ ဦးအေးမောင်စိန်တို့က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်နှင့် စိုက်ပျိုးပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဦးတို့က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

စီမံကိန်း၏ရည်ရွယ်ချက်မှာ ရွေးချယ်ထားသည့် ရေသွင်းရေိယာများ၏ သီးနှံထွက်နှုန်းတိုးတက်စေရန်နှင့် သီးနှံစိုက်စွမ်းအားတိုးတက်စေရန်၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရန်နှင့် ချမ်းသာကြွယ်ဝမှုရှိလာစေရန်၊ စိုက်ပျိုးရေးထုတ်ကုန်များတိုးမြှင့်ရန်နှင့် အကျိုးအမြတ်များရရှိစေရန်ဖြစ်ပြီး စီမံကိန်းကာလမှာ ၁-၇-၂၀၁၅ မှ ၃၀-၆-၂၀၂၂ ခုနှစ်အထိဖြစ်ကြောင်း သိရသည်။

စီမံကိန်းဝင်ဒေသများမှာ ပဲခူးတိုင်းဒေသကြီး (အရှေ့)တောင်ငူ၊ ရေတာရှည်၊ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်၊ ပုလဲ၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကူး၊ နေပြည်တော် တပ်ကုန်းမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ပါဝင်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ အဆိုပါ စီမံကိန်းအတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးယူ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မောင်ကျော်ကြီး၊ ဓာတ်ပုံ-သက်ထက်**

# မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေး ပဏာမအဆင့် မဟာဗျူဟာ(မူကြမ်း)ကို အပြီးသတ်ရေးဆွဲအကောင်အထည်ဖော်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၂၄**

မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) တို့ MoU လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံစီမံကိန်း (Country Programme) (၂၀၁၅-၂၀၁၈) အစီအစဉ်မှ အမျိုးသားအဆင့် မှုခင်းကြိုတင် ကာကွယ်ရေးမဟာဗျူဟာ ရေးဆွဲ အကောင်အထည်ဖော်ရေး အတွက် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဇော်ဝင်းနှင့် UNODC မြန်မာနိုင်ငံဆိုင်ရာမန်နေဂျာ Mr. Troels Vester တို့က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံအမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာ ရေးဆွဲအကောင်အထည်ဖော်ရေး ဗဟိုအဖွဲ့ အဖွဲ့ဝင်များကိုယ်စား ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ ပြည်နယ်/တိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးအဆင့် အရာရှိများနှင့် UNODC မှ တာဝန်ရှိသူများ UK မှ ကျွမ်းကျင်သူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတကာတွင် ကျင့်သုံးဆောင်ရွက်နေသည့် မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ မူဝါဒသဘောတရားများကို လေ့လာသုံးသပ်၍ ကုလသမဂ္ဂ၏ မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီသော အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာကို အပြီးသတ်ရေးဆွဲ အကောင်အထည်ဖော်နိုင်ရေး၊ ပြောင်းလဲလာသည့် မှုခင်းကြိုတင်ကာကွယ်ရေး အယူအဆများ၊ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် မှုခင်းဖြစ်ပွားစေနိုင်သော အန္တရာယ်များ (Risk Factors)အား ရှင်းလင်းဆွေးနွေးခဲ့ကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






● *ကျောဖုံးမှ*

ဆွေးနွေးပွဲတွင် မြန်မာ - တရုတ် နှစ်နိုင်ငံဆက်ဆံရေး၊ စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန်လည်ပတ်မှု တိုးမြှင့်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် Boao International Conference Center ပင်မဆောင်၌ တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလီက ၂၀၁၇ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဘိုအောမြို့နိုင်ငံတော်ဧည့်ဂေဟာ၌ ဘိုအောဖိုရမ် ဒုတိယဥက္ကဋ္ဌ မစ္စတာ ကျန်းဖေးရန်နှင့်တွေ့ဆုံ၍ ဘိုအောဖိုရမ် ကျင်းပနေမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

✱ *ကျောဖုံးမှ*

မရှိအောင်လည်း ဆောင်ရွက်ထားပါတယ်။ ယာဉ်စီးခကတော့ မူလကောက်ခံတဲ့အတိုင်းပဲ ယာဉ်စီးခကို ကောက်ခံရမှာဖြစ်ပါတယ်။ ယာဉ်စီးခတွေ ပိုမိုကောက်ခံတဲ့အတွက် တိုင်ကြားတဲ့အခါ အရေးယူတဲ့အပိုင်းတွေရှိပါမယ်။ ယာဉ်စီးခပိုတောင်းလို့ တိုင်ကြားရင် ချမှတ်ထားတဲ့စည်းကမ်းနဲ့အညီ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

YBS ယာဉ်လိုင်းတွေအတွင်းမှာ သတ်မှတ်ထားတဲ့ယာဉ်လိုင်းတွေ၊ သတ်မှတ်ထားတဲ့အချိန်နဲ့ ကားအစီးရေကို အလှည့်နဲ့ ပြေးဆွဲပေးသွားနိုင်ဖို့အတွက် ဆောင်ရွက်သွားမှာပါ။ အစိုးရဘက်ကနေ လိုက်နာကျင့်သုံးနိုင်ဖို့အတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့ ထိန်းသွားမှာဖြစ်ပါတယ်။ ဥပဒေကို လိုက်နာတတ်တဲ့ ဓလေ့ဖြစ်ဖို့အတွက် ယာဉ်လိုင်းတွေ၊ မောင်းတဲ့သူတွေ၊ ယာဉ်ပိုင်ရှင်တွေ၊ အဝေးပြေးယာဉ်လိုင်းပြေးဆွဲနေတဲ့သူတွေအားလုံး လိုက်နာကြဖို့ပဲ လိုပါတယ်။ လိုက်နာမှုမရှိရင်တော့ ဥပဒေနဲ့အညီ ထိန်းညှိပေးသွားမှာပဲဖြစ်ပါတယ်” ဟု ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေးနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားသည်။


ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အောက်ရှိ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့သည် ယခုနှစ် သင်္ကြန်ကာလအတွင်း အများပြည်သူခရီးသွားလာရေး လွယ်ကူချောမွေ့စွာ သွားလာနိုင်ရန်အတွက် ရန်ကုန်မြို့တွင်းပြေးဆွဲနေသော YBS ယာဉ်များကို သင်္ကြန်ကာလအတွင်း အလှည့်ကျစနစ်ဖြင့် ပြေးဆွဲပေးနိုင်ရန် ပြင်ဆင်ထားသလို သင်္ကြန်ကာလရုံးပိတ်ရက်များတွင် ကိုယ့်ရပ်ရွာနယ်များသို့ ပြန်လိုသည့်သူများအတွက်လည်း အဝေးပြေးယာဉ်လိုင်းများ အဆင်ပြေစွာသွားလာနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။ သင်္ကြန်မတိုင်ခင်နှင့် ကာလအတွင်း ခရီးသွားပြည်သူသွားလာမှုများခြင်းကြောင့် ခရီးသည်တင်ယာဉ်လိုင်းများကို ပိုမိုတိုး ချဲ့ပြေးဆွဲပေးနိုင်ရေး မြို့တွင်း YBS ယာဉ်လိုင်းများသာမက ခရီးဝေးပြေးဆွဲမည့် ယာဉ်လိုင်းများကိုလည်း စီစဉ်လျက်ရှိသည်။ ယခင်နှစ်သင်္ကြန်ကာလတွင် ခရီးဝေးပြေးဆွဲသည့် ယာဉ်လိုင်းများမှာ မရှိသလောက်ရှားပါးခဲ့ပြီး ယာဉ်စီးခများကိုလည်း နှစ်ဆနီးပါးအထိ ပိုတောင်းခံခဲ့သည်။ အလားတူ ရန်ကုန်မြို့တွင်းပြေးဆွဲနေသော ယာဉ်လိုင်းများမှာလည်း သင်္ကြန်ကာလ မတိုင်ခင် သက်ဆိုင်ရာက ပိုမိုတောင်းခံလျှင် အရေးယူမည်ဟု ကြေညာခဲ့သော်လည်း လိုက်နာမှုမရှိဘဲ တောင်းခံခဲ့ကြသည်။

“ ဒီနှစ် သင်္ကြန်ကာလမှာ ရန်ကုန်မြို့တွင်း YBS ယာဉ်တွေရော၊ အဝေးပြေးခရီးသည်တင် ယာဉ်လိုင်းတွေပါ ဈေးနှုန်းတိုးပြီး တောင်းခံမှုတွေကိုတော့ ထိထိရောက်ရောက် ဥပဒေနဲ့အညီ ဂိတ်တွေကို အရေးယူသွားမှာဖြစ်တယ်။ ခရီးသည်ကများပြီး ယာဉ်အစီးရေနည်းတဲ့အခြေအနေမှာ ဈေးနှုန်းတွေကို ယခင်နှစ်တွေက နှစ်ဆတိုးတောင်းတာတွေ ရှိပါတယ်။ ဒီလိုအခက်အခဲမျိုးတွေရှိတာကြောင့် ခရီးသွားပြည်သူတွေ အဆင်ပြေနိုင်ဖို့အတွက် ယာဉ်အစီးရေတွေကို တိုးမြှင့်ပေးနိုင်ရန် ဆောင်ရွက်နေပါတယ်။ သင်္ကြန်ကာလအတွင်းမှာ ရန်ကုန်မြို့တွင်း သယ်ယူပို့ဆောင်မှုယာဉ်လိုင်းတွေကိုလည်း ရပ်တန့်မသွားစေဘဲနဲ့ စနစ်တကျပြေးဆွဲပေးနိုင်ဖို့အတွက်လည်း ပြင်ဆင်ဆောင်ရွက်နေပါတယ်။ ယာဉ်လက်မှတ်များကို ပိုပြီးတော့ ပေးဝယ်နေရတယ်ဆိုတဲ့ အခြေအနေမျိုး တိုင်ကြားလာမယ်ဆိုရင် ရန်ကုန်သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့အနေနဲ့ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမယ်ဆိုတာ ပြောကြားလိုပါတယ်” ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ထပ်မံရှင်းပြသည်။

ယခင်နှစ် သင်္ကြန်ကာလများတွင် ရန်ကုန်မြို့တွင်း ခရီးသည်တင်ယာဉ်လိုင်းများ ပြေးဆွဲမှုနည်းခဲ့ပြီး ပြေးဆွဲသည့်ယာဉ်များလည်း အောက်ဆိုက်ယာဉ်များကဲ့သို့ ငွေတောင်းခံရာတွင် အဆမတန် ပိုတောင်းခံမှုများရှိခဲ့သည်။

❁ *ကျောဖုံးမှ*

ယှဉ်ပြိုင်ခွင့်ရရန် ကြိုးပမ်းပြင်ဆင်လျက်ရှိပြီး ခြေစစ်ပွဲများကို အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စု (က) တွင် ကာဂျစ္စတန်၊ အိန္ဒိယ၊ မကာအိုအသင်းတို့နှင့် ကျရောက်လျက်ရှိပြီး လေးသင်း ခြောက်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ကာ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ၂၀၁၉ အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်ကို ယူအေအီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အသင်းအရေအတွက် တိုးမြှင့်ထားပြီး ၂၄ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အိန္ဒိယအသင်းနှင့် ယှဉ်ပြိုင်ရမည့် ခြေစစ်ပွဲအတွက် မတ် ၁၄ ရက်မှစ၍ လေ့ကျင့်မှုများပြုလုပ်လျက်ရှိပြီး မတ် ၂၁ ရက်က အင်ဒိုနီးရှားနိုင်ငံတွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့၏ အာရှဖလား ခြေစစ်ပွဲကို မတ် ၂၈ ရက် ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် စန်းယမြို့သို့ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြစဉ် (သတင်းစဉ်)

# ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘိုအောမြို့သို့ ရောက်ရှိ

**ဘိုအော မတ် ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘိုအောမြို့တွင်ကျင်းပမည့် ၂၀၁၇ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်ရန်အတွက် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒေါက်တာသန်းမြင့်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးယာယီတာဝန်ခံ Ms.Li Xiaoyan နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အတူ အဖွဲ့ဝင်များအဖြစ် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် စန်းယမြို့သို့ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ ဟိုင်နန်ပြည်နယ် စန်းယမြို့ ဒုတိယမြို့တော်ဝန် မစ္စတာ ဟဲရှိဂန်းနှင့် တာဝန်ရှိသူများက စန်းယအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့နှင့်အတူ စန်းယဘူတာမှ ဘိုအောမြို့သို့ အထူးအမြန်ရထားဖြင့် ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် ဘိုအောမြို့သို့ ရောက်ရှိကြသည်။

၂၀၁၇ ခုနှစ် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ်ကို မတ် ၂၃ ရက်မှ ၂၆ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘိုအောမြို့တွင် လေးရက်ကြာ ကျင်းပလျက်ရှိသည်။ ယခုနှစ် ဘိုအောဖိုရမ်၏ခေါင်းစဉ်မှာ Globalization & Free Trade: The Asian Perspectives ဖြစ်ပြီး Globalization, Growth, Reform နှင့် New Economy ဟူ၍ အပိုင်းလေးပိုင်းခွဲကာ ဆွေးနွေးသွားမည်ဖြစ်သည်။

ဘိုအောဖိုရမ်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ဖိတ်ကြားထားသည့် နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ စီးပွားရေးအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

❖ *ရှေ့ဖုံးမှ*

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ဖြစ်ပွားခဲ့သည့် နယ်ခြားစောင့်ရဲဌာနချုပ်နှင့် ရဲစခန်းများအား လက်နက်ကိုင်တိုက်ခိုက်မှုများနှင့် နောက်ဆက်တွဲပေါ်ထွက်လာသော လူ့အခွင့်အရေးချိုးဖောက်မှုရှိသည်ဆိုသည့် စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးရန် ဒုတိယသမ္မတဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်ကိုလည်း ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုစွပ်စွဲချက်များအား များစွာအလေးအနက်ထား အရေးယူဆောင်ရွက်လျက်ရှိပါသည်။ စုံစမ်းစစ်ဆေးရေးကော်မရှင်အနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုခံရသည် ဆိုသည့် ရခိုင်ပြည်နယ်ရှိ ကျေးရွာများသို့ ရက်သတ္တပတ်များစွာ သွားရောက်စိစစ်မှုများပြုလုပ်ခဲ့သည့်အပြင်၊ မကြာသေးမီက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ခ်ဘဇားသို့သွားရောက်၍ စုံစမ်းမှုများ ပြုလုပ်ခဲ့ပါသည်။ စွပ်စွဲမှုများသည် ခိုင်လုံမှုရှိပါက သက်သေများအား နိုင်ငံတကာ၏ကာကွယ်စောင့်ရှောက်မှုအစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့လာရောက်စေပြီး၊ တရားရုံးများ၌ ဥပဒေနှင့်အညီ အမှုဖွင့် တရားစွဲဆိုနိုင်ရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ရခိုင်ပြည်နယ်၏ ပကတိအခြေအနေသည် ထိလွယ်ရှလွယ်ပြီး၊ ဖြေရှင်းရန် စိန်ခေါ်မှုကြီးမားနေဆဲ အခြေအနေဖြစ်ပါသည်။ ဤအခြေအနေမျိုးတွင် လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းသည် ပြဿနာဖြေရှင်းရေးအတွက် အထောက်အကူဖြစ်မည်မဟုတ်သည့်အပြင် ပြဿနာရပ်ကို ပိုမိုကြီးထွားစေမည်သာ ဖြစ်ပါသည်။ လက်ရှိ မြေပြင်အခြေအနေမှန်များနှင့် လည်းကောင်း၊ လက်ရှိမြန်မာနိုင်ငံ၏ ပကတိအခြေအနေများနှင့်လည်းကောင်း ကိုက်ညီမှုလည်း မရှိပါ။ ဤသို့သောအခြေအနေများကြောင့် လည်းကောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းတည်ငြိမ်ရေးနှင့် ရေရှည်တည်တံ့သောဖြေရှင်းချက်များရရှိရေးအတွက် အလေးအနက်ထား ကြိုးပမ်းဖြေရှင်းနေခြင်းကြောင့် လည်းကောင်း၊ လူ့အခွင့်အရေးကောင်စီ၌ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ရာတွင် ဆုံးဖြတ်ချက်တစ်ခုလုံးကို သဘောတူလက်ခံ ပါဝင်ခြင်းမရှိကြောင်း (Dissociate) ပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံနှင့်အတူ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံအပါအဝင် လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်နိုင်ငံများမှလည်း ဆုံးဖြတ်ချက်အား သဘောတူလက်ခံပါဝင်ခြင်းမရှိကြောင်း ထုတ်ဖော်ကြေညာခြင်း၊ အဆိုပါ နိုင်ငံတကာအချက်အလက် ရှာဖွေဖော်ထုတ်ရေးအဖွဲ့ စေလွှတ်ခြင်းကို လက်မခံကြောင်း ထုတ်ဖော်ပြောကြားခြင်းများ ပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံအစိုးရသည် လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန် ခိုင်မာစွာ သန္နိဋ္ဌာန်ချထားပြီး၊ မြန်မာနိုင်ငံရှိ ပြည်သူများအားလုံး၏အကျိုးအတွက် လူ့အခွင့်အရေးတိုးမြှင့်ရေးကို တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်မှ သုံးသပ်အကြံပြုချက်အများစုကို အချိန်မဆိုင်းဘဲ ထိရောက်သည့် လုပ်ငန်းအစီအစဉ်များချမှတ်ကာ အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက်**





# မင်းပြားမြို့တည် နှစ်(၁၅၀)ပြည့် အထိမ်းအမှတ်ပွဲကျင်းပ

**နေပြည်တော် မတ် ၂၄**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် မတ် ၂၃ ရက် နံနက် ၈ နာရီက ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ တည်ထားကိုးကွယ်သော နဖူးသင်းကျစ်တော်ဘုရား၊ ဝေသာလီ ဆုတောင်းပြည့်ဘုရားကြီး၊ သျှစ်သောင်းပုထိုးတော်ကြီး၊ ထုက္ကန်သိမ်ပုထိုးတော်ကြီးနှင့် မာရ်ငါးပါးသမိုင်းဝင် မင်္ဂလာမာရ်အောင် စေတီတော်မြတ်ကြီးတို့အား သွားရောက်ဖူးမြော်ကာ ဆွမ်း၊ ရေချမ်း၊ အလှူငွေများဆက်ကပ်လှူဒါန်းပြီး ဝေသာလီနန်းတော် မြို့ရိုးဟောင်းနေရာအား ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် မြို့နယ်ခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းပြောကြား၍ ဒေသခံပြည်သူများ၏ တင်ပြချက်များကို လက်ခံကြားနာ ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**



ဆက်လက်၍ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် မတ် ၂၄ ရက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် ရခိုင်ပြည်နယ် မင်းပြားမြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပသည့် မင်းပြားမြို့တည် နှစ် (၁၅၀) ပြည့် အထိမ်းအမှတ်ပွဲတော်သို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မင်းပြားမြို့ရှိ ရပ်မိရပ်ဖများနှင့် နယ်သူနယ်သားများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# တပ်မတော်နေ့ဂုဏ်ပြု မြနန်းစံကျော်ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက် အဆင့်မြှင့်တင်ခင်းကျင်းပွဲကျင်းပ

**မန္တလေး မတ် ၂၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အပါအဝင် တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်မိသားစုများ၏ လှူဒါန်းငွေကျပ်သိန်းပေါင်း ၁၈၇၀ ကျော်ဖြင့် ပြန်လည်ပြုပြင် ဆောင်ရွက်ခဲ့သည့် မန္တလေးမြို့ နန်းတွင်းအတွင်းရှိ မြနန်းစံကျော်ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက် အဆင့်မြှင့်တင် ခင်းကျင်းခြင်းပြီးစီး၍ (၇၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်ပွဲအခမ်းအနားကို မတ် ၂၄ ရက် နံနက် ၉ နာရီက အဆိုပါပြတိုက်ရှေ့၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ မြနန်းစံကျော်ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက် အဆင့်မြှင့်တင် ခင်းကျင်းခြင်း ဖွင့်ပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းဗိုလ်ရှိန်နှင့် တပ်ဖွဲ့ဝင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းကျော်ဇောက အမှာစကားပြောကြားပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် အရာရှိစစ်သည်များ၊ ဧည့်ပရိသတ်များက မြနန်းစံကျော်ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်အတွင်း အဆင့်မြှင့်တင်ခင်းကျင်းပြသထားခြင်းများအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# လားရှိုး၌ ကလေးစာပေပွဲတော်ကျင်းပ

**လားရှိုး မတ် ၂၄**

ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲကို လားရှိုးမြို့ မြို့တော်ခန်းမ၌ မတ် ၂၄ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ရှမ်းပြည်နယ်ဒုတိယ အုပ်ချုပ်ရေးမှူး ဦးမြင့်သန်း၊ မြန်မာရတနာရွှေခေတ်ကုမ္ပဏီမှ ဒါရိုက်တာ ဦးဘိုဘို၊ Shining Myanmar ကုမ္ပဏီလီမိတက်မှ ဦးသန်းထွန်း၊ ငွေရည်ပုလဲကုမ္ပဏီမှ ဦးရေချမ်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းက အမှာစကားပြောကြားပြီး ဖွင့်ပွဲကျင်းပရာ မြို့တော်ခန်းမ၌ လားရှိုးမြို့ရှိ စာအုပ်စာပေအရောင်းဆိုင်များ၊ မန္တလေးမြို့မှ စာအုပ်စာပေအရောင်းဆိုင်များက သုတ၊ ရသစာအုပ်များ ပုံပြင်စာအုပ်များကို ခင်းကျင်းပြသရောင်းချကြသည်။

**ဟန်ဌေး(လားရှိုး)**

# တိုင်းရင်းသားစာပေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၄**

တိုင်းရင်းသား စာပေဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

ယနေ့ဆွေးနွေးပွဲတွင် တိုင်းရင်းသားစာပေနှင့် တိုင်းရင်းသားဘာသာစကား စာအုပ်ပေါ်ထွက်နိုင်ရေးဆောင်ရွက်ရာတွင် လိုအပ်သောနည်းပညာ၊ ငွေကြေးအကူအညီ အထောက်အပံ့များနှင့် တိုင်းရင်းသားစာပေသင်ကြားသော တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ငွေကြေးအထောက်အပံ့ရရှိနိုင်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စာပေယဉ်ကျေးမှုအဖွဲ့များသို့ ထောက်ပံ့ငွေပံ့ပိုးပေးနိုင်ရန်အတွက် မူဝါဒရေးဆွဲရာတွင် လိုအပ်မည့် အချက်အလက်များနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသည့် တိုင်းရင်းသားစာပေဖြစ်စေရေး၊ စာပေသင်ကြားရန် ဖတ်စာအုပ် Text Book ပြဋ္ဌာန်းထားပြီးဖြစ်စေရေး၊ အဆိုပါတိုင်းရင်းသားစာပေကို လက်တွေ့ဖတ်ရှုအသုံးပြုနိုင်သည့် စာအုပ်များရှိစေရေး၊ သင်ကြားပြသနိုင်မည့် နည်းပြဆရာ၊ ဆရာမများရှိစေရေး၊ တိုင်းရင်းသားစာပေနှင့် စပ်လျဉ်းသည့် အခြားထည့်သွင်းလိုသော အချက်များ၊ စာပေနှင့်ယဉ်ကျေးမှုကိုသာ အဓိကဆောင်ရွက်နေသည့် အဖွဲ့ဖြစ်စေရေး၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းဒေသကြီးအဆင့်တစ်ခုစီအတွင်း လူမျိုးစုတစ်စုအတွက် တာဝန်ခံသည့် အဖွဲ့တစ်ဖွဲ့ဖြစ်စေရေး၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်အဖွဲ့ဖြစ်ပါက တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုလုံးအတွက် ခရိုင်အဆင့်အဖွဲ့ဖြစ်ပါက ခရိုင်တစ်ခုလုံးအတွက်၊ မြို့နယ်အဆင့်အဖွဲ့ဖြစ်ပါက မြို့နယ်တစ်ခုလုံးအတွက် မိမိတိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုသင်တန်းများကို တာဝန်ခံဖွင့်လှစ်သည့် အဖွဲ့ဖြစ်စေရေးကိစ္စရပ်များကို အစုအဖွဲ့အလိုက် အကြံပြုဆွေးနွေးကြသည်။



ဆက်လက်၍ စာပေယဉ်ကျေးမှုအဖွဲ့နှင့်စပ်လျဉ်းသည့် အခြားထည့်သွင်းလိုသောအချက်များ၊ သင်တန်းများသည် နွေရာသီအတွင်းဖွင့်လှစ်သည့် သင်တန်းမျိုးဖြစ်စေရေး၊ သင်တန်းကာလ၊ တိုင်းဒေသကြီးပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်ဆင့် သင်တန်းများတွင် အနည်းဆုံးရှိရမည့် သင်တန်းသားဦးရေ၊ တိုင်းရင်းသားစာပေသင်တန်းပို့ချခြင်းနှင့်စပ်လျဉ်းသည့် အခြားထည့်သွင်းလိုသည့် အချက်များ၊ ငွေကြေးထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များကို အစုအဖွဲ့အလိုက် အကြံပြုဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းရင်းသားစာပေသင်ကြားသော တိုင်းဒေသကြီး၊ ပြည်နယ်များရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ငွေကြေးထောက်ပံ့နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ဦးကျုန်လွမ်း၊ ဦးစောဗစ်တာခလိုက်၊ ဦးစိုင်းခမ်းနွတ်၊ ဦးဘအောင်၊ ဒေါက်တာစံလှကျော်၊ ဒေါ်နန့်ဝမ်းကြည်၊ ဦးစောနွဲ့ထွန်းဦးတို့က ဆွေးနွေးကြသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က တိုင်းရင်းသားစာပေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် ပတ်သက်၍ နိဂုံးချုပ်အမှာစကားပြောကြားသည်။

**မွေးကြူဇင် (သတင်းစဉ်)**

# ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင်ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးကြပါစို့

**ဒ ကျော်ခိုင်**

ကြားဖြတ်ရွေးကောက်ပွဲဆိုသည်မှာ လွှတ်တော်ပုံမှန်သက်တမ်း တစ်ရပ်အတွင်း မဲဆန္ဒနယ်တစ်ခုခု၌ ရွေးကောက်ပွဲရွှေ့ဆိုင်းထားရခြင်းကြောင့်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦး နုတ်ထွက်ခြင်း၊ ကွယ်လွန်ခြင်း၊ ဥပဒေနှင့်အညီလွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခံရခြင်း သို့မဟုတ် တာဝန်မှ ရုပ်သိမ်းခံရခြင်းကြောင့်ဖြစ်စေ လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် အခါအားလျော်စွာ ကော်မရှင်က သတ်မှတ်ကျင်းပသည့် ရွေးကောက်ပွဲကို ဆိုသည်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လက်ရှိပြဋ္ဌာန်းထားသော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများအရ ငါးနှစ်တစ်ကြိမ် လွှတ်တော်သက်တမ်းတစ်ရပ် ပြီးဆုံးချိန်တွင် အထွေထွေရွေးကောက်ပွဲကို ပုံမှန်ကျင်းပရန် ပြဋ္ဌာန်းထားသည်။

**ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် အချိန်ဇယားသတ်မှတ်ပုံ**

ကြားဖြတ်ရွေးကောက်ပွဲကျင်းပမှုနှင့် သက်ဆိုင်သည့် ရွေးကောက်ပွဲဥပဒေများကို ပြင်ဆင်သည့် ဥပဒေများအား ၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သည်။

ထိုပြင်ဆင်ချက်ဥပဒေတွင် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်လျှင် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌကကော်မရှင်သို့ အကြောင်းကြားသည့်နေ့မှစ၍ လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်အတွက် တစ်နှစ်အတွင်းတွင် အစားထိုးရွေးကောက်တင်မြှောက်ရန် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြီးဖြစ်ရမည်ဟု ဖော်ပြပါရှိသည်။

လွှတ်တော်ပုံမှန်သက်တမ်း၏ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ်များအတွက် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်သည့်အခါ ကြားဖြတ်ရွေးကောက်ပွဲကို ခြောက်လအတွင်း ကျင်းပပြီးဖြစ်ရမည်ဟု ပြဋ္ဌာန်းထားသည်။

ပုံမှန်လွှတ်တော်သက်တမ်း၏ ပဉ္စမနှစ်တွင် လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်ပါက ကြားဖြတ်ရွေးကောက်ပွဲကျင်းပခြင်းအတွက်မူ ထိုလွှတ်တော် ရွေးကောက်ပွဲဥပဒေများကို ပြင်ဆင်သည့် ဥပဒေများ၌ ပြဋ္ဌာန်းထားခြင်းမရှိပါ။

**လစ်လပ်ရသည့် အကြောင်းရင်း**

ပြည်သူ့လွှတ်တော်တွင် လစ်လပ် ကိုးနေရာ၊ အမျိုးသားလွှတ်တော်တွင် လစ်လပ် သုံးနေရာ၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များတွင် လစ်လပ် ခုနစ်နေရာ၊ စုစုပေါင်း လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာ အတွက် ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်သည်။

> **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သဘောတူညီချက်ဖြင့် ပြည်တွင်း/ပြည်ပမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များသည် အများယုံကြည်လက်ခံသော၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ဖြစ်စေရေးနှင့် ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲ ဖြစ်စေရေးအတွက် ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်လေ့လာကြမည်ဖြစ်**

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကျင်းပရသည့် အကြောင်းရင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) ရွေးကောက်တင်မြှောက်ခံ လွှတ်တော်ကိုယ်စားလှယ် ကွယ်လွန်သွားခြင်းကြောင့် လစ်လပ်သွားသည့် လွှတ်တော်ကိုယ်စားလှယ် သုံးနေရာ။

(၂) ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ ရှမ်းပြည်နယ်ရှိ မြို့နယ်ခုနစ်မြို့နယ်၊ မိုင်းရှူး၊ ကျေးသီး၊ မိုင်းလားမြို့နယ်များနှင့် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ လေးမြို့နယ် ပန်ဆန်း (ပန်းခမ်း)၊ နားဖန်း၊ ပန်ဝိုင်၊ မိုင်းမောတို့တွင် လုံခြုံရေးအခြေအနေကြောင့် ရွေးကောက်ပွဲကျင်းပနိုင်ခြင်း မရှိခဲ့ပါ။ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် အဆိုပါ ခုနစ်မြို့နယ်အနက် (မိုင်းရှူးနှင့် ကျေးသီး) နှစ်မြို့နယ်၌ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စီစဉ်ထားသည်။

ထိုနှစ်မြို့နယ်တွင် (ပြည်သူ့လွှတ်တော်အတွက် ကိုယ်စားလှယ်နှစ်နေရာ၊ ပြည်နယ်လွှတ်တော်အတွက် ကိုယ်စားလှယ်လေးနေရာ) စုစုပေါင်းကိုယ်စားလှယ် ခြောက်နေရာ ရွေးချယ်ရမည်ဖြစ်သည်။

(၃) ဒုတိယအကြိမ် လွှတ်တော်သက်တမ်းတွင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ရာထူးများအတွက် လွှတ်တော်ကိုယ်စားလှယ်များကို ခန့်အပ်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်ကိုယ်စားလှယ်များသည် ထိုသို့ ခန့်အပ်ခံရပါက လွှတ်တော်ကိုယ်စားလှယ်ဖြစ်ခြင်းမှ ပျက်ပြယ်ရသည်။ ထို့ကြောင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင် ကိုယ်စားလှယ် နေရာ ၁၀ နေရာ လစ်လပ်သွားသည်။

**လွှတ်တော်မဲဆန္ဒနယ်အလိုက် အကျုံးဝင်သောမြို့နယ်များ**

ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာရှိပြီး လွှတ်တော်အလိုက် အကျုံးဝင်သော မြို့နယ်ပေါင်း ၂၂ မြို့နယ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(၁) ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်**

(က) မုံရွာမြို့နယ်
(ခ) ချောင်းဆုံမြို့နယ်
(ဂ) အမ်းမြို့နယ်
(ဃ) လှိုင်သာယာမြို့နယ်
(င) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်
(စ) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်
(ဆ) ကော့မှူးမြို့နယ်
(ဇ) ကျေးသီးမြို့နယ်
(ဈ) မိုင်းရှူးမြို့နယ်

**(၂) အမျိုးသားလွှတ်တော်မဲဆန္ဒနယ်**

(က) ချင်းပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၃)၊ ထန်တလန်မြို့နယ်
(ခ) ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ် (၄)၊ ကျောက်တံခါးနှင့် ညောင်လေးပင်မြို့နယ်
(ဂ) ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၆)၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဆိပ်ကမ်း၊ လသာ၊ လှိုင်၊ လမ်းမတော်နှင့် အလုံမြို့နယ်

**(၃) တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်**

(က) ဖရူဆိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)
(ခ) ကျိုင်းတုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)
(ဂ) ကျေးသီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)နှင့် အမှတ်(၂)
(ဃ) ညောင်ရွှေမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)
(င) မိုင်းရှူးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)နှင့် အမှတ်(၂)



**မှတ်ချက်။** ။ပြည်သူ့လွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တို့တွင် လစ်လပ်နေရာများ တစ်ပြိုင်တည်းရှိနေသည့် တစ်ခုတည်းသော ပြည်နယ်မှာ ရှမ်းပြည်နယ်ဖြစ်သည်။ ရှမ်းပြည်နယ်ရှိ မိုင်းရှူးနှင့် ကျေးသီးမြို့နယ်တို့တွင် မဲဆန္ဒရှင်များသည် ပြည်သူ့လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အတွက် မဲလက်မှတ်နှစ်ခု ဆန္ဒပြုရမည်ဖြစ်သည်။ ကျန်မြို့နယ်များရှိ မဲဆန္ဒရှင်များမှာ သက်ဆိုင်ရာ လွှတ်တော်အလိုက် မဲလက်မှတ် တစ်ခုကိုသာ ဆန္ဒပြုရမည်ဖြစ်သည်။

**ကြားဖြတ်ရွေးကောက်ပွဲလျာထားလုပ်ငန်းစဉ် အချိန်စာရင်း**

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန်အတွက် လုပ်ငန်းစဉ်များကို အချိန်စာရင်း သတ်မှတ်လျာထား ဆောင်ရွက်ခဲ့ပါသည်။ လစ်လပ်မဲဆန္ဒနယ်များ ကြေညာခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ ကြေညာခြင်းနှင့်ရွေးကောက်ပွဲကိုယ်စားလှယ်ခန့်ထားခြင်း တို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ယခုကာလသည် အောက်ပါ လုပ်ငန်းစဉ်များ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် ဖြစ်ပါသည်-

၁။ မဲဆွယ်စည်းရုံးခွင့်ကာလ၊ ရက်ပေါင်း (၆၀) ၃၀.၁.၂၀၁၇ ရက်နေ့ နံနက် (၀၆း၀၀) နာရီမှ ၃၀.၃.၂၀၁၇ ရက်နေ့ ည (၁၂း၀၀)နာရီထိ
၂။ မဲဆွယ်စည်းရုံးခွင့် ရပ်နားထားရမည့် နေ့ရက်နှင့် အချိန် ၃၀.၃.၂၀၁၇ ရက်နေ့ည (၁၂း၀၀) နာရီမှ ၁.၄.၂၀၁၇ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြီးသည်အထိ
၃။ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့်နေ့ရက် ၁.၄.၂၀၁၇
၄။ ရွေးကောက်ခံရသော လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းများ ကြေညာပေးမည့် နေ့ရက် ၂.၄.၂၀၁၇မှ ၅.၄.၂၀၁၇ ထိ

**ဒုတိယအကြိမ် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ**

မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ၁၉၉၀ ပြည့်နှစ်၊ ၂၀၁၀ ပြည့်နှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် သုံးကြိမ်ကျင်းပခဲ့ပါသည်။ ပထမအကြိမ် လွှတ်တော်ကာလအတွင်း ကြားဖြတ်ရွေးကောက်ပွဲအနေဖြင့် ၂၀၁၂ ခုနှစ်တွင် တစ်ကြိမ်ကျင်းပခဲ့ပါသည်။ ယခုကျင်းပမည့် ၂၀၁၇ ခုနှစ် ရွေးကောက်ပွဲမှာ ဒုတိယအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ ဖြစ်ပါသည်။

**ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပပြီးနောက် လစ်လပ်မဲဆန္ဒနယ်ပေါင်း ၁၉ နေရာ လစ်လပ်ခဲ့ပါသည်။ လစ်လပ်မဲဆန္ဒနယ်များမှာ တိုင်းဒေသကြီး/ပြည်နယ်ရှစ်ခု (ကယား၊ ချင်း၊ စစ်ကိုင်း၊ ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ရှမ်း)၊ ခရိုင် ၁၃ ခု၊ မြို့နယ် ၂၂ ခု၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၇၂၇ ခုတို့ဖြစ်ပါသည်။ မဲပေးခွင့်ရှိသည့် ခန့်မှန်းမဲဆန္ဒရှင်ပေါင်း နှစ်သန်းကျော်ခန့်ရှိပါသည်။ ခန့်မှန်းမဲရုံအရေအတွက်မှာ ၂၀၀၀ ခန့်ရှိပါသည်။ ကြားဖြတ်ရွေးကောက်ပွဲတွင် ပါတီ ကိုယ်စားပြုနိုင်ငံရေးပါတီ ၂၄ ပါတီ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း ၈၇ ဦးနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းခုနစ်ဦး စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်လောင်း ၉၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပါသည်။

**ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့ ပါဝင်လေ့လာခွင့်ပြုခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သဘောတူညီချက်ဖြင့် ပြည်တွင်း/ ပြည်ပမှရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် အများယုံကြည်လက်ခံသော၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးနှင့် ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် ကြားဖြတ်ရွေးကောက်ပွဲတွင် ပါဝင်လေ့လာကြမည် ဖြစ်ပါသည်။

**မဲဆန္ဒရှင် သက်သေခံလက်မှတ်များထုတ်ယူရန် မေတ္တာရပ်ခံချက်**

မဲဆန္ဒရှင် သက်သေခံလက်မှတ်များကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ၁၇.၃.၂၀၁၇ ရက်နေ့မှ ၃၀.၃.၂၀၁၇ ရက်နေ့ နံနက် ၀၈း၀၀ နာရီမှ ညနေ ၀၆း၀၀ နာရီအထိ နေ့စဉ်ထုတ်ပေးသွားမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့် ကိုယ်တိုင် သို့မဟုတ် မိသားစုတစ်စုလျှင် အိမ်ထောင်ဦးစီး သို့မဟုတ် မိသားစုဝင်တစ်ဦးဦးမှ လာရောက်ထုတ်ယူကြရန် ဖြစ်ပါသည်။ မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို အောက်ပါ ရည်ရွယ်ချက်များဖြင့် ထုတ်ပေးခြင်း ဖြစ်ပါသည်-

(က) မဲဆန္ဒရှင် တစ်ဦးသည် မဲဆန္ဒရှင်သက်သေခံလက်မှတ်လက်ဝယ်ရရှိ ထားခြင်းအားဖြင့် မိမိအမည်မဲစာရင်းတွင် ပါဝင်ပြီး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရရှိကြောင်း သေချာခိုင်လုံစေရန်၊

(ခ) မဲဆန္ဒရှင်မှ ဆန္ဒမဲလာရောက်ထုတ်ယူရာတွင် မဲလက်မှတ်ထုတ်ပေးသူအနေဖြင့် မဲစာရင်းတွင် လွယ်ကူစွာရှာဖွေနိုင်ပြီး အချိန်ကုန် သက်သာစေရန်၊

(ဂ) မဲဆန္ဒရှင် သက်သေခံလက်မှတ်ပါ မိမိ၏ အချက်အလက်များ မှားယွင်းနေပါက သက်ဆိုင်ရာ မဲဆန္ဒရှင်ကိုယ်တိုင် ပြင်ဆင်ပေးနိုင်ရန်၊

(ဃ) သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအနေဖြင့် မဲဆန္ဒရှင်၏ မှန်ကန်သော အချက်အလက်များ မှန်ကန်စေရေးကို မဲစာရင်းတွင် ပြန်လည်ပြင်ဆင်နိုင်ရန်။

**မဲပေးကြပါစို့**

ရွေးကောက်ပွဲနေ့တွင် မဲဆန္ဒရှင် သက်သေခံလက်မှတ် မပါရှိပါကလည်း မဲစာရင်းတွင်ပါရှိက ဆန္ဒမဲပေးနိုင်ပါသည်။ ကြားဖြတ်ရွေးကောက်ပွဲသည် လစ်လပ်မဲဆန္ဒနယ်တွင်သာ ကျင်းပခြင်းဖြစ်ပြီး မဲဆန္ဒရှင်လည်း အကန့်အသတ်ရှိသဖြင့် အထွေထွေရွေးကောက်ပွဲကျင်းပသည့် ကာလနှင့် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပသည့်အခြေအနေမတူညီပါ။

အထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲတို့အတွက် ဥပဒေပြဋ္ဌာန်းချက်များမှာ များသောအားဖြင့် အတူတူပင်ဖြစ်သည်။ လစ်လပ်မဲဆန္ဒနယ် အနည်းငယ်အတွက်သာ ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပရသဖြင့် နိုင်ငံရေးအရ သက်ရောက်မှု မကြီးမားပေ။ သို့သော်လည်း ကြားဖြတ်ရွေးကောက်ပွဲများသည် နိုင်ငံရေးပါတီများနှင့် အစိုးရတို့အတွက် နောင်လာမည့် အထွေထွေရွေးကောက်ပွဲ မတိုင်မီ၌ အရေးကြီးသည့်အခန်းကဏ္ဍတစ်ခုဖြစ်ပါသည်။

ထို့အပြင် မဲဆန္ဒရှင် အနေဖြင့်လည်း မိမိတို့၏ မဲပေးပိုင်ခွင့် မဆုံးရှုံးစေရန်နှင့် မိမိတို့၏ ဆန္ဒနှင့်အညီ အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲမှသည် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်ရန်အတွက် မဲပေးကြပါစို့ဟု အကြံပြုတိုက်တွန်းနှိုးဆော်အပ်ပါသည်။

## ပဲခူး-ကျိုက်ထို-ဘားအံ အသွားအပြန် မိုင် ၂၆၀ တာဝေး စက်ဘီးပြိုင်ပွဲကျင်းပ



**ဘားအံ မတ် ၂၄**

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် Joy Trading Co.,Ltd တို့ ပူးပေါင်းကျင်းပသည့် ပဲခူး-ကျိုက်ထို-ဘားအံ-ပဲခူး အသွားအပြန် မိုင် ၂၆၀ တာဝေး စက်ဘီးပြိုင်ပွဲကို မတ် ၂၄ ရက် နံနက် ၆ နာရီခွဲတွင် ကျိုက်ထိုမြို့မှ တာလွှတ်ခဲ့ရာ နံနက် ၉ နာရီ ၃၄ မိနစ်တွင် ဘားအံမြို့ တက္ကသိုလ်ရှေ့တွင် ပန်းဝင်ကြောင်းသိရသည်။

ကျိုက်ထိုမြို့မှ ဘားအံမြို့သို့ ပြိုင်ပွဲဝင်လာသော စက်ဘီးအားကစားသမားများ ပန်းဝင်လာရာ ၃ နာရီ ၁၃ မိနစ် စံချိန်ဖြင့် ပန်းဝင်လာသော ပထမဆုရ ကိုသော်ဇင်ဦးနှင့် ဒုတိယဆုရ ကိုဇော်ဇော်အောင်၊ တတိယဆုရ ကိုကောင်းစည်သူတို့အား တာဝန်ရှိသူများကဆုများ ချီးမြှင့်ပေးခဲ့သည်။

အဆိုပါ စက်ဘီးပြိုင်ပွဲသည် မတ် ၂၃ ရက်နေ့က ပဲခူးမှ ကျိုက်ထိုသို့ လည်းကောင်း၊ မတ် ၂၄ ရက်တွင် ကျိုက်ထိုမှ ဘားအံသို့လည်းကောင်း စက်ဘီးစီးအားကစားဝါသနာရှင် ၇၀ ပါဝင်ယှဉ်ပြိုင်ကြပြီး မတ် ၂၅ ရက် နံနက် ၆ နာရီခွဲတွင် ဘားအံမှတစ်ဆင့် ကျိုက်ထိုသို့လည်းကောင်း၊ မတ် ၂၆ ရက်နေ့ နံနက်ပိုင်းတွင်ကျိုက်ထိုမှ ပဲခူးသို့ လည်းကောင်း ဆက်လက်၍ ယှဉ်ပြိုင်ကာ အပိုင်းလိုက် ယှဉ်ပြိုင်မှုများအား စံချိန်ယူ၍ ပဲခူးမြို့တွင် အပြီးသတ် မိုင် ၂၆၀ တာဝေး စက်ဘီးပြိုင်ပွဲဆုကို ချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# ကလေးစာပေပွဲတော်ကျင်းပရန် ပြင်ဆင်ထားရှိမှုများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကြည့်ရှုစစ်ဆေး

**ဘားအံ မတ် ၂၄**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်သည် ယနေ့ နံနက်ပိုင်းတွင် ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ကလေးစာဖတ်ခန်း၊ ပြတိုက်ငယ်၊ စာကြည့်တိုက်၊ Community Center ဖော်ဆောင်နေမှုနှင့် ရုံးလုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးက ကလေးစာဖတ်ခန်းတွင် ကလေးငယ်များ လွတ်လပ်ပျော်ရွှင်စွာဖြင့် မိမိနှစ်သက်ရာ ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားပေးရန်၊ ပြတိုက်ငယ်အတွင်း ရှေးဟောင်းရိုးရာပစ္စည်းများ စုံလင်စွာပြသနိုင်ရေး စည်းရုံးဆောင်ရွက်ရန်နှင့် တိုင်းရင်းသားစာပေပွဲတော် ကျင်းပသည့်အခါ ပါဝင်နိုင်ရန်အတွက် ကရင်ဘာသာစာပေများ၊ ရိုးရာဓလေ့အဆိုအမိန့် ဆိုရိုးစကား၊ စကားပုံများ၊ ပုံပြင်များ စုစည်းပြီး ထားရှိရန်၊ Community Center ဖော်ဆောင်မှုနှင့်ပတ်သက်၍ လူမှုရေးအသင်းအဖွဲ့များနှင့် တိုင်းရင်းသားအသင်းအဖွဲ့အစည်းများအား ဖိတ်ကြား၍ ဆောင်ရွက်ပေးရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများနှင့် ပြည်ထောင်စုရိပ်သာဧည့်ခန်းမ၌ တွေ့ဆုံ၍ ဘားအံမြို့တွင် ပြည်နယ်အစိုးရ ဦးဆောင်လျက် ကလေးစာပေပွဲတော်ကျင်းပပြီးစီးခဲ့မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများကို ဆွေးနွေးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ ထိန်လင်းနှင့် တာဝန်ရှိသူများနှင့်အတူ မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပမည့် ကလေးစာပေ ပွဲတော်ကျင်းပြုလုပ်ရန် ပြင်ဆင်ထားမှုကို လှည့်လည်ကြည့်ရှုပြီး **(အောက်ပုံ)** လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းမှာကြားခဲ့သည်။

**(ပြည်နယ် ပြန် / ဆက်)**






# ကလေးစာပေပွဲတော်(မော်လမြိုင်)တွင် ပြခန်းများ စုံစုံလင်လင် ကလေးများအတွက် စည်ကားသိုက်မြိုက်စွာ ပြသသွားမည်

**မော်လမြိုင် မတ် ၂၄**
ကလေးစာပေပွဲတော် မော်လမြိုင်ကို မတ် ၂၅ ရက် နံနက် ၉ နာရီတွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်သည်။ ကလေးစာပေပွဲတော်တွင် ကလေးများစာပေချစ်မြတ်နိုးစေရန် ရည်ရွယ်၍ ကလေးစာဖတ်ခန်းများအပြင် ကလေးများပျော်ရွှင်ပြီး ဉာဏ်ရည်ထက်မြက်စေမည့်အစီအစဉ်များလည်းပါဝင်ကြောင်း သိရသည်။

ထို့အပြင် ကလေးစာပေပွဲတော်အတွင်း ကလေးစာပေများစွာရေးသားခဲ့သည့် ဆရာကြီးမင်းသုဝဏ်၏ စာပေလက်ရာများ၊ မှတ်တမ်းဓာတ်ပုံများ၊ ကလေးစာအုပ်ပြခန်း၊ 3D ပြခန်း၊ ကလေးစာဖတ်ခန်း၊ နည်းပညာမိတ်ဆက်ပြခန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးပြခန်း၊ ပဟေဠိဉာဏ်စမ်းပြိုင်ပွဲ၊ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (SVA) တို့ ပူးပေါင်းသည့် ကလေးစာဖတ်ခန်း၊ မော်လမြိုင်မြို့နယ် ကိုယ်စားပြုစွန့်ပစ်ပစ္စည်းများကို အသုံးပြုပြီး KG ကျောင်းသား၊ကျောင်းသူများအတွက် ပြခန်းများ၊ ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်ရာ ကတိုး၊ ကော့နှတ်ရွာပြခန်း၊ ချောင်းဆုံမြို့နယ် ပြခန်း၊ကျိုက်ထိုကိုယ်စားပြု ကလေးလက်လုပ်ပစ္စည်းပြခန်း၊ ရေးမြို့နယ်ပညာရေးပြခန်း အစင်မိသားစု (ရေလုပ်ငန်း)၊ ဘီလင်းမြို့နယ် ဒေသထွက်ကုန်ပစ္စည်းများပြခန်း၊ မုဒုံမြို့နယ် ကိုယ်စားပြု KG ကျောင်းသား၊ ကျောင်းသူများအတွက် ပြခန်းများ၊ ကျိုက်မရောမြို့နယ် ကိုယ်စားပြုပြခန်းများ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် တစ်မူထူးခြားစွာဖြင့် ခေတ်အဆက်ဆက် ထုတ်ဝေခဲ့သော ကလေးစာပေများကိုလည်း ခင်းကျင်းပြသသွားမည်ဖြစ်သည်။ ကလေးစာပေနှင့်ပတ်သက်၍ ရှေ့ဆောင်လမ်းပြဖြစ်ခဲ့သည့် ကလေးစာပေရေးသားခဲ့ကြသည့် စာပေအနုပညာရှင်များ၏ ဓာတ်ပုံများကိုလည်း ထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**အောင်မင်းဟန်**

# မော်လမြိုင်မြို့ ကလေးစာပေပွဲတော်ကျင်းပမှုအပေါ် ကဏ္ဍအသီးသီးမှ ရှုမြင်ပြောကြားချက်များ

**ကလေးစာပေပွဲတော် မော်လမြိုင်ကို မတ် ၂၅ ရက် နံနက်ပိုင်းမှစတင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်ရာ ယင်းပွဲတော်တွင် ကဏ္ဍအသီးသီးမှ ပါဝင်ကြမည့်သူများ၏ ရင်တွင်းစကားသံများကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**ဦးကြည်ဝင်း(လောကမွန် ရည်ညွှန်းစာကြည့်တိုက်၊ ရန်ကုန်)**

ခေတ်အဆက်ဆက် ထုတ်ဝေခဲ့တဲ့ မြန်မာကလေးစာအုပ်တွေကို ပြသဖို့ လာရောက်ခြင်းဖြစ်ပါတယ်။ ယခု ကလေးစာပေပွဲတော်မှာ ကလေးစာပေစာအုပ် ၁၀၀ ကျော်ခန့် ပြသဖို့ ရည်ရွယ်ထားပါတယ်။ ကလေးစာပေများအနက် ခေတ်ကာလအစောဆုံးက ဆရာကြီး မင်းသုဝဏ်ရဲ့ "မောင်ခွေးဖို့" စာအုပ်ဖြစ်ပါတယ်။ အကြိမ်ကြိမ် ပြန်လည်ထုတ်ဝေရပြီး လွတ်လပ်ရေးရခါစအချိန် ၁၉၄၈ ခုနှစ်ခန့်က ထုတ်ဝေခဲ့ပါတယ်။ စစ်ကြိုခေတ်ကာလကတည်းက ပြုစုခဲ့ခြင်းဖြစ်ပါတယ်။ ခေတ်အဆက်ဆက် ကလေးစာပေကို မွန်ပြည်နယ်မှာ မပြသခင် ၂၀၁၆ ခုနှစ်၊ ရန်ကုန်မှာ ကျင်းပခဲ့တဲ့ နိုဘယ်လ် မြန်မာစာပေပွဲတော်မှာ အဓိက main theme အနေနဲ့ ကျွန်တော်တို့ ပြသခဲ့ပါတယ်။ မော်လမြိုင် စာပေအသိုင်းအဝိုင်းနဲ့ ပန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက သိုင်းသိုင်းဝိုင်းဝိုင်းဖြစ်စေဖို့ ဖိတ်ခေါ်လို့ ပါဝင်အားဖြည့်စေလိုတဲ့အတွက် လာရောက်ပြသခြင်းဖြစ်ပါတယ်။

**မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာ ထိန်လင်း**

ကလေးများကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေဖို့ ကျွန်တော်တို့အနေနဲ့ ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးခြင်းက နိုင်ငံတော်တည်ဆောက်ရေးအတွက် ရေရှည်ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ဒါ့အပြင် ကလေးများ၏ စာပေပွဲတော် ကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်က ကလေးတွေရဲ့ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်လာစေဖို့၊ တီထွင်ဖန်တီးလိုမှု စွမ်းအားရင့်သန်စေဖို့၊ နှုတ်မှုရေးရာ အလေ့အကျင့်ရစေဖို့၊ ကလေးများ စာပေနဲ့ရင်းနှီးပြီး ပျော်ရွှင်မှုကို စာဖတ်ခြင်းမှ ရရှိစေဖို့ဖြစ်ပါတယ်။ ကလေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေဖို့ ဆောင်ရွက်ပေးတဲ့အနေနဲ့ ယခုလို ကလေးစာပေပွဲတော်ကို အခြား တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း လုပ်ဆောင်ပေးသင့်ပါတယ်။

**ဆရာမဒေါ်ညိုညိုအေး သွေးသောက် အ.မ.က (မူလတန်းကျောင်းအုပ်)**

Recycle ပြခန်းပြသရခြင်းက မိမိတို့ KG တန်းအတွက် တီထွင်မှုကို ယခုပြခန်းအဖြစ် ပြသရခြင်းဖြစ်ပါတယ်။ ရောင်စုံစက္ကူကလေးများနဲ့ ပုံစံအမျိုးမျိုးခေါက်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်ထားတဲ့ ပြခန်းကလေး တစ်ခုဖြစ်ပါတယ်။ ပြခန်းမှာ ကလေးဖြစ်ဖြစ်၊ အခြားစိတ်ဝင်စားသူများ



ဒေါက်တာ ထိန်လင်း
မွန်ပြည်နယ် လူမှုရေးဝန်ကြီး



ဒေါက်တာအောင်မြတ်ကျော်စိန်



မအိကေဇင်

ဖြစ်ဖြစ် လာရောက်လေ့လာလိုပါက စက္ကူခေါက်ပုံခေါက်နည်းကအစ ပြသဖို့အတွက် လုပ်ကိုင်ဆောင်ရွက်ထားခြင်းဖြစ်ပါတယ်။ အခုလို KG ကလေးများနဲ့ သူငယ်တန်းကလေးများကို ပြုလုပ်ပေးတဲ့အတွက် ကလေးတွေရဲ့ တီထွင်မှုတွေ၊ စဉ်းစားဉာဏ်တွေ၊ ကြံဆမှုတွေမှ ထွက်ပေါ်လာတဲ့ ပုံများကိုကြည့်ပြီး ရင်တွင်းက ခံစားချက်တွေကို သိရှိနိုင်ပါတယ်။ ကလေးများကို ပျော်ရွှင်စေလိုတဲ့ ဆန္ဒနဲ့ ပြုလုပ်ရခြင်းဖြစ်ပါတယ်။

**မအိကေဇင်၊ အ.ထ.က (၉) မော်လမြိုင်**

အခုလို ကလေးစာပေပွဲတော် ပြုလုပ်တဲ့အတွက် ပျော်ရွှင်ပါတယ်။ စာအုပ်တွေ၊ ပုံပြင်တွေဖတ်ရမယ့်အတွက် လည်းဝမ်းသာပါတယ်။ ပွဲတော်ကို ကျောင်းပိတ်ချိန်မှာ ပြုလုပ်မယ်ဆိုပါက ပိုမိုကောင်းမွန်မယ်လို့ ထင်ပါတယ်။ ကျောင်းဖွင့်ချိန်ဆို စာမေးပွဲများနဲ့ ရှုပ်နေမယ်လို့ ထင်ပါတယ်။ ကျောင်းပိတ်ချိန်မှ လွတ်လွတ်လပ်လပ် စာဖတ်လို့ရမယ်။ ကာတွန်း၊ ပုံပြင်စာအုပ်တွေကို ဖတ်ရတာ နှစ်သက်ပါတယ်။

**ဒေါ်ကေခိုင်ညွန့် (ကထိက၊ သချ်ာဌာန၊ မော်လမြိုင်တက္ကသိုလ်)**

အခုလို ကလေးစာပေပွဲတော်ကျင်းပပေးတာ ကလေးတွေအတွက် အလွန်ကောင်းမွန်ပါတယ်။ ကျွန်မရဲ့ သမီးကလည်း စာအုပ်၊ စာပေတွေ စိတ်ဝင်စားတဲ့အတွက် အခုလိုပွဲတော်မျိုး များများရှိစေလိုပါတယ်။ ကလေးတွေနဲ့ သက်ဆိုင်တဲ့ စကားပြောပြိုင်ပွဲတွေ၊ စကားရည်လုပွဲ၊ ကျပန်းစကားပြောပွဲတွေကို ပိုပြီးသဘောကျပါတယ်။ အခုလို ကလေးစာပေပွဲတော်ကို မကြာခဏကျင်းပပေးရင် ပိုပြီးကောင်းမယ်လို့ ထင်မြင်ပါတယ်။

**ဒေါက်တာအောင်မြတ်ကျော်စိန် တာဝန်ခံပါမောက္ခချုပ် မော်လမြိုင်တက္ကသိုလ်**

အခုပွဲဟာ အဖိုးမဖြတ်နိုင်တဲ့ပွဲဖြစ်ပါတယ်။ ကျွန်တော်တို့ တက္ကသိုလ်အနေနဲ့ ဒီနေရာမှာလုပ်တာကို အများကြီးသင့်လျော်တယ်လို့ ထင်ပါတယ်။ အခုပွဲက နိုင်ငံတော်အဆင့်ဖြစ်ပါတယ်။ ကျွန်တော်သိရသလောက်ဆို ဘားအံ၊ မော်လမြိုင်၊ မြဝတီ၊ ဖျာပုံ၊ စစ်တွေမြို့တွေမှာလည်း လုပ်ဆောင်နေပါတယ်။ သက်ဆိုင်ရာ အစိုးရ offer နဲ့ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှာလည်း ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းလုပ်ဆောင်ပြီး တစ်နှစ်ပတ်လုံး ရက်၊ လခြားကာ နိုင်ငံတော်အဆင့်အပြင် ပြည်နယ်နဲ့ တိုင်းဒေသကြီးအဆင့်များမှာလည်း တစ်နှစ်ပတ်လုံး လုပ်ဆောင်သွားမယ်ဆိုရင် မြို့နယ်တွေမှာလည်း ဆက်တိုက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

**ဦးဣန္ဒဝံသ၊ သထုံ၊ ဘုရားလေးပရိယတ္တိစာသင်တိုက်၊ အလိမ္မာပျိုးခင်းစာကြည့်တိုက်၊ သထုံခရိုင်၊ နောင်ကုလားရွာကြီး**

ဦးပဋ္ဌင်းက သထုံမြို့နယ်မှာ စာကြည့်တိုက်များ ကွန်ရက်ဆိုပြီး ဖွဲ့စည်းထားပါတယ်။ ကလေးတွေကိုလည်း YPC စာပေမြတ်နိုးသူများအဖွဲ့ဆိုပြီး အပတ်စဉ်စာပေဆွေးနွေးတာတွေ လုပ်နေပါတယ်။ အဓိကရည်ရွယ်ချက်က စာပေဖွံ့ဖြိုးရေးအတွက် ဖြစ်တယ်။ ကလေးတွေ စာဖတ်ချင်စိတ်ဖြစ်လာစေဖို့၊ စာပေနဲ့ ရင်းနှီးလာစေဖို့၊ စာပေနဲ့ဘဝ မြှင့်တင်ပေးတဲ့ပွဲလည်း ဖြစ်ပါတယ်။ ကလေးတွေကိုယ်တိုင် ပါဝင်ဆောင်ရွက်ရတဲ့အတွက် သူတို့ရဲ့ ဉာဏ်ရည် ဉာဏ်စွမ်းများကို အခုလိုပွဲမျိုးမှာ ထုတ်ဖော်ပြသခွင့်ရလာပါတယ်။ အဲ့ဒါကြောင့် ပိုမိုစိတ်ဝင်စားလာပြီး ကလေးစာပေပွဲတော်ဟာ ကလေးတွေအတွက် စာပေဘက်ကို ပိုမိုရင်းနှီးလာမှာဖြစ်တယ်လို့ ထင်မြင်ယူဆမိပါတယ်။

**အောင်မင်းဟန်နှင့် အဖွဲ့**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေပြဋ္ဌာန်း

**၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အမျိုးသားစီမံကိန်းဥပဒေ**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆။)**
**၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက်)**

**နိဒါန်း**

နိုင်ငံတော်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော အစဉ်အဆက်မပြတ် တိုးတက်မှုရရှိစေရန်ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ စနစ်တကျ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ၂၀၁၇ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ပြည်ထောင်စုဝန်ကြီးဌာန/ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတိုငါးနှစ်စီမံကိန်းများနှင့် အဆိုပါစီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများပါဝင်သည်။ အမျိုးသားစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာကို အခြေခံသော စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းစသည့် လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပထမခြောက်လပတ်အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယခြောက်လပတ် အကောင်အထည်ဖော်နိုင်မည့် အခြေအနေတို့ကို ပေါင်းစပ်ခန့်မှန်းထားခြင်းဖြစ်ပါသည်။

(ဃ) **ပုံမှန်စျေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။

(င) **နှစ်အလိုက်စျေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက်ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများ၏ စျေးနှုန်းဖြစ်သည်။

(စ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ**ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများကို ဆိုသည်။

**အခန်း(၂)**

**စီမံကိန်းရည်မှန်းချက်များ**

၄။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်စျေးနှုန်းအရ ၇.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(ခ) ပုံမှန်စျေးနှုန်းများအရ-

(၁) လယ်ယာကဏ္ဍတွင် ၄.၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၂) သားငါးကဏ္ဍတွင် ၃.၄ ရာခိုင်နှုန်းတိုးတက်ရန်၊
(၃) သစ်တောကဏ္ဍတွင် ၃၄.၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၄) စွမ်းအင်ကဏ္ဍတွင် ၃.၉ ရာခိုင်နှုန်းတိုးတက်ရန်၊
(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၆.၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၁.၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၄.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၆.၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇.၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၄.၆ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၁၁.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၄.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၃) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၂.၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၇.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်စျေးနှုန်းအရ -

(၁) ကချင်ပြည်နယ်တွင် ၆.၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၂) ကယားပြည်နယ်တွင် ၁.၆ ရာခိုင်နှုန်းတိုးတက်ရန်၊
(၃) ကရင်ပြည်နယ်တွင် ၆.၇ ရာခိုင်နှုန်းတိုးတက်ရန်၊
(၄) ချင်းပြည်နယ်တွင် ၄.၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၈.၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၄.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၇) ပဲခူးတိုင်းဒေသကြီးတွင် ၆.၀ ရာခိုင်နှုန်းတိုးတက်ရန်၊
(၈) မကွေးတိုင်းဒေသကြီးတွင် ၇.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၉) မန္တလေးတိုင်းဒေသကြီးတွင် ၇.၂ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၀) မွန်ပြည်နယ်တွင် ၅.၃ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၁) ရခိုင်ပြည်နယ်တွင် ၄.၁ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၈.၅ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၃) ရှမ်းပြည်နယ်တွင် ၅.၈ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၆.၄ ရာခိုင်နှုန်းတိုးတက်ရန်၊
(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၅.၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဃ) စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်စျေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၅.၃ ရာခိုင်နှုန်းမှ ၂၃.၈ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၄.၉ ရာခိုင်နှုန်းမှ ၃၅.၉ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၉.၈ ရာခိုင်နှုန်းမှ ၄၀.၃ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊

(င) နှစ်အလိုက်စျေးနှုန်းများအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၆၅၃၀၄.၁ ဘီလီယံဖြစ်ပေါ်ရန်၊

(စ) နှစ်အလိုက်စျေးနှုန်းများအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၁.၇၁ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀.၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၈.၂၈ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက်စျေးနှုန်းများအရ ပြည်ပပို့ကုန်ကို ကျပ် ၁၆၅၉၀.၀ဘီလီယံ တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၁၇၇၇၅.၀ဘီလီယံ တင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per Capita GDP)ကို နှစ်အလိုက်စျေးနှုန်းအရ ကျပ် ၁၅၃၃၂၀၅ မှ ကျပ် ၁၇၁၀၅၈၂သို့ ဖြစ်ပေါ်လာရန်။

**အခန်း(၃)**

**အထွေထွေ**

၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပုဒ်မ ၄ ပါ အပိုဒ်ခွဲ... ပူးတွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)နှင့်(၇)တို့တွင်ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိပေါင်းစပ်ဖွဲ့စည်းအကောင်အထည်ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်သည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက်လက်ငင်း၊ ရေတိုနှင့်ရေရှည် အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှု ရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများဖြစ်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ဤဥပဒေအရထုတ်ပြန်သည့် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသည့် နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

*(ပူးတွဲပါဇယားများကို ဆက်လက်ဖော်ပြပါမည်)*

# ဖျာပုံမြို့ကလေးစာပေပွဲတော် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာဆင်နွှဲ

**ဖျာပုံ မတ် ၂၄**

အနာဂတ်နိုင်ငံတော်၏ ရင်နှစ်သည်းချာယနေ့လူငယ်လေးများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဉာဏ်ရည်ဉာဏ်သွေးများ တိုးတက်လာစေရန် ရည်ရွယ်လျက် ဖျာပုံခရိုင်၏ ကလေးစာပေပွဲတော်ကို မတ် ၂၄ ရက်က ဖျာပုံမြို့ အထက(၁)၌ ကျင်းပရာ ကျောင်းသားကျောင်းသူများ စိတ်ပါဝင်စား ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

အဆိုပါစာပေပွဲတော်တွင် ကလေးများအတွက် မူလတန်း၊ အလယ်တန်း ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲများ ကျင်းပပေးခဲ့ရာ ကလေးငယ် ၂၀၀ခန့် စိတ်ပါဝင်စားစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေသော ကစားနည်းများကို ကျောင်းအသီးသီးမှ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူလေးများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြသည်။

“မူလက ပြိုင်ပွဲတစ်မျိုးကို ကလေး ၃၀ သာ ယှဉ်ပြိုင်စေဖို့ လျာထားခဲ့ပေမယ့် တက်ရောက်လာတဲ့ ကလေးတွေရဲ့ စိတ်ဝင်စားမှုများနေတဲ့အတွက် ပြိုင်ပွဲဝင်ဦးရေကို သုံးဆလောက်တိုးပြီး လက်ခံယှဉ်ပြိုင်စေခဲ့ပါတယ်။ ပထမအကြိမ်ဖြစ်ပေမယ့် အခုလောက် စိတ်ဝင်စားကြတာ ဝမ်းသာစရာကောင်းနေပါပြီလို့ ဖျာပုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မာမာလွင်က ပြောသည်။

ဖျာပုံမြို့တွင် ကျင်းပခဲ့သည့် ကလေးစာပေပွဲတော်တွင် ကလေးငယ်များအတွက် စာအုပ် စျေးလျှော့ရောင်းချပွဲတော်ကိုလည်း ထည့်သွင်းကျင်းပပေးပြီး ပြိုင်ပွဲဝင်ကလေး ၉၀ အား ဦးအောင်ခိုင်ဝင်းနှင့် ဇနီး ဒေါ်နီလာမိုး မိသားစုက တစ်ဦးလျှင် ငွေကျပ် ၂၀၀၀ နှုန်း ဂုဏ်ပြုဆုနှင့် ပဲနို့အာဟာရတိုက်ကျွေးခြင်း၊ ပြိုင်ပွဲဝင်ကလေးအားလုံးကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အမှတ်တရစာအုပ် လက်ဆောင်ပေးခြင်း၊ ပရိမီယာကုမ္ပဏီမှ နွားနို့တိုက်ကျွေးခြင်းများဖြင့် ပူးပေါင်းပါဝင်ဂုဏ်ပြုခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

## ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှုအမှတ် (၁/၂၀၁၇)အား ဧပြီ ၁၁ ရက်တွင် အပြီးသတ်အမိန့်ချမှတ်မည်

**နေပြည်တော် မတ် ၂၄**

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၁၂)မှ လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးလှဆွေ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)က ယင်းမဲဆန္ဒနယ်၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပြုံးလွင်(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)အပေါ် ကန့်ကွက်လွှာတင်သွင်းခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လက်ခံခဲ့ပြီး ရွေးကောက်ပွဲခုံအဖွဲ့(၄)ဖြင့် ကြားနာစစ်ဆေးခဲ့ရာ လျှောက်ထားသူ၏ ကန့်ကွက်လွှာအား စရိတ်နှင့်တကွပယ်ကြောင်း ဆုံးဖြတ်ချက် (အမိန့်)ချမှတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်(အမိန့်)အပေါ် လျှောက်ထားသူ ဦးလှဆွေမှ ကျေနပ်မှုမရှိသဖြင့် အယူခံမှု လျှောက်ထားတင်ပြလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ် (၁/၂၀၁၇) ဖြင့် လက်ခံခဲ့ပြီး ဖြစ်သည်။

ယင်းအမှုကို အမျိုးသားလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၁၀၁ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်များဖြစ်ကြသည့် ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်တို့ပါဝင်သည့် စုံညီခုံရုံးရှေ့မှောက်၌ မတ် ၂၄ ရက် (သောကြာနေ့)တွင် နှစ်ဖက်လျှောက်လဲချက်များနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ရုံးတော်သဟာယ၏ဥပဒေအကြံဉာဏ်ပေးချက်များကို ကြားနာပြီး ဧပြီ ၁၁ ရက်တွင် အပြီးသတ် အမိန့်ချမှတ်မည်ဖြစ်ကြောင်း သိရှိရသည်။ ( **သတင်းစဉ်** )

# နေပြည်တော်လုပ်ငန်းစိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မတ် ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီနှင့် နေပြည်တော်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်သည့် ဌာနဆိုင်ရာများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အစည်းအဝေးတွင် နေပြည်တော်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးတင်ထွဋ်က ပြည်ထောင်စုနယ်မြေအတွင်း ပြည်ထောင်စုရန်ပုံငွေနှင့် နေပြည်တော်ကောင်စီရန်ပုံငွေတို့ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အဆောက်အအုံလုပ်ငန်းများ၊ ရေရရှိရေး၊ မီးလင်းရေး၊ လမ်း၊ တံတားအစရှိသည့် တည်ဆောက်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကာလသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်ဆုံးရန် ရက်ပိုင်းသာလိုတော့သည်ဖြစ်သည့်အတွက် ဆောင်ရွက်သည့်လုပ်ငန်းများ အရည်အသွေးပြည့်မီစွာပြီးစီးရေး၊ နိုင်ငံတော်သို့ ပေးသွင်းရမည့် ကုန်သွယ်လုပ်ငန်းခွန်နှင့် ပင်ရင်းမှနုတ်ယူပေးသွင်းရမည့် အခွန်ငွေများလစ်ဟာကျန်ရှိမှုမရှိဘဲ အပြည့်အဝပေးဆောင်ရေးတို့အတွက် အရေးကြီးကြောင်း။

လုပ်ငန်းများစိစစ်ဆောင်ရွက်ရာတွင် အပိုင်းနှစ်ပိုင်းရှိပါကြောင်း၊ နေပြည်တော်ကောင်စီရန်ပုံငွေများကို နေပြည်တော်တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီမှ စစ်ဆေးခြင်းဖြင့် ဆောင်ရွက်သောလုပ်ငန်း၊ ပြည်ထောင်စုဝန်ကြီးဌာန ရန်ပုံငွေဖြင့် ဆောင်ရွက်သော လုပ်ငန်းများအား ဆောက်လုပ်ရေးဝန်ကြီးဌာနရှိ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီမှ စိစစ်အတည်ပြုချက်ကျပြီးမှ သက်ဆိုင်ရာတင်ဒါအောင်မြင်သည့် ကုမ္ပဏီများသို့ အပြီးသတ်ငွေပေးချေမှုဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ငွေပေးချေရာတွင် တင်ဒါလုပ်ထုံးလုပ်နည်း လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ငွေလုံးငွေရင်းလုပ်ငန်းများတွင် လုပ်ငန်းအရည်အသွေး စိစစ်ရေးအပိုင်းနှင့် ငွေပေးချေရေးအပိုင်းတို့ကို အထူးဂရုပြုဆောင်ရွက်စေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသော သက်ဆိုင်ရာကော်မတီများ၊ ဌာနဆိုင်ရာများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်းများအရည်အသွေးပြည့်ဝစွာဖြင့် အချိန်မီပြီးစီးရေးဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

## အမ်းမြို့၌ ကြားဖြတ်ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**အမ်း မတ် ၂၄**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် မဲဆန္ဒနယ်တွင် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၄ ရက် နံနက် ၁၀ နာရီက အမ်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ပြုလုပ်သည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်၊ အမ်းမြို့နယ် တာဝန်ခံဦးမောင်ဖြူက ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် နီးကပ်လာပြီဖြစ်သဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းအဆင့်ဆင့်စီမံဆောင်ရွက်ထားရှိ မှုအခြေအနေကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအနေဖြင့် မိမိကြီးကြပ်တာဝန်ပေးအပ်ခံရသော ကျေးရွာအုပ်စုများသို့ ကွင်းဆင်းလျက် လိုအပ်ချက်များအား ဖြည့်စွက်ညှိနှိုင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ မဲရုံတည်နေရာအလိုက် မဲရုံကြိုတင်ပြင်ဆင်ထားမှုလုပ်ငန်းများ သတ်မှတ်ချက်နှင့်အညီ စနစ်တကျ ရှိ/မရှိ အခြေအနေတို့ကို စစ်ဆေးကြပ်မတ်ပေးရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသာညွန့်၊ မြို့နယ်ကော်မရှင် ဦးစီးအရာရှိ ဦးခိုင်မျိုးလင်းက ကြားဖြတ်ရွေးကောက်ပွဲအတွင်း ပြင်ဆင်ထားရှိမှုအခြေအနေကို တင်ပြဆွေးနွေးပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ကျေးရွာအုပ်စုများ၌ ကွင်းဆင်းရာတွင် မြေပြင်တွေ့ကြုံနိုင် မည့်အခက်အခဲ၊ မဲရုံပြင်ဆင်မှုကို ကွင်းဆင်းစစ်ဆေးရာတွင် လိုအပ်ချက်များအား တင်ပြဆွေးနွေးကြရာ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှင့် ခရိုင်ကော်မရှင်အရာ ရှိ ဦးဌေးအောင်ခိုင်တို့က ဖြည့်စွက်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဦးကိုနီအား လုပ်ကြံမှုဖြင့် ဖမ်းဆီးခံထားရသူများကို ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတွင် ရုံးထုတ်စစ်ဆေး

**ရန်ကုန် မတ် ၂၄**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုနှင့် ပတ်သက်ပြီး သေနတ်သမား ကြည်လင်းနှင့်အတူ ပါဝင်ပတ်သက်သူများဖြစ်သော အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်လင်းထွန်းတို့ကို ယနေ့နံနက် ၁၀ နာရီက အင်းစိန်မြို့နယ်ရှိ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးတွင် ဒုတိယအကြိမ် ရုံးထုတ်စစ်ဆေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

၎င်းတို့ကို စွပ်စွဲထားသော ပုဒ်မများနှင့်ပတ်သက်ပြီး ရာဇဝတ်ကြီးအမှုအမှတ် ၄၆/၂၀၁၇ တွင် လက်နက်ဥပဒေပုဒ်မ ၁၉(ဃ)(စ)တို့အရ တရားလိုဖြစ်သူဒုရဲမှူး မြတ်ထွန်းကျော်ကို အမှုစစ်ဆေးခဲ့ပြီး တရားစွဲဆိုခံထားရသူများဘက်မှ အမှုလိုက်ပါမည့်ရှေ့နေများ အမှုလိုက်ပါဆောင်ရွက်ခွင့်ကို တင်ပြခဲ့သည်။ ဆက်လက်၍ ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ အမှု၏ တရားလိုဖြစ်သော ရဲအုပ် မိုးနိုင်အား မတ် ၃၁ ရက် (သောကြာနေ့)တွင် ဆက်လက်စစ်ဆေးမည်ဖြစ်ကြောင်း ဒုတိယခရိုင် တရားသူကြီး သတင်းနှင့် ပြန်ကြားရေး အရာရှိ ဦးခင်မောင်မြင့်ထံမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**မျိုးမင်းသိန်း(မရမ်းကုန်း)**



## အစာအဆိပ်သင့်ပြီး မူးဝေအော့အန်ကာ မြောင်းမြပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာသူ ကျေးရွာပြည်သူများ သက်သာကောင်းမွန်၍ နေရပ်သို့ပြန်

**မြောင်းမြ မတ် ၂၄**

အလှူထမင်းဟင်းစားပြီး အစာအဆိပ်သင့်ဖြစ်ကာ မူးဝေအော့အန်ပြီး မတ် ၂၃ ရက် ည ၈ နာရီခန့်က မြောင်းမြပြည်သူ့ဆေးရုံသို့ ရောက်ရှိလာသော ကျေးရွာပြည်သူများ ဆေးကုသမှုခံယူပြီး သက်သာကောင်းမွန်လာသောကြောင့် ယနေ့ နံနက် ၇ နာရီခွဲခန့်က ကျေးရွာဒေသများဆီသို့ ပြန်ကြပြီဖြစ်ကြောင်း သိရသည်။

မူးဝေအော့အန်ကာ အစာအဆိပ်သင့် ကျေးရွာပြည်သူများကို မြောင်းမြခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက ကူညီဆောင်ရွက်ခဲ့ကြပြီး မြောင်းမြခရိုင် ပြည်သူ့ဆေးရုံအုပ်နှင့် တာဝန်ရှိဆရာ ဆရာမများ၊ သူနာပြုများ၊ ပြင်ပပုဂ္ဂလိကဆေးရုံများမှ ဆရာဝန်များ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ ဆရာဝန်များက အနီးကပ်ကြီးကြပ်ဆောင်ရွက်ကုသပေးမှုကြောင့် ယမန်နေ့ ည ၈ နာရီခန့်မှ နံနက် ၁ နာရီအထိ ဆေးကုသမှုခံယူရန် ကလေး၊ လူကြီး လူနာပေါင်း ၃၈၇ ဦးတို့ကို ပြုစုကုသမှုပေးခဲ့ပြီး ယနေ့ နံနက် ၇ နာရီခွဲခန့်တွင် သက်သာပျောက်ကင်း၍ နယ်မြေခံတပ်ရင်းမှ တပ်မတော် မော်တော်ယာဉ်များ၊ ပရဟိတအသင်းများမှ မော်တော်ယာဉ်များက နေရပ်ပြန်ရန် စီစဉ်ပို့ဆောင်ပေးလျက်ရှိပြီး **(အောက်ပုံ)** ဆက်လက်ဆေးကုသမှုခံယူရန် လူနာရှစ်ဦးမှလွဲ၍ နေရပ်သို့ ပို့ဆောင်ပေးလျက်ရှိကြောင်း၊ ကျန်လူနာ ရှစ်ဦးမှာလည်း စိုးရိမ်စရာအခြေအနေမရှိ၍ ညနေပိုင်းတွင် ဆေးရုံမှ ဆင်းနိုင်မည်ဖြစ်ကြောင်း မြောင်းမြပြည်သူ့ဆေးရုံ၊ ဒုတိယခရိုင် ကျန်းမာရေးမှူး ဒေါက်တာ စိုးသက်၏ ပြောကြားချက်အရ သိရသည်။

မြောင်းမြမြို့နယ် အိမ်တစ်လုံးကျေးရွာတွင် အလှူရှင်တစ်ဦးက လှူဒါန်းကျွေးမွေးသော ငါးသလောက်ပေါင်းနှင့် မဲဇလီဟင်းကို စားသုံးမိပြီး အလှူပွဲလာ အနီးအနားကျေးရွာပြည်သူ ၃၈၇ ဦးတို့ အစာအဆိပ်သင့်မှုဖြစ်ကာ မူးဝေအော့အန်ပြီး မြောင်းမြပြည်သူ့ဆေးရုံသို့ ဆေးကုသမှုခံယူရန် ရောက်ရှိလာခြင်းဖြစ်သည်။ **အောင်မင်း (မြောင်းမြ)**




## အစာအဆိပ်သင့်မှုမဖြစ်ပွားစေရေး နှိုးဆော်ချက်

အစာအဆိပ်သင့်မှုသည် ရောဂါပိုးများပါဝင်သော မသန့်ရှင်းသည့် အစားအသောက်များကို စားသုံးမိခြင်းကြောင့် အများဆုံးဖြစ်ပွားတတ်ပါသည်။ အစာအဆိပ်သင့်မှုမဖြစ်ပွားစေရန်အတွက်

**အစားအသောက်ပြင်ဆင်ချက်ပြုတ်သူများ လိုက်နာရန်**

၁။ အစာမစားမီ၊ အစားအစာများကို ကိုင်တွယ်ချက်ပြုတ်ခြင်းမပြုမီနှင့် အိမ်သာအသုံးပြုပြီးချိန်များတွင် လက်များအား ဆပ်ပြာဖြင့် သေချာစွာဆေးကြောပါ။
၂။ အိုးခွက်၊ ပန်းကန်များ၊ စဉ်းတီတုံးများအပါအဝင် မီးဖိုချောင်ပစ္စည်းများ၏ သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
၃။ ချက်ပြုတ်ပြီး အစားအစာနှင့် မချက်ပြုတ်ရသေးသော အစားအစာများအား သီးခြားစီ ထားရှိပါ။
၄။ အစားအစာများ ချက်ပြုတ်ရာနှင့် ပန်းကန်များ ဆေးကြောရာတွင် သန့်ရှင်းသော ရေကိုသာသုံးစွဲပါ။
၅။ အစားအစာများကို ကျက်အောင်ချက်ပြုတ်၍ လတ်လတ်ဆတ်ဆတ်နှင့် ပူပူနွေးနွေးစားသုံးပါ။
(ချက်ချင်းမစားသုံးဖြစ်ပါက ပွက်ပွက်ဆူအောင်နွှေးပြီးမှ စားသုံးပါ။)

**အစားအသောက်ရောင်းချသူများအနေဖြင့် အထူးလိုက်နာရန်**

၆။ ဝမ်းပျက်ဝမ်းလျှောနှင့် ဝမ်းကိုက်ရောဂါဖြစ်ပွားနေသူများ၊ အရေပြားတွင် အနာရှိသူများနှင့် ဖျားနာနေသူများအနေဖြင့် အစားအစာများကို ပြင်ဆင်ချက်ပြုတ်ခြင်းနှင့် ကိုင်တွယ်ရောင်းချခြင်းတို့မှ ရှောင်ကြဉ်ပါ။

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ အချိန်မီ သတင်းပေးပို့ခြင်းနှင့် ထိရောက်သော ကုသမှု ခံယူခြင်းတို့ကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ဘင်္ဂလားဒေ့ရှ် နိုင်ငံတော်ဗဟိုဘဏ်အဆောက်အအုံမီးလောင်

**ဒါကာ မတ် ၂၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ၏ မြို့လယ် မိုတီဟီးလ် စီးပွားရေးခရိုင်ရှိ နိုင်ငံတော်ဗဟိုဘဏ် ၃၁ ထပ်တိုက် အဆောက်အအုံတွင် ယမန်နေ့က မီးအကြီးအကျယ်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း မီးသတ်ဝန်ထမ်းတစ်ဦးက ပြောကြားခဲ့သည်။

အမည်မဖော်လိုသူ မီးသတ်ဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဗဟိုဘဏ် အဆောက်အအုံ၏ ၁၃ လွှာတွင် မတ် ၂၃ရက် ဒေသစံတော်ချိန် ည ၉ နာရီ ၄၅မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးငြိမ်းသတ်ရန် မီးသတ်ယာဉ် ၁၄ စီး စေလွှတ်ပေးခဲ့ကြောင်း ပြောကြားခဲ့သည်။



မီးလောင်မှုသည် ဗဟိုဘဏ် အဆောက်အအုံ၏ ၁၂ လွှာနှင့် ၁၄ လွှာတို့ကို ကူးစက်လောင်ကျွမ်းခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။ မီးလောင်မှုကြောင့် သေဆုံးမှုသတင်းမရရှိသေးကြောင်း သိရပြီး မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကိုလည်း သိရှိရခြင်းမရှိသေးကြောင်း သိရသည်။

ဗဟိုဘဏ်အဆောက်အအုံသည် အမြင့် ၁၁၅ မီတာ (၃၇၇ပေ) ရှိကာ အထပ်ပေါင်း ၃၁ ထပ်ပါရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အစောပိုင်းအမြင့်ဆုံးအဆောက်အအုံများအနက် တစ်ခုဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# လန်ဒန်တိုက်ခိုက်မှု တရားခံမှာ ခါလစ်မာစွတ်ဖြစ်ကြောင်း ရဲတပ်ဖွဲ့ထုတ်ဖော်

**လန်ဒန် မတ် ၂၄**

လန်ဒန်မြို့လယ် ဝက်ဘ်မင်းစတား တံတားအနီး မတ် ၂၂ရက်က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုတွင် အဓိကတရားခံအဖြစ် ရဲတပ်ဖွဲ့ကယူဆထားသူမှာ ခါလစ်မာစွတ်ဆိုသူဖြစ်ကြောင်း စကော့တလန်ယာဒ် မြို့ပြရဲဌာနချုပ်က မတ် ၂၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အသက် ၅၂ နှစ်အရွယ်ရှိ မာစွတ်သည် ကင့်စီရင်စုတွင် မွေးဖွားခဲ့ပြီး West Midlands စီရင်စုတွင် မကြာသေးမီကာလများက နေထိုင်ခဲ့ကြောင်း စုံထောက်များက ပြောကြားသည်။

ထုတ်ပြန်ချက်၌ မြို့ပြရဲတပ်ဖွဲ့က အကြမ်းဖက်တိုက်ခိုက်မှု ကျူးလွန်ရန် မာစွတ်၏ ရည်ရွယ်ချက်အား ကြိုတင်ထောက်လှမ်းနိုင်မှုမရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

သို့သော် မာစွတ်သည် တရားမဝင်လက်နက်ကိုင်ဆောင်မှုနှင့် အများပြည်သူအား ခြိမ်းခြောက်မှုများအပါအဝင် ယခင်ကပြုလုပ်ခဲ့သည့် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများကြောင့် ရဲတပ်ဖွဲ့၏ ပြစ်မှုစာရင်းတွင် ၎င်းပါဝင်ခဲ့ကြောင်း သိရသည်။

ထုတ်ပြန်ချက်တွင် မာစွတ်သည် ယခင်က အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ ကျူးလွန်ခဲ့ခြင်းမရှိကြောင်း ပါရှိသည်။

**(ဆင်ဟွာ)**

# တောင်ဆူဒန်ရှိ ကာကွယ်ရေးအင်အားစုများကိုရုပ်သိမ်းရန် ဂျပန်ကာကွယ်ရေးဝန်ကြီးအမိန့်ထုတ်

**တိုကျို မတ် ၂၄**

ဂျပန်ကာကွယ်ရေးဝန်ကြီး တိုမိုမီအီနာဒါသည် တောင်ဆူဒန်၌ ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းရေး လုပ်ရှားဆောင်ရွက်မှုတွင် ပါဝင်လျက်ရှိသည့် မြေပြင်ကာကွယ်ရေးအင်အားစုများအား မေလကုန်တွင် အပြီးဆုတ်ခွာရန် အမိန့်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အစိုးရအဖွဲ့သည် ရုပ်သိမ်းမည့်အကြောင်းကို ယခုလ အစောပိုင်းတွင် ကြိုတင်ကြေညာခဲ့ပြီးဖြစ်သည်။ ကာကွယ်ရေးဝန်ကြီး အီနာဒါသည် အကြီးတန်းကာကွယ်ရေး အာဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတက်ရောက်ခဲ့ပြီးနောက် သောကြာနေ့တွင် ယင်းအမိန့်ကိုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

တွေ့ဆုံခဲ့မှုအတွင်း အီနာဒါက ဂျပန်ကာကွယ်ရေးအဖွဲ့သည် တောင်ဆူဒန်နိုင်ငံ ဂျူဘာမြို့တွင်ကာကွယ်ရေးလှုပ်ရှားဆောင်ရွက်မှုများ ဆောင်ရွက်နေခဲ့သည်မှာ ငါးနှစ်ကြာမြင့်ခဲ့ပြီဖြစ်ပြီး ကုလသမဂ္ဂနှင့် တောင်ဆူဒန်အစိုးရအဖွဲ့၏အသိအမှတ်ပြုချီးကျူးမှုများကိုရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။ ၎င်းအနေဖြင့် ကာကွယ်ရေး အဖွဲ့ဝင်များသည် ဂျပန်နိုင်ငံ၏ ဂုဏ်ကျက်သရေတစ်ခုဖြစ်သည်ဟုသတ်မှတ်ကြောင်း အီနာဒါက ဆိုသည်။

တောင်ဆူဒန်ရှိ ကာကွယ်ရေးယူနစ်များအား ရုပ်သိမ်းရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို ယခုအခါ အရေးတကြီး စတင်လုပ်ဆောင်နေပြီဖြစ်သည်။ သို့သော် ထိခိုက်ဖြစ်ပွားမှုတစ်စုံတစ်ရာမရှိဘဲ မစ်ရှင်ကို ချောချောမောမော အဆုံးသတ်နိုင်ရန်မှာ အရေးအကြီးဆုံးအခြေအနေတစ်ခုဖြစ်ပြီး ခက်ခဲသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။




ကာကွယ်ရေး အဖွဲ့နေဖြင့် မိခင်ဌာနသို့ ဘေးကင်းစွာ ပြန်လည်ရောက်ရှိပြီး ၎င်းတို့၏မိသားစုဝင်များနှင့် အတူတကွ ပြန်လည်ပေါင်းစည်းနိုင်စေရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဂျပန်ကာကွယ်ရေးအင်အားစုများသည် အတူတကွလက်တွဲလုပ်ဆောင်သွားရန်လိုအပ်ကြောင်း အီနာဒါက ပြောကြားခဲ့သည်။

ဂျပန်ကာကွယ်ရေး ဝန်ကြီးဌာနသည် ကာကွယ်ရေးဆိုင်ရာ ရုပ်သိမ်းမှုကို အကူအညီပေးရန် ဂျူဘာသို့ သယ်ယူပို့ဆောင်ရေးလေယာဉ်များနှင့် နောက်ထပ်အဖွဲ့အစည်းတချို့ကို စေလွှတ်သွားရန် စီစဉ်နေကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# ဘယ်လ်ဂျီယံနိုင်ငံ၌ လူအုပ်ကြားကားဖြင့်ဝင်တိုက်သူအားဖမ်းဆီး

**ဘရပ်ဆဲလ် မတ် ၂၄**

ဘယ်လ်ဂျီယံနိုင်ငံ Antwerp မြို့ရှိ Meir ဈေးဝယ်လျှောက်လမ်းအတွင်းသို့ ကားဖြင့် အရှိန်ပြင်းစွာဝင်တိုက်ရန် ကြိုးစားခဲ့သည့် အမျိုးသားတစ်ဦးအား မတ် ၂၃ ရက်က ဖမ်းဆီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

သံသယရှိသူသည် ၁၉၇၇ ခုနှစ် မေ ၈ ရက်ဖွား ပြင်သစ်နိုင်ငံတွင် နေထိုင်သူ ပြင်သစ်နိုင်ငံသား မိုဟာမက်အာဖြစ်ပြီး ၎င်း၏ ထရပ်ကားအတွင်း၌ သေနတ်တစ်လက်နှင့် အမျိုး အမည်မသိ သတ္တုဘူးတစ်ဘူးအပါအဝင် လက်နက်အမျိုးအစားမျိုးစုံကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ရှေ့နေရုံးက ပြောကြားခဲ့သည်။ Meir သည် Antwerp မြို့၏ အဓိက လူစည်ကားရာ ဈေးဝယ်လျှောက်လမ်းတစ်ခုဖြစ်ပြီး ထရပ်ကားမောင်းသူသည် မီးနီကို ဖြတ် ၍ လမ်းမဆီ ဦးတည်မောင်းနှင်ခဲ့ပြီးနောက် လက်နက်ကိုင်လုံခြုံရေးတပ်ဖွဲ့များက ၎င်း၏ အခြေအနေကို သံသယရှိသတိထားမိကာ တားဆီးရန်ကြိုးစားခဲ့ကြောင်း သိရသည်။

ရဲတပ်ဖွဲ့က အဆိုပါ ပြင်သစ်လိုင်စင်နံပါတ်ပြား တပ်ဆင်ထားသော အနီရောင် ယာဉ်အားတားဆီးရန် အလျင်အမြန် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ဘယ်လ်ဂျီယံ ဝန်ကြီးချုပ် ချားလ်မိုက်ကယ်က “ကျွန်တော်တို့ နိုးနိုးကြားကြားရှိနေပြီး လုံခြုံရေးတပ်ဖွဲ့များကလည်း အကောင်းဆုံးလုပ်ဆောင်နေပါတယ်။ ဘယ်လ်ဂျီယံ အစိုးရအနေနဲ့လည်း ဒီဖြစ်ရပ်ကို နီးနီးကပ်ကပ် စုံစမ်းစစ်ဆေးနေပါတယ်” ဟု လူမှုကွန်ရက်ပေါ်တွင် ပြောကြားခဲ့သည်။

အဆိုပါဖြစ်ရပ်တွင် ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့ကြောင်း၊ နေ့လယ်ပိုင်းတွင် တရားခံ၏ မော်တော်ယာဉ်အား ဖယ်ရှားခဲ့ပြီး စစ်ဆေးမှုများပြုလုပ်ရန် ထိန်းသိမ်းထားကြောင်း သိရသည်။ ထို့အပြင် အခင်း ဖြစ်ပွားရာ ဧရိယာ၌ အတားအဆီးများချထားပြီး လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်နှင့် စစ်သားအရေအတွက်များစွာကို မြို့အနှံ့တွင် ချက်ချင်းဖြန့်ကြက်နေရာချထားကြောင်း သိရသည်။

ကနဦးစုဆောင်းရရှိထားသည့် သတင်းအချက်လက်များနှင့် မတ် ၂၂ ရက်တွင် လန်ဒန်၌ ဖြစ်ပွားခဲ့သော တိုက်ခိုက်မှု ဖြစ်စဉ်များကြောင့် ယင်းအမှုအား အစိုးရရှေ့နေရုံးသို့ လွှဲပြောင်း ပေးရန် ဆုံးဖြတ်ခဲ့ကြသည်။ **(ဆင်ဟွာ)**

# ခြောက်နှစ်ကြာ ထိန်းသိမ်းခံရပြီးနောက် အီဂျစ်သမ္မတဟောင်း မူဘာရက်ပြန်လည်လွတ်မြောက်

**ကိုင်ရို မတ် ၂၄**

သမ္မတနေရာမှ ဖြုတ်ချခံခဲ့ရသည့် အီဂျစ်သမ္မတဟောင်း ဟိုစနီမူဘာရက်သည် ခြောက်နှစ်ကြာအောင် ဖမ်းဆီးထိန်းသိမ်းထားခြင်းကိုခံခဲ့ရပြီးနောက် သောကြာနေ့တွင် ပြန်လည်လွတ်မြောက်လာခဲ့ပြီဖြစ်ကြောင်း ၎င်း၏ရှေ့နေက ပြောကြားခဲ့သည်။ မူဘာရက်သည် ဒေသစံတော်ချိန် နံနက် ၈ နာရီအချိန်တွင် ၎င်းအားဖမ်းဆီးထိန်းသိမ်းခဲ့သည့်နေရာဖြစ်သည့် မာဒီစစ်ဆေးရုံမှ ထွက်ခွာလာခဲ့ပြီး ဟီလီယိုပိုလစ်ရှိ ၎င်း၏နေအိမ်ဆီသို့ ဦးတည်ခဲ့ကြောင်း သိရသည်။

အသက် ၈၈ နှစ်ရှိပြီဖြစ်သည့် မူဘာရက်သည် ၂၀၁၁ ခုနှစ်က ၎င်း၏စီမံအုပ်ချုပ်မှုအပေါ်လက်မခံသည့်လူထုအုံကြွမှုအကြီးအကျယ်ပေါ်ပေါက်ခဲ့ပြီးနောက် အီဂျစ်နိုင်ငံ၏သမ္မတအဖြစ်မှဖြုတ်ချခံခဲ့ရပြီး ထီးနန်းကိုလက်လွှတ်ဆုံးရှုံးခဲ့ရသည်။ မတ် ၂ရက်တွင် အီဂျစ်နိုင်ငံ၏ အမြင့်ဆုံးအယူခံရုံးတော်က ၎င်းအားလူသတ်မှုဖြင့်အပြစ်ရှိကြောင်း စီရင်ဆုံးဖြတ်ချက်ချမှတ်ခဲ့သည်။

၂၀၁၁ ခုနှစ်က ၎င်းအားဖြုတ်ချခဲ့ပြီး နှစ်လအကြာ ဧပြီလတွင် မူဘာရက်သည် အကျင့်ပျက်ခြစားမှုမှသည် ဆန္ဒပြဆန့်ကျင်သူများအား သတ်ဖြတ်ရာတွင် ပါဝင်ခဲ့မှုများဖြင့် တရားစွဲဆိုစစ်ဆေးမှုခံယူခဲ့ရပြီး နှစ်၃၀ ကြာ အုပ်ချုပ်မှုကာလမှာလည်း အဆုံးသတ်သွားခဲ့သည်။ ထို့နောက်တွင် ဖြုတ်ချခံ အီဂျစ်သမ္မတဟောင်းမူဘာရက်သည် ၎င်း၏သက်တမ်းကို အကျဉ်းထောင်အတွင်းနှင့် စစ်ဆေးရုံများ၌ ခြောက်နှစ်နီးပါးကြာအောင် ကုန်ဆုံးခဲ့ရပြီး ယခုပြန်လည်လွတ်မြောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ရိုက်တာ)**



# ကျောက်ပန္နုသို့ နှစ်ခေါက်လေ .......

**မြင့်စိုး(နတလ)**

ကျောက်ပန္နုဆိုသောအမည်ကို လွန်ခဲ့သည့် ဆယ်စုနှစ်နှစ်ခုခန့်ကတည်းက အကျွမ်းတဝင်ရှိခဲ့သော်ငြား၊ ယင်း၏အဓိပ္ပာယ်မည်သို့မည်ပုံရှိသည်ကို ကွဲကွဲပြားပြား မသိခဲ့ပါ။ ယမန်နှစ်က ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်သည့် ခရီးစဉ်တွင် အဆိုပါ ကျောက်ပန္နုကျေးရွာကို ဖြတ်သွားခဲ့ရင်း ယင်း၏အဓိပ္ပာယ်ကို သိခွင့်ရခဲ့သည်။ ကျောက်ပန္နုဆိုသည်မှာ ရခိုင်ဘာသာစကားအရ ကျောက်ဆေးတံဟု အဓိပ္ပာယ်ယူရမည်ဖြစ်ကြောင်း ဒေသခံများက ပြောကြားကြသည်။ အမှန်တကယ်လည်း ထိုကျေးရွာအနီးက ပင်လယ်ကမ်းစပ်တွင် ဆေးတံခေါင်းကြီးနှင့်တူသော ကျောက်တုံးကြီးတစ်တုံးတည် ရှိနေပေသည်။ နှစ်ပေါင်းများစွာ ပင်လယ်ရေတိုက်စားခံရမှုကြောင့် ဆေးတံပုံသဏ္ဌာန်နှင့် သိပ်မတူတော့ကြောင်း၊ ယခင်ကမူ ကျောက်ပန္နုဆိုသော နာမည်နှင့်လိုက်အောင် ကျောက်ဆေးတံကြီးတစ်ခု ပင်လယ်ထဲမှာ ရောက်နေဘိအလား ထင်မှတ်မှားခဲ့ကြရကြောင်း အဆိုပါကျေးရွာမှ ရွာသူရွာသားများက ဂုဏ်ယူစွာ ပြောခဲ့ကြသည်။ ပုံမှန်အားဖြင့်တော့ မောင်တောဒေသကို သွားလျှင်၊ ဘူးသီးတောင်သို့ ရေလမ်းခရီးအတိုင်းသွားပြီး ယင်းမှတစ်ဆင့် မော်တော်ယာဉ်ဖြင့် သွားခဲ့သည်ချည်းသာ။ သို့သော် ထိုတစ်ခေါက်ကတော့ ဘူးသီးတောင်ဘက်သို့ မသွားတော့ဘဲ စစ်တွေမြို့ ရေချမ်းပြင် ကူးတို့ဆိပ်မှတစ်ဆင့် ပင်လယ်ဝကိုဖြတ်ပြီး အငူမော်ဆိပ်ကမ်းဘက်သို့ စက်လှေဖြင့်ကူးကာ ထိုမှ မော်တော်ယာဉ် ဖြင့် အငူမော်-မောင်တောလမ်းအတိုင်း ထွက်ခွာခဲ့ရာ (၂၄/၀)မိုင် စွန်းစွန်းလေး၌ ကျောက်ပန္နုကျေးရွာအား ဖြတ်ခဲ့ကြခြင်းပင်။

ဤသည်မှာ လွန်ခဲ့သည့်တစ်နှစ်ခန့် အချိန်ကာလတုန်းက သွားခဲ့သော ခရီးစဉ်။ ယခုလည်း ကျောက်ပန္နုကျေးရွာသို့ ဒုတိယအကြိမ်မြောက် ခြေချခွင့်ရခဲ့ပြန်ပါပြီ။ ကျွန်တော်ငယ်စဉ်က ကြည့်ခဲ့ဖူးသော ရုပ်ရှင်ကားတစ်ကား၊ ဒါရိုက်တာကြီး ဦးတင်ယု ရိုက်ကူးခဲ့သော မေတ္တာဘုံသို့ နှစ်ခေါက်လေ ဇာတ်ကားဖြစ်သည်၊ မင်းသားကဦးဇော်ဝမ်းဖြစ်ပြီး မင်းသမီးကတော့ အကယ်ဒမီ ဒေါ်တင်တင်ညိုလား မမှတ်မိတော့၊ ထိုဇာတ်ကားအမည်လေးကို သဘောကျမိသောကြောင့် ကျွန်တော် ဆောင်းပါးများ ရေးသည့်အခါ ဟိုမိန်းမြို့သို့ နှစ်ခေါက်လေဟူ၍လည်းကောင်း၊ ထိန်ညိုတောင်သို့ နှစ်ခေါက်လေဟူ၍လည်းကောင်း အမည်များ ပေးခဲ့ဖူးပါသည်။ ကျွန်တော့် ဘဝတွင် နေရာဒေသတစ်ခုသို့ နှစ်ကြိမ်နှစ်ခေါက် ပြန်၍ပြန်၍ ရောက်တတ်သည်ကိုလည်း ရေးခဲ့ဖူးပါသည်။ ကျောက်ဆေးတံကြီးအနီးမှာ မှတ်တမ်းဓာတ်ပုံများ ရိုက်ခဲ့ဖူးသော ယင်းကျေးရွာလေးသို့ အမှတ်မထင် နောက်တစ်ခေါက်ပြန်ရောက်ခွင့်ရခြင်းအတွက်လည်း ဝမ်းမြောက်မိပါသည်။

လွန်ခဲ့သည့်ဆယ်စုနှစ် နှစ်ခုခန့်ကတည်းက ကျောက်ပန္နုဟူသော အမည်နှင့် အကျွမ်းတဝင်ရှိခဲ့ဖူးကြောင်း ပြောခဲ့ပြီးဖြစ်ပါသည်။ ထိုအချိန်ကာလက နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရခိုင်ပြည်နယ် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်များအတွင်းတွင် ဒေသခံရခိုင်တိုင်းရင်းသားသွေးချင်းများအတွက် နတလစံပြကျေးရွာ ၁၉ ရွာ၊ စုစည်းကျေးရွာ ၂၀၊ စုစုပေါင်း ၃၉ ရွာကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ပါသည်။ စံပြကျေးရွာ ၁၉ ရွာမှာ မောင်တောမြို့နယ်အတွင်းမှ အောင်သပြေ၊ မင်းခမောင်း၊ မင်္ဂလာညွှန့်၊ ရေမျက်တောင်၊ အောင်သာယာ၊ တောင်ပြိုလက်ဝဲ၊ ကျောက်ပန္နု၊ ဥဒေါင်း၊ ကိုင်းကြီး၊ ရွှေရင်အေး၊လောင်းဒုံ၊ ခရေမြိုင်၊ ဘူးသီးတောင်မြို့နယ်အတွင်းမှ ဂန္ဓမာ၊ အင်ကြင်းမြိုင်၊ သရဖီ၊ ကံ့ကော်မြိုင်၊ ရသေ့တောင်မြို့နယ်အတွင်းမှ ပိတောက်မြိုင်၊သဇင်မြိုင်၊ မြသီတာကျေးရွာတို့ ဖြစ်သည်။ စုစည်း ကျေးရွာ



၂၀ တွင် မောင်တောမြို့နယ်အတွင်းမှ ရန်ခါစေတီ၊ သုပဏ္ဏက၊ နန်းရာကိုင်း၊ မြဝတီ၊ ရန်အောင်မြင်၊ အောင်မင်္ဂလာ၊ အောင်ဇေယျာ၊သုခမြိုင်၊ ကသည်း၊ ဝေသာလီ၊ ဒီပီအေ၊ သရေကုန်းဘောင်၊ ဖားဝပ်ချောင်း၊ ပဲရုံ၊ မောရဝတီ၊ ဘူးသီးတောင်မြို့နယ်အတွင်းမှ ကျွဲရိုင်း၊ ကထိလှ၊ ဝါးခုတ်ချောင်း၊ မင်းလှကိုင်း၊ ကျောက်စာတိုင်ကျေးရွာတို့ ပါဝင်သည်။

ယခုနိုင်ငံတော်အစိုးရသစ် လက်ထက်တွင်လည်း နယ်စပ်ရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားသွေးချင်းများ အခြေချနေထိုင်ရန် တန်ဖိုးနည်းအိမ်ရာများတည်ဆောက်ပေးခဲ့သည်။ ကရင်ပြည်နယ်အတွင်း၌ လေးကေ့ကော်မြို့သစ်ကိုလည်းကောင်း၊ ကယားပြည်နယ် ဘော်လခဲခရိုင် ဟွေ့အော-ဟွေ့အွန်-ဟွေ့ပုံလောင်းလမ်းပေါ်မှ ဟွေ့အောကျေးရွာကို လည်းကောင်းတည်ဆောက်ပေးခဲ့သည်။ ယခု ရခိုင်ပြည်နယ်အတွင်း၌ မြေပုံမြို့နယ်တွင် အလုံး ၅၀၊ ရသေ့တောင်မြို့နယ်တွင် ၄၆လုံး တည်ဆောက်လျက်ရှိပြီး မောင်တောမြို့နယ် ကျောက်ပန္နုကျေးရွာအတွက် နောက်ထက် အိမ်ခြေအလုံး ၁၀၀ ကိုလည်း ထပ်မံ၍တည်ဆောက်ပေးလျက်ရှိသည်။ ယင်းရွာအတွက် တန်ဖိုးနည်းအိမ်အလုံး ၁၀၀ အပြင် ကျေးရွာတွင်းလမ်းများ ဖောက်လုပ်ခြင်း၊ Mini Grid Solar System တပ်ဆင်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ကျေးရွာသောက်သုံးရေရရှိရေးအတွက် ရွာအနီးရှိ လျှိုပိတ်ဆည်မှရေကို သွယ်ယူပေးမည်ဖြစ်သကဲ့သို့ သောက်ရေကန်ဟောင်းတစ်ခုကိုလည်း ပေ ၁၀၀ ပတ်လည် အကျယ်အဝန်းရအောင် ပြုပြင်တူးဖော်သွားကာ ရေတုံကင်များ တပ်ဆင်ပေးခြင်း၊ ခြံစည်းရိုး ကာရံပေးခြင်းတို့ကိုပါ ပြုလုပ်ပေးသွားမည်ဖြစ်သည်။ ကျောက်ပန္နုကျေးရွာ၌ ကျေးလက် ကျန်းမာရေးဌာနတစ်ခု ဖွင့်လှစ်ခွင့်ရရှိထားပြီး ပညာရေးကဏ္ဍတွင်လည်း အခြေခံပညာ မူလတန်းလွန်ကျောင်းမှ အခြေခံပညာ အလယ်တန်းကျောင်းခွဲအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခွင့် ရရှိထားပြီးဖြစ်ကြောင်း တွေ့ရသည်။

ယခုတစ်ခေါက် စစ်တွေခရီးစဉ်ကို နေ့ထူးနေ့မြတ်ဖြစ်သော တပေါင်းလပြည့်လိုနေ့မျိုးတွင်မှ ထွက်ခွာသွားရောက်ရခြင်းကလည်း ကျွန်တော့်အတွက် အမှတ်တရဖြစ်ခဲ့သည်။ ထိုနေ့ညနေပိုင်းမှာ အချိန်အနည်းငယ်ပိုနေသဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၏နယ်စပ်ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနေသော စစ်တွေမှ မှန်စီသုသာန်သွားလမ်းတစ်လျှောက် ကွန်ကရစ်ခင်းထားသော လမ်းပိုင်း၊ ဆက်လက်ကျောက်ခင်းမည့်လမ်းပိုင်းတို့ကို လိုက်လံကြည့်ရှုခဲ့ခြင်းကလည်း ပို၍ အမှတ်တရဖြစ်ခဲ့သည်။ တပေါင်းလပြည့်လိုနေ့မျိုးမှာ မှန်စီသုသာန်လေးကိုကြည့်ရင်း လူ့ဘဝလူ့လောကကြီး၏ မမြဲသောသဘောတရားများနှင့် မပြောင်းမလဲ မဖောက်မပြန် အမြဲတမ်းမှန်ကန်နေသော သစ္စာတရားအကြောင်းများကိုလည်း တွေးတောဆင်ခြင်မိပါသည်။

သို့တစေ လက်ရှိအချိန်ကာလမှာတော့ အမျိုးသားရေးတာဝန်ဟု ကျွန်တော်တို့ ကိုယ်တိုင်အလေးအနက် ခံယူထားသော လုပ်ငန်းဆောင်တာများကို တတ်နိုင်သမျှ ထမ်းဆောင်နေဆဲ၊ ထမ်းဆောင်သွားကြဦးမည်သာ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၏ တစ်နှစ်တာကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မှုများထဲတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများစွာ ပါဝင်လျက်ရှိသည်။ ပြီးခဲ့သည့်အပတ်က ကျွန်တော် ရေးသားတင်ပြခဲ့သော ကချင်ပြည်နယ် ပူတာအိုဒေသမှ မဂွေဇ-ခေါင်လန်ဖူးလမ်း (၆၅/၄)မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် သောက်သုံးရေကန်များ တူးဖော်ပေးခြင်း လုပ်ငန်းများ၊ တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်၍ ကျေးရွာသစ်ထူထောင်ပေးခြင်း လုပ်ငန်းများ၊ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသား၊ တိုင်းရင်းသူ လေ့လာရေး အဖွဲ့များ၊ ဖိတ်ကြားခေါ်ယူ၍ နေပြည်တော်နှင့်ပတ်ဝန်းကျင် လေ့လာရေးခရီးစဉ် စီစဉ်ဆောင်ရွက်ပေးမှုများ၊ အသက်မွေးဝမ်းကျောင်းပညာရပ်အား အလေးထား၍ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းများ ဖွင့်လှစ်ပေးခြင်း၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်းများ ဖွင့်လှစ်၍ ကုမ္ပဏီ ၂၄ ခုနှင့်ချိတ်ဆက်ကာ အလုပ်အကိုင်ရရှိရေးကိုပါ တစ်ပါတည်း စီစဉ်ဆောင်ရွက်ပေးမှုများ၊ ကျား/မ မခွဲခြားဘဲ တန်းတူရည်တူ ပညာသင်ယူခွင့်ရရှိရေးနှင့် နယ်စပ်ဒေသလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အမျိုးသမီးသင်တန်းသူများကိုပါ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)၌ စတင်လက်ခံ သင်ကြားပေးနေမှုများ၊ နောင်တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)၌ပါ လက်ခံသင်ကြားပေးမည့် အစီအစဉ်များ၊ ဝန်ထမ်းများအရည်အသွေး တိုးတက်မြင့်မားလာစေရေးအတွက် စွမ်းဆောင်ရည်မြှင့်သင်တန်းအသီးသီးကို ဖွင့်လှစ်သင်ကြားပေးခဲ့မှုများ၊ ဘိန်းအစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ပင်လောင်းမြို့နယ် နောင်တရားဒေသ ကျေးရွာအုပ်စုလေးခု၌ စီမံဆောင်ရွက်ပေးနေမှုများ၊ နယ်စပ်ဒေသအသီးသီးတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတကာအဖွဲ့အစည်းအသီးသီးနှင့် လက်တွဲဆောင်ရွက်နေမှုများစသည်တို့ပါဝင်ပါသည်။ ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်းက ကျောက်ပန္နုကျေးရွာ၌ အိမ်ခြေအလုံး ၁၀၀ တည်ဆောက်ရေး စီမံကိန်းသည်လည်း နယ်စပ်ရေးရာဝန်ကြီးဌာန၏ တစ်နှစ်တာလုပ်ငန်းဆောင်ရွက်ချက်များထဲတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ကျောက်ပန္နုဆိုသည်မှာ ရခိုင်ဘာသာစကားအရ ကျောက်ဆေးတံဟု အဓိပ္ပာယ်ယူရမည်ဖြစ်ကြောင်း ဒေသခံများက ပြောကြား၊ အမှန်တကယ်လည်း ထိုကျေးရွာအနီးက ပင်လယ်ကမ်းစပ်တွင် ဆေးတံခေါင်းကြီးနှင့်တူသော ကျောက်တုံးကြီး တစ်တုံး တည်ရှိနေ။**



မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မတ် ၂၂ ရက်က ရန်ကုန်မြို့ မှော်ဘီမြို့နယ် နှောကုန်းကျေးရွာ ကျောင်းကြီးဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်က ပြည်သူများအား အသိပညာပေး ဟောပြောစဉ် တင်စိုး(မြန်မာ့အလင်း)

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်**
**အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ။**

## ကျုံးပတ်လည် သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခွင့် လေလံစနစ်ဖြင့် ယှဉ်ပြိုင် ကျုံးအရှေ့ဘက်ခြမ်းတွင် သိန်း ၅၄၀ ကျော်ဖြင့် အမြင့်ဆုံးဈေးရရှိ

**မန္တလေး မတ် ၂၄**

ကျုံးမြို့ရိုးပတ်လည်တွင် သင်္ကြန်ရေကစားမဏ္ဍပ် ဆောက်လုပ်ခွင့်အား မတ် ၂၃ ရက် နံနက် ၁၀ နာရီခွဲက မန္တလေးမြို့တော်ခန်းမ၌ လေလံစနစ်ဖြင့် ချထားပေးခဲ့ရာ ၆၆ လမ်း ၂၆ လမ်းနှင့် ၂၄ လမ်းကြားရှိ ကျုံးအရှေ့ဘက်ခြမ်း ထိပ်ဆုံးနေရာတွင် Maritime ရေကစားမဏ္ဍပ်မှ ငွေကျပ်သိန်း ၅၄၀ ကျော် အမြင့်ဆုံးပေး၍ ဆောက်လုပ်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

ယခင်နှစ်များက ကျုံးပတ်လည် ရေကစားမဏ္ဍပ် ဆောက်လုပ်ခွင့်ကို မဲစနစ်ဖြင့် ချထားပေးခဲ့သော်လည်း ယခုနှစ်တွင် မြန်မာ့ရိုးရာ လမ်းလျှောက်သင်္ကြန်ဆင်နွှဲရန် ကျုံးတောင်ဘက်ခြမ်းကို ဆောက်လုပ်ခွင့်မပြုခဲ့သည့်အပြင် ကျန်ကျုံးမြို့ရိုး သုံးဘက်တွင် တစ်ဖက်လျှင် မဏ္ဍပ်ရှစ်ခုစီဖြင့် မဏ္ဍပ်ဆောက်လုပ်ခွင့်ကို လေလံစနစ်ဖြင့် ပြောင်းလဲနေရာချထားပေးခဲ့သည်။

“ဒီနှစ်မှာ မဏ္ဍပ်ဆောက်လုပ်ခွင့်ကို လေလံစနစ်နဲ့ ပြောင်းလဲကျင့်သုံးရတဲ့ ရည်ရွယ်ချက်ကတော့ မန္တလေး မဟာသင်္ကြန်ပွဲတော်ကြီးရဲ့ ကုန်ကျစရိတ်ကို ဒီလေလံကရရှိတဲ့ ငွေတွေနဲ့ သုံးစွဲမှာဖြစ်တဲ့အတွက် သင်္ကြန်အလှူငွေ ထည့်ဝင်တယ်လို့ သဘောထားပြီး အမြင့်ဆုံးဈေးပေးကာ ယှဉ်ပြိုင်ကျဖို့ ဖိတ်ခေါ်ပါတယ်”ဟု မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီမှ ဒုတိယမြို့တော်ဝန် ဦးရဲမွန် က ပြောသည်။

မန္တလေးသင်္ကြန်တွင် ကိုးနှစ်ဆက်တိုက် ကျုံးတောင်ဘက်ခြမ်း ရေကစားမဏ္ဍပ် ဆောက်လုပ်ခွင့်ရရှိခဲ့ပြီး ယခုနှစ်တွင် ကျုံးတောင်ဘက်ခြမ်းတွင် ဆောက်လုပ်ခွင့်မရရှိခဲ့၍ ကျုံးအရှေ့ဘက်ခြမ်းတွင် လေလံစနစ်ဖြင့် အကောင်းဆုံးနေရာတွင် ဆောက်လုပ်ခွင့်ရရှိရန် အမြင့်ဆုံးဈေးပေး၍ ယှဉ်ပြိုင်ခဲ့ကြောင်း Maritime ရေကစားမဏ္ဍပ်ပိုင်ရှင် ကိုသူရသန်း ထွန်းအောင်က ပြောသည်။

“မနှစ်က ကျုံးတောင်ဘက်မှာ သိန်းလေးရာနဲ့ ဆောက်လုပ်ခွင့်ရခဲ့ပေမယ့် ကျွန်တော့်ရဲ့၁၀နှစ်ပြည့် သင်္ကြန်အထိမ်းအမှတ်မှာ အကောင်းဆုံးချပြချင်လို့ ဒီလိုအမြင့်ဆုံးဈေးပေးပြီး နေရာယူခဲ့တာပါ”ဟု ၎င်းကပြောသည်။

ယခုနှစ် ကျုံးပတ်လည် သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခွင့်အား လေလံစနစ်ဖြင့် ချထားပေးရာတွင် ကျုံးအရှေ့ဘက်ခြမ်းတွင် လျှောက်ထားသူ ဦးရေ ၂၀ အနက် ခြောက်ဦး လေလံရရှိခဲ့ကာ၊ အနောက်ဘက်ခြမ်းတွင် လျှောက်ထားသူ ခုနစ်ဦးအနက် လေလံလာရောက်ယှဉ်ပြိုင်သူ နှစ်ဦး၊ ကျုံးမြောက်ဘက်ခြမ်းတွင် လျှောက်ထားသူ သုံးဦးအနက် လေလံလာရောက်ယှဉ်ပြိုင်သူ တစ်ဦးတို့အား လေလံပေး ဈေးပေါ်မူတည်၍ ဆိုင်းငံ့ထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ကားတစ်စီး နောက်ပြန်လျှောကျရာမှ ချောက်ထဲပြုတ်ကျ၍ ယာဉ်မောင်းသေဆုံး



**ကလေးဝ မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့၌ ယာဉ်နောက်ပြန်လျှောကျပြီး ချောက်ထဲပြုတ်ကျမှုကြောင့် ယာဉ်မောင်း သေဆုံးမှုဖြစ်ခဲ့သည်။

မတ် ၂၃ ရက် မွန်းလွဲ ၃ နာရီက ကလေးမြို့ မင်္ဂလာဥယျာဉ်ရပ်ကွက်နေ ယာဉ်မောင်း မင်းအောင်(၄၁နှစ်)မောင်းနှင် လာသော (GL/----)နံပါတ်ပါ ဟော်လန် အမျိုးအစားကားသည် ကလေးဝ- အောင်ချမ်းသာ ကားလမ်းမိုင်တိုင်အမှတ်(၂/၀) ဇီးဒေါင့်ကျေးရွာအနီး ဒေသ အခေါ် ရွာချွန်အတက်တွင် ယာဉ်နောက်ပြန်လျှောကျကာ လက်ယာဘက်ခြမ်း ပေ ၅၀ ခန့်ရှိ ချောက်ထဲသို့ ပြုတ်ကျခဲ့ရာ ယာဉ်မောင်း သည် ယာဉ်ပိ၍သေဆုံးသွားပြီး ကလေးဝမြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချင်းတွင်းသား**

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ လားရှိုးမြို့၌ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၄**

လားရှိုးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၃ ရက်က လားရှိုးမြို့နယ် ကောင်းကြဲ(အီ)ကျေးရွာအုပ်စု ဖာလန်းကျေးရွာ လမ်းမပေါ်၌ တူးနန် မောင်းနှင်သည့် မော်တော်ယာဉ်ကို ရှာဖွေရာ ရောင်စုံဆပ်ပြာခွက် ၆၁ ခွက်ဖြင့်ထည့်သည့် ဘိန်းဖြူ ၇၄၉ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၇၄၁၀၀ တို့ကိုလည်းကောင်း၊

အလားတူ မတ် ၂၃ ရက်က မိုးမိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ်၊ ဘော်ဒေကျေးရွာနေ ဝင်းလှိုင်၏ နေအိမ်ကိုရှာဖွေရာ ၎င်းကို နေအိမ်တွင် မတွေ့ရှိဘဲ ၎င်း၏သားဖြစ်သူ ထွန်းလင်းနိုင်ကို တွေ့ရှိ၍ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၉၈ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**



ပြစ်မှုကျူးလွန်သူ တူးနန်အား ဖမ်းဆီးရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်

# မြောင်မြို့နယ် ကျောက်ရစ်(အရှေ့)ကျေးရွာ၌ ငါးထောင်တန် ငွေစက္ကူအတုများ ကိုင်ဆောင်သုံးစွဲသူများကို ဖမ်းဆီးအရေးယူ

**မြောင် မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျောက်ရစ်(အရှေ့)ကျေးရွာ၌ မတ် ၂၃ရက် ညနေ ၅ နာရီ ၅၅ မိနစ်က ရတနာဗိုလ် စတိုးဆိုင်အတွင်းတွင် ငွေစက္ကူအတုဟုယူဆရသော ငွေများဖြင့် ဈေးဝယ်နေခြင်းကို သံသယဖြစ်ခြင်းကြောင့် ဆိုင်ရှင်က ကျောက်ရစ်ရဲကင်းသို့ အကြောင်းကြားချက်အရ ငွေစက္ကူတုသုံးစွဲသူများကို ဖမ်းဆီးရမိခဲ့သည်။

ယင်းကျေးရွာရှိ အဆိုပါ စတိုးဆိုင်တွင် ဈေးများဝယ်ရာမှ ငွေပေးချေမှုပြုရာတွင် ငါးထောင်တန်များမှာ အတုဟုယူဆရခြင်းကြောင့် ဆိုင်ပိုင်ရှင် ဦးဘိုသန်းက ကျောက်ရစ်ရဲကင်းသို့ဖုန်းဆက်၍ အကြောင်းကြားခဲ့ခြင်းကြောင့် ရဲကင်းစခန်းမှူး ရဲအုပ်အောင်ကျော်မိုး၊ ကျောက်ရစ် ကျေးရွာ အုပ်ချုပ် ရေးမှူး ဦးတင့်ဇော်ဦး၊ ရွာခွဲတာဝန်ခံ ဦးဇော်မြင့်စိုးတို့နှင့်အတူ သွားရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါဆိုင်အတွင်းသို့ ရောက်ရှိနေကြသော ဘစန်း(ခ) မစန်း(၃၈နှစ်)၊ ဝဲကြီးကျေးရွာ ထီးချိုင့်မြို့နယ်နေသူနှင့် ဖိုးထောင်(ခ)ထွန်းရင် လိပ်စာတူထံမှ ငွေကျပ် ၃၀၅၀၀၀ ငါးထောင်တန်များနှင့် သက်သေခံပစ္စည်းများဖြစ်သည့် လက်ကိုင်ဖုန်းနှစ်လုံး၊ HIBIRD အစိမ်းရောင် စူပါကဒ်-၉၀ နံပါတ်ပြားမပါကို သိမ်းဆည်းခဲ့ပြီး စစ်ဆေးချက်အရ ဘစန်း(ခ)မစန်း နေအိမ် အနောက်တောင်ထောင့်ရှိ ကြောင်လျှာပင် အနီးပလတ်စတစ်ဖြင့် ထုပ်ထားကာ မြေအတွင်းတူးမြှုပ်ထားသည့် ငါးထောင်တန် နံပါတ်အစုံ ငွေကျပ် ၁၀ သိန်းကို ထပ်မံသိမ်းဆည်းမှုများ ပြုလုပ်ခဲ့ပြီး ထီးချိုင့်မြို့မရဲစခန်းက အမှုအား ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်ကိုကို**



# ထီးချိုင့်မြို့နယ်အတွင်း တစ်သောင်းတန်ငွေစက္ကူအတုနှင့်ဆက်စပ်ပစ္စည်းများဖမ်းမိ

**ထီးချိုင့် မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် တုံငယ်ကျေးရွာ၌ တစ်သောင်းတန်၊ ငါးထောင်တန်ငွေစက္ကူအတုများနှင့်အတူ ဆက်စပ်ပစ္စည်းများ ဖမ်းမိခဲ့ကြောင်း သိရသည်။

ကသာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ဝင်းကြီးကြပ်၍ ထီးချိုင့်မြို့နယ်ရဲတပ်ဖွဲ့ဝင်များသည် မတ် ၂၄ ရက်က ထီးချိုင့်မြို့နယ် တုံငယ်ကျေးရွာနေမောင်ငယ်ဆိုသူ၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းနေအိမ်၌ ငွေတုနှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းများ မတွေ့ရှိသော်လည်း ၎င်း၏ပြောပြချက်အရတစ်ရွာတည်းနေ ကံချွန်ဆိုသူ၏နေအိမ်အတွင်းမှ တစ်သောင်းတန် ငွေစက္ကူအတုနှစ်ရွက်၊ ငါးထောင်တန် သုံးရွက်နှင့် ငွေစက္ကူအတု ပြုလုပ်ရာတွင်အသုံးပြုသည့် ကွန်ပျူတာတစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရေးအဖွဲ့များသည်သတင်းအရ တုံငယ်ကျေးရွာနေ ပိုစန်းဆိုသူ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ပိုစန်းအားမတွေ့ရှိရဘဲ ၎င်း၏ဇနီးဖြစ်သူ မမြင့်နိုင်မှ ငွေအတုပြုလုပ်ရာတွင် အသုံးပြုသည့် ငွေကြိုးလှဲ့သည့်စက်တစ်လုံး၊ ပရင်တာဆေးဘူး ခြောက်ဘူးကို သိမ်းဆည်းရမိပြီး ငွေစက္ကူအတုပြုလုပ်သူ ထီးချိုင့်မြို့နယ် တုံငယ်ကျေးရွာနေ မောင်ငယ်၊ ပိုစန်း၊မမြင့်နိုင်နှင့် ကံချွန်တို့လေးဦးအားထီးချိုင့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6L/5398 Toyota Probox NCP 50 S/W (4×2) ယာဉ်လက်ဝယ်ရှိသူ ဦးမင်းအောင် ၇/သနပ(နိုင်)၁၁၅၃၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

**ကန့်ကွက်နိုင်ပါသည်**

မော်တော်ယာဉ်အမျိုးအစား TOYOTA WISH, CHASSIS NO.-ZNE 10-0142842 ဦးကျော်မြင့် ၁၂/သကတ(နိုင်)၁၂၅၀၀၇ ထံမှ ကျွန်တော်မှ ဝယ်ယူထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ ၃ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးကျော်ကျော်ဦး ၁၂/ကတတ(နိုင်)၀၀၀၀၉၈**

**ဖုန်း-၀၉-၅၁၆၅၉၃၅**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၆)၊ ဦးပိုင်အမှတ် ၂၃၊ ၇၀×၇၁လမ်းကြား၊ စိန်ပန်း×အောင်မင်္ဂလာလမ်းကြားရှိ ဦးထွန်းစိန် အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်ဝေဝေ ၉/အမရ(နိုင်)၀၅၈၅၃၀မှ မြို့ကွက်သစ်နေရာချထားရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက်မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်၊ ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင်မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 3L/1736 Toyota Mark II GX 110 S/L (4×2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်မျိုးနွယ် ၁၂/ကတန(နိုင်)၀၆၇၀၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

**တစ်ဦးတည်းမူပိုင် အမှတ်တံဆိပ်ဖြစ်ကြောင်း အသိပေးကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ အင်အိန်ဟို(ခ)ဦးသိန်းအောင် ၁၂/လသန(နိုင်)၀၁၅၅၅၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် အောက်ဖော်ပြပါ အမှတ်တံဆိပ်နှင့်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် (၄/၁၆၃၉၀/၂၀၁၅)ဖြင့် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် ဖော်ပြပါအမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် သရေစိမ်း မန္တလေးကတ္တီပါဖိနပ်များကို ယောကျ်ားစီး၊ မိန်းမစီး၊ ကလေးစီး၊ ဆိုဒ်စုံပုံစံအမျိုးမျိုး၊ အရောင်အမျိုးမျိုးဖြင့် မိမိတစ်ဦးတည်းမူပိုင်အဖြစ် ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည်ဖြစ်သည့်အပြင် ယင်းဖိနပ်များကို ထည့်သွင်းအသုံးပြုသည့် စက္ကူဘူး၊ ပလတ်စတစ်အိတ် ပါဆယ်ထုပ်၊ ကြွပ်ကြွပ်အိတ် အစရှိသည်တို့ပေါ်တွင် ၎င်းအမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ ပြုလုပ်ပြီးလျှင် ယင်းဖိနပ်ထည့်သွင်းအသုံးပြုသည့် ပစ္စည်းများအပေါ်တွင် ဖိ-ကပ်-ရိုက်နှိပ်ကာ အသားတံဆိပ်ပြုလုပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချလျက်ရှိရာ ထိုကုန်အမှတ်တံဆိပ်အမှတ်အသားကို ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အခြားလုပ်ငန်းတူသူများက မင်္ဂလာအောင်မောင်းမှ ပြုလုပ်သကဲ့သို့ ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်ဆောင်ရွက်လျှင်သော်လည်းကောင်း၊ ဆင်တူယိုးမှားဖြစ်အောင် ပြုလုပ်ဆောင်ရွက်လျှင်သော်လည်းကောင်း၊ လုံးဝမပြုလုပ်ကြရန်နှင့် တုပသုံးစွဲပါက ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်ပါက မြန်မာနိုင်ငံ တည်ဆဲဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီဂီဝင်း (စဥ်-၈၁၈၀)** **ဒေါ်အေးမြမွန် (စဥ်-၄၈၁၅၁)**
**ဒေါ်ဝင်းဝင်းမော် (စဥ်-၇၇၉၃)** **အထက်တန်းရှေ့နေ**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၉/၁၁)၊ အခန်း(၁၀၁)၊ (ပ-ထပ်)၊ ၃၆ လမ်းတို**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၄၁၇၆၄၆၊ ၀၉-၇၈၅၄၁၇၆၄၆**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

လားရှိုးမြို့မှ မြေခွန်ပြေစာ/မြေပေးမိန့်များဖြင့် ပုံစံ (၁၀၅)/(၁၀၆)ဖြင့် ရေးဆွဲပြီး မြေငှားဂရန်/လိုင်စင်အသစ်အား အောက်ပါအတိုင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀အတွင်း လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာပါသည်-

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | ရပ်ကွက်/နယ်မြေ | အကွက်အမှတ် | ဦးပိုင် | ဧရိယာ | ပိုင်ဆိုင်မှု |
|---|---|---|---|---|---|---|---|
| ၁ | ဦးကျော်မင်းဦး+<br>ဒေါ်တွမ်မီဆိုင်း | ၉/မထလ(နိုင်)၂၃၃၀၅၅<br>၁၃/လရန(နိုင်)၁၃၀၃၀၁ | ၄ | ၄+၅ရေကန်တောင် | ၂၀၂ | ၀.၀၆၈ | မြို့မြေခွန်ပြေစာများဖြင့် |
| ၂ | ဦးမာဖူကြုံး | ၁၃/လရန(နိုင်)၀၆၂၅၃၃ | ၁၂/၁၆ | ၅၁/ခိုလောင်းရပ် | ၃၇/က-၃ | ၀.၁၅၃ | မြို့မြေခွန်ပြေစာများဖြင့် |
| ၃ | ဒေါ်ခင်မျိုးဇော် | ၁၃/သနန(နိုင်)၀၂၆၁၅၃ | ၁၂/၂၀ | ၅/စစ်တပ်ကွင်း | ၇ | ၀.၁၀၁ | မြို့မြေခွန်ပြေစာများဖြင့် |
| ၄ | ဒေါ်ကျန်ရှောက်ထွမ် | ၉/ကလတ(နိုင်)၀၀၃၃၁၅ | ၁၂/၁၂ | ၃၅/ရှမ်းဈေးတန်း | ၁၂ | ၀.၁၀၁ | မြို့မြေခွန်ပြေစာများဖြင့် |
| ၅ | ဒေါ်နော်နော်ထွန်း | ၁၃/တကန(နိုင်)၀၄၇၄၄၆ | ၁၀/၇ | ၁၀-၈/ရမခအနောက် | ၁၀၀ | ၀.၁၁၂ | မြို့မြေခွန်ပြေစာများဖြင့် |
| ၆ | ဒေါ်ဟွယ်ကြုံး | ၁၃/ကလတ(နိုင်)၀၂၃၄၇၂ | ၁၁/၂ | ၆/နမ့်ပါချိုး | ၂ | ၀.၂၃၁ | မြို့မြေခွန်ပြေစာများဖြင့် |
| ၇ | ဦးအောင်ကျော်ဇော | ၈/နမန(နိုင်)၀၉၃၄၉၂ | ၁၀/၈ | ၄-ဂ/စစ်ဆေးရုံနောက် | ၁၃၁ | ၀.၀၇၂ | မြို့မြေခွန်ပြေစာများဖြင့် |
| ၈ | ဦးဆောင်ဖုံး | ၁၃/လရန(နိုင်)၀၃၃၀၁၉ | ၅/၆ | အမက (၁၇)ကွက် | ၇၈၄ | ၀.၁၀၉ | မြေပေးမိန့်ဖြင့် |

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**လားရှိုးမြို့**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း**

လားရှိုးမြို့၊ ရပ်ကွက် (၁၂)၊ နယ်မြေ (၇)၊ အကွက်အမှတ် (၄၄/မန်ဆူဘုရားကုန်း)၊ ဦးပိုင် (၂၁/၁)၊ (၉/က)၊ ဧရိယာ (၀ဒသမ၀၇၁) (၀ဒသမ၀၇၁)အား ဒေါ်လီယာ ၁၃/လရန(နိုင်) ၀၆၁၄၃၂မှ မူရင်းမြေခွန်ပြေစာများဖြင့် မြေစာရင်းပုံစံ (၁၀၅)/(၁၀၆) ရေးဆွဲပြီး မြေငှားလိုင်စင်အသစ်လျှောက်မည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း လားရှိုးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာပါသည်။**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

# ပါးစပ်ကလေးတော့ လှုပ်လိုက်ပါ

## အန်ကယ်ပညာ

"သဘာပတိကြီးခင်ဗျား........."

"ဟေလကွာ"ဟူသည့် စကားနှစ်ခွန်းဖြင့်သာ ဤအကြောင်းအရာကို စလို၏။ ဆွေမင်း(နေဖြူ)၏မြိုင်ရာဇာ တွတ်ပီကာတွန်းတစ်အုပ်တွင် ဖော်ပြပါရှိသည့်ရပ်ရေးရွာရေး ဆွေးနွေးကြရာမှ ထွက်ပေါ်လာသော စကားသံများဖြစ်၏။

ဆွေးနွေးပွဲတစ်ခုတွင် ရွာသူကြီးဦးဘစီအား သဘာပတိနေရာတွင်ထား၍ ဦးဆောင်ဆွေးနွေးသူက ဆွေးနွေးသည့်အကြောင်းအရာစကားစတိုင်း "သဘာပတိကြီးခင်ဗျား"ဟု တိုင်တည်လေ၏။ ဤသို့ တိုင်တည်လိုက်တိုင်း သူကြီးဘစီက သူ့ကိုခေါ်သည်အထင်နှင့်"ဟေလကွာ"ဟု အမြဲပြန်ထူးလေ၏။ ဆွေးနွေးပွဲကြာလာသည်နှင့်အမျှ ထူးရဖန်များလာသည့် သူကြီးဘစီ စိတ်မရှည်တော့။ "ငါ့ကိုလူကြားထဲ ခဏခဏ အော်ခေါ်မနေနဲ့ကွ"ဟု သဘာပတိထိုင်ခုံနေရာမှ အော်လေတော့၏။

ထိုစာအုပ်တွင် ရွာသားများက သူကြီးဘစီအား ရွာ၏အကြီးအကဲဖြစ်သည်နှင့်အညီ ဆွေးနွေးပွဲသဘာပတိအဖြစ်အတင်းလုပ်ခိုင်းလိုက်ကြခြင်းဖြစ်၏။ သူကြီးဘစီ အနေဖြင့် သဘာပတိအတွေ့အကြုံမရှိ၊ ဆွေးနွေးပွဲအတွေ့အကြုံလည်း မရှိ၍ ရွာလုံးကျွတ်ဆွေးနွေးပွဲကြီးတွင် အဆီအငေါ်မတည့်ဖြစ်ရ၏။ အများသူငါရှေ့တွင် ဤသို့ရာဇအိန္ဒြေမဲ့ရခြင်းဖြစ်လေသည်ကိုကာတွန်းဆရာက ဟာသနှော၍ ပုံဖော်ထားခြင်းဖြစ်၏။ မြိုင်ရာဇာတွတ်ပီကာတွန်းများကိုငယ်စဉ်က အလွန်နှစ်သက်ခဲ့၏။ ထိုကာတွန်းစာအုပ်များထဲမှ သူကြီးဘစီ၏"ဟေလကွာ" ဟူသည့် စကားတစ်ခွန်းအဖြစ် အကြောင်းတိုက်ဆိုင်မှုရှိတိုင်း ယနေ့တိုင်သုံးစွဲလျက်ရှိသော စကားဖြစ်သဖြင့် ဤအကြောင်းအရာကို ဤစကားနှင့်ပင် ဂုဏ်ပြုရင်းအစပြုလိုက်ခြင်း ဖြစ်ပါ၏။

သူကြီးဘစီကဲ့သို့ အတွေ့အကြုံမရှိ၊ ဘာလုပ်ရမှန်းမသိဆိုသူများအတွက်"မသိလျှင်မေး မစင်လျှင်ဆေး"ဟူသည့် ဆိုရိုးရှိ၏။ ထိုဆိုရိုးစကားသည် တိုတောင်း၏။ သို့ရာတွင် ထိမိလှပေ၏။ မစင်ကြယ်လျှင် စင်ကြယ်အောင် ဆေးကြောရသကဲ့သို့ မသိလျှင်လည်း သိအောင်မေးမြန်းရမည်ဟု ဆိုလိုရင်းကို တိတိကျကျ ဖော်ပြထားလေ၏။ "ကိုယ်မသိတဲ့ ကိစ္စတစ်ခုကို တစ်ခါသာတပည့်ခံလိုက်ပါ။ အဲဒီကိစ္စကို တစ်သက်လုံးဆရာလုပ်လို့ရပြီမှတ်"။ ဒီစကားကတော့ ဆိုရိုးလည်းမဟုတ်၊ စကားပုံလည်းမဟုတ်၊ အဆိုအမိန့်လည်းမဟုတ်။ ကြုံဆုံခဲ့ဖူးသည့် လူကြီးသူမတို့၏ ဆုံးမစကားတစ်ခွန်းသာဖြစ်၏။ ဒါသည်လည်း အမှန်ပင်ဖြစ်၏။

မြတ်ဗုဒ္ဓ၏ သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်တွင် "ကာလေန ဓမ္မသာကစ္ဆာ၊ တေံမင်္ဂလမုတ္တမံ" သင့်တင့်လျောက်ပတ်သောအခါ၌ တရားတော်ကို ဆွေးနွေးမေးမြန်းရခြင်းသည် မြတ်သောမင်္ဂလာဖြစ်၏ဟု ဟောကြားတော်မူခဲ့၏။ ဤအချက်ကိုကြည့်ခြင်းဖြင့် သာမန်လူတစ်ဦးအနေဖြင့် မသိလျှင်၊ မသိသေးဘူးဆိုလျှင် မေးရမည်၊ ဤသို့မေးမြန်းခြင်းသည်ပင် မင်္ဂလာတရားနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည် ဟု သဘောပေါက်မိ၏။

မသိသည်ကို သိလို၍ မေးမြန်းခြင်းတွင် မေးမြန်းသူ၌ သူတစ်ပါးကို ခက်ခဲပင်ပန်းစေလိုသည့် မာန်မာနနှင့်ဒေါသတို့ ကင်းလွတ်နေ၏။ အကြောင်းမှာ သိလိုသည့်အဖြေ ရရှိလိုခြင်းသာ အရင်းဖြစ်နေသောကြောင့်ဖြစ်၏။ တစ်ဖန်အကြောင်းကိစ္စတစ်ခု၊ ပညာရပ်တစ်ခုခု၌ သိထားသူမှာ ဆရာအရာဖြစ်ပြီး မသိသူမှာ တပည့်အရာဖြစ်နေ၍ မေးသူနှင့် ဖြေသူ ဆက်ဆံရေးမှာ ဆရာတပည့်အသွင်ဖြင့် အေးချမ်းလှပေ၏။ ထို့အပြင် မသိ၍ မေးမြန်းခြင်းဟူသည်ကို အခြားသင့်လျော်ရာစကားနှင့်အစားထိုးရလျှင် လေ့လာခြင်းဟုလည်းဆိုနိုင်၏။ သင်ယူခြင်းဟုလည်း ပြောနိုင်သေး၏။

ဤနေရာတွင် မသိလျှင်မေးဆိုသည်နှင့်အညီ မေးမြန်းရမည့်အချိန်ကာလမည်မျှကြာမည်ဆိုသည်ကို ဆန်းစစ်ကြည့်မိသေး၏။ အဖြေမှာ သိလိုသည့်အပေါ်တွင် မူတည်နေသည်ကို တွေ့ရ၏။ ဘဝတစ်သက်တာလည်းဖြစ်နိုင်၏။ စကားတစ်ခွန်းပြောရုံမျှအချိန်လည်း ဖြစ်နိုင်၏။ လူ့အသက်များကို ကယ်တင်နိုင်ရန် ဆေးဘက်ဆိုင်ရာ ပညာရပ်များကို ခုနစ်နှစ် မေးကြရ၏။ ဝိဇ္ဇာ၊ သိပ္ပံပညာရပ်များအတွက် မေးမြန်းချိန်လေးနှစ်ကြာ၏။ အခမ်းအနားတစ်ခုတွင် ပါဝင်လုပ်ဆောင်ရမည့် အစီအစဉ်၊ သွားလိုသည့်ခရီးလမ်းတစ်ခုအတွက် လောက်ကိုမူ ဖြေသူ၏ စကားတစ်ခွန်းပြောချိန်မျှနှင့် ကိစ္စပြီးသည်ကို တွေ့ရ၏။ ဤသည်ကား မသိလျှင်မေးဆိုသည်ကို မသိသူနှင့် သိသူ မေးသူနှင့်ဖြေသူတို့အကြား အပြုသဘောဆောင်သူများ၏ ရိုးရှင်းသည့်ဆက်ဆံမှုပင်ဖြစ်၏။

သို့ဆိုလျှင် မိမိသိလိုသည်ကို သာမန်စကားဖြင့် မေးရမည့် ကိစ္စမှာ ခက်ခဲသည့်ကိစ္စကြီးပေလော။ မေးသူနှင့် ဖြေသူ နှစ်ဦးစလုံးအတွက် အခက်အခဲမရှိ၊ မမေးမိဘဲနေမှသာ ခက်ခဲသည့်ကိစ္စများ ကြုံတွေ့လာနိုင်၏။ အောက်တန်းကျသည့် လုပ်ရပ်ပေလော။ မာန်မာနများဖုံးလွှမ်းနေ၍သာ နိမ့်ကျသည့် လုပ်ရပ်ဟုမြင်မိခြင်း ဖြစ်နိုင်၏။ လေ့လာခြင်း၊ သင်ယူခြင်းတို့သည် လူ့ဘောင်လောကတွင် အသက်ရှင်နေသရွေ့ ဘဝတစ်သက်တာ ဖြည့်ဆည်းဆောင်ရွက်နေကြရမည့် မြင့်မြတ်သည့်လုပ်ရပ်များသာဖြစ်၏။ ဤသည်တို့ကိုဖြည့်ဆည်းဆောင်ရွက်ရန် အလွယ်ကူဆုံးနည်းလမ်းမှာ"မေးပါများ စကားရ"ဆိုသည့်နည်းပင်ဖြစ်၏။

မာန်မာနတို့၏ ပိတ်ပင်တားဆီးထားမှုကြောင့် မသိ၍ မေးမြန်းရမည်ကို နိမ့်ကျသည့်လုပ်ရပ်ဟု ထင်မြင်သူများရှိပါက ထိုကဲ့သို့သောသူများကို ပြောလိုသေး၏။ မေးမြန်းခြင်းသည် အောင်မြင်မှုနှင့် ဂုဏ်သိက္ခာရှိမှု၏ လမ်းစဖြစ်၏။ နေရာဌာနတစ်ခုတွင် တာဝန်အပ်နှင်းခြင်းခံရသည့် မည်သူမဆို အောင်မြင်ခြင်းသို့သာ ရှေးရှုလိုသည်မှာ ဓမ္မတာဖြစ်၏။ ထိုသို့အောင်မြင်ခြင်းကို ရှေးရှုနိုင်ရန် မိမိနှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်ကဘာလဲ၊ အဖွဲ့အစည်းရဲ့လုပ်ငန်းတာဝန်က ဘာတွေလဲ၊ ဖွဲ့စည်းပုံက ဘယ်လိုလဲ၊ ဖွဲ့စည်းပုံနဲ့လုပ်ငန်းတာဝန်တွေကို အကောင်အထည်ဖော်ပေးနေကြသည့် လူအင်အား၊ လူတွေရဲ့ စွမ်းရည်နှင့် စိတ်ဓာတ်၊ အထောက်အကူပစ္စည်းတွေရဲ့အခြေအနေတွေက ဘယ်လိုလဲ၊ သမားစဉ်လုပ်ငန်းတွေက ဘာလဲ၊ ကောင်းဆိုးနှစ်တန်ရာဇဝင်တွေက ဘယ်လိုရှိခဲ့လဲစတာ တွေကို မေးမြန်းခြင်းဖြင့် စတင်ထိတွေ့ပြီး အထက်၊ အောက်၊ တန်းတူ လုပ်ဖော်ကိုင်ဖက်များနှင့် ဆက်ဆံကြရမည်ဖြစ်၏။

ဤနေရာတွင် အတွေ့အကြုံဆိုသည့်စကား အရေးပါလာသည်ကို တွေ့ရပြန်၏။ နေရာဌာနတစ်ခုတွင် ကိုယ်နှင့်မသက်ဆိုင်ခဲ့၍ လုပ်ငန်းဆိုင်ရာအတွေ့အကြုံမရှိခြင်းကို မည်သို့ပင်ဆိုဖွယ်ရာမရှိ။ အကြောင်းတိုက်ဆိုင်၍ သက်ဆိုင်လာချိန်တွင်လည်း အချိန်ကာလ အတိုင်းအတာတစ်ခုထိ နားလည်မှုပေးနိုင်ကြသေး၏။ သို့ရာတွင် တာဝန်ယူမှု ၊တာဝန်ခံမှု ၊တာဝန်သိမှု ၊တာဝန်ရှိမှုဆိုသည့် ဝေါဟာရနှင့်ကားရှောင်လွှဲ၍ ရမည်မဟုတ်ပေ။ သို့ဖြစ်၍ ထိုကဲ့သို့သော သူများအနေဖြင့် အတွေ့အကြုံဆိုသည်ကို မသိလျှင်မေး မေးပါများစကားရဆိုသည်တို့နှင့် လဲလှယ်ရယူရမည်ဖြစ်၏။ ဤသို့လဲလှယ်ရယူရာတွင် နည်းလမ်းအမှားများလည်းရနိုင်၏။ နည်းလမ်းအမှားဟုဆိုရာတွင် ဆောင်ရွက်ရမည့်၊ ဆောင်ရွက်လိုသည့်ကိစ္စအတွက် မှားယွင်းသွားစေမည့် နည်းလမ်းများတော့မဟုတ်ပေ။ ထိုစဉ်က ဤသို့ပြုမူခဲ့သည့်အတွက် ဤသည်တို့ ချို့ယွင်းအားနည်းခဲ့ရဖူးသည်ဆိုသည့် သင်ခန်းစာဖော်ထုတ်ချက်များသာဖြစ်၏။ ထိုအချက်များက အောင်မြင်မှုအတွက် ပြုပြင်ပြောင်းလဲလုပ်ဆောင်ရမည့် အချက်များကို ဖော်ညွှန်းခြင်းပင်ဖြစ်၏။

တစ်ဖန် ယခင်အတွေ့အကြုံများအရ အဆင်ပြေအောင်မြင်ခဲ့သည့် နည်းလမ်းကောင်းများလည်း ရမည်ဖြစ်၏။ နည်းလမ်းကောင်းဖြစ်နေ၍ ခြေရာမပျောက် ရေမနောက်စေဘဲ လမ်းဟောင်းလိုက်လိုက လိုက်နိုင်၏။ အကြံတူ နောက်လူသာစမြဲ ဆိုသည့်စကားအရ ယခင်အောင်မြင်ခဲ့သည့် နည်းလမ်းကိုမှီ၍ ကိုယ့်လမ်းကိုယ်ထွင်လိုက ထွင်နိုင်၏။ လိုလားမှုရှိသေးလျှင် ထိုထက်ကောင်းမွန်သည့် အကြံကောင်းဉာဏ်ကောင်းများကိုလည်း ရယူနိုင်သေး၏။

ထို့အပြင် မသိ၍မေးခြင်းသည် အသိကိုသာ ပေးသည်မဟုတ်။ လုပ်ဖော်ကိုင်ဖက်ချင်းမေးရင်းဖြင့် ထိတွေ့ဆက်ဆံခြင်းကို ဖြစ်စေ၏။ ထိုမှ အချင်းချင်း ရင်းနှီးချစ်ခင်ခြင်း ကိုပါပေး၏။ ဤသို့သောသူကို အောင်မြင်မှုလမ်းစပေါ်သို့ ခြေချနိုင်သူဟု ဆိုနိုင်ပေ၏။

မေးမြန်းခြင်းသည် ဂုဏ်သိက္ခာရှိမှု၏ လမ်းစဟုဆိုခဲ့ပြီးဖြစ်၏။ မေးမြန်းခြင်းက အသိကိုပေးသည်ဖြစ်၍ စမ်းတဝါးဝါးမရှိ လုပ်စရာရှိသည်ကို နည်းမှန်လမ်းမှန် နှင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်၏။ လုပ်ငန်းဆောင်ရွက်ရာတွင်လည်း အမှားနည်းစေ၏။ အလုပ်နှင့်သက်ဆိုင်သည့်လူအများနှင့် ပြောဆိုဆက်ဆံလုပ်ကိုင်ရသည့် ကိစ္စများတွင်အံဝင်ခွင်ကျဖြစ်စေ၏။ လုပ်သမျှ အလုပ်များအမှားနည်းသည်။ အံဝင်ခွင်ကျဖြစ်သည်ဆိုသူအား မည်သူက အထင်သေးအံ့နည်း။ မည်သူက နှိမ့်ချရဲအံ့နည်း။ ဤသည်မှာ မေးမြန်းခြင်းကပေးသည့် ပုဂ္ဂိုလ်ရေးဆိုင်ရာဂုဏ်သိက္ခာပင် မဟုတ်ပါလော။

မေးရမည်ကို မာန်ခံ၍ မမေးနိုင်ဖြစ်နေသူ ၊မိမိဘာလုပ်ရမည်ကိုမသိသော်လည်း မေးရကောင်းမှန်းမသိသူတို့ကား အသေးအဖွဲ့ကိစ္စလေးများတွင်ပင် လွဲချော်တတ်၍ လူရယ်စရာဖြစ်စေတတ်၏၊ ဤနေရာတွင် ထင်ပေါ်ကျော်ကြားသူများ အများအာရုံစိုက်ခံရသူများ အနေဖြင့် ပို၍ဂရုစိုက်အပ်သည်ဟု ထင်၏။ သာဓကအနေဖြင့် နိဒါန်းတွင်ဖော်ပြခဲ့ပြီးဖြစ်၍ အကျယ်မချဲ့လိုတော့။ သို့ရာတွင် ထိုသို့သော အကျိုးနည်းမှုကို ကာကွယ်ကုစားရန်မှာ မာန်မာနကိုခဝါချလျက် မသိလျှင်မေး ဟုသည့်လမ်းစဉ်ကို လက်ကိုင်ပြုလိုက်ရုံသာဖြစ်ကြောင်း နည်းလမ်းကောင်းကို ပေးလိုက်လို၏။ သို့ဖြစ်၍ အောင်မြင်ခြင်း၏လမ်းစဖြစ်သော မေးမြန်းခြင်းကို အောင်မြင်လိုသူတိုင်း ၊အောင်မြင်လိုသည့် စေတနာရှိသူတိုင်း လက်ကိုင်ထားရမည်ဖြစ်၏။ မိမိဖြစ်သန်းခဲ့ရသည့် အတွေ့အကြုံအရ မသိသေးသည်မှာ အကြောင်းမဟုတ်၊ မိမိမသိမှုကို သိလျက်နှင့် မမေးမြန်းမစူးစမ်းခြင်းသည်သာ အကြောင်းဖြစ်ပေ၏။ မိမိကိုယ်တိုင်၊ မိမိအဖွဲ့အစည်း မိမိတိုင်းပြည်၏ တိုးတက်အောင်မြင်မှုနှင့် ဂုဏ်သိက္ခာတို့အတွက် မိမိမသိသေးသည့် ကိစ္စရပ်များကို မေးမြန်းခြင်းဖြင့် စတင်နိုင်ရန် ပါးစပ်ကလေးတော့ လှုပ်လိုက်ပါဟုသာ ပြောလိုတော့၏။

> **လေ့လာခြင်း၊ သင်ယူခြင်းတို့သည် လူ့ဘောင်လောကတွင် အသက်ရှင်နေသရွေ့ ဘဝတစ်သက်တာ ဖြည့်ဆည်းဆောင်ရွက်နေကြရမည့် မြင့်မြတ်သည့်လုပ်ရပ်များသာဖြစ်၏။ ဤသည်တို့ကို ဖြည့်ဆည်းဆောင်ရွက်ရန် အလွယ်ကူဆုံး နည်းလမ်းမှာ"မေးပါများ စကားရ"ဆိုသည့်နည်းပင်ဖြစ်၏။**

## ယာဉ်မောင်းများ ခါးပတ်တပ်ဆင်၍ မောင်းနှင်မှုရှိ/မရှိ စစ်ဆေး

**နေပြည်တော် မတ် ၂၄**

နေပြည်တော်တွင် နေ့စဉ်နှင့်အမျှ ယာဉ်အသုံးပြုသူများပိုမိုများပြားလာရာ ယာဉ်မတော်တဆမှုများလည်း အဆက်မပြတ်ဖြစ်ပေါ်လျက်ရှိသည်။ သင်္ကြန်အကြိုကာလ ယာဉ်မတော်တဆ မှုလျော့နည်းစေရန်အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ထွေး၏ စီစဉ်မှုနှင့်အတူ အမှတ်(၁)ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးအောင်ကြီး ကြီးကြပ်၍ နေပြည်တော် ရှစ်မြို့နယ်အတွင်းရှိ မော်တော်ယာဉ်မောင်းများကို မတ် ၂၂ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ နေပြည်တော်ခန်းမရှေ့တွင် မော်တော်ယာဉ်များအား ရပ်တန့်၍ ခါးပတ်ပတ်ဆင်မောင်းနှင်မှု ရှိ/မရှိ စစ်ဆေးဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**




## ရေရှားပါးသောကျေးရွာများသို့ သောက်သုံးရေများလှူဒါန်း

**ဘားအံ မတ် ၂၄**

ကရင်ပြည်နယ် ဘားအံမြို့နယ် လှကာကျေးရွာအုပ်စု လှကာကျေးရွာနှင့် ကျုံမသွယ်ကျေးရွာအုပ်စု ဘန့်ဘွေးကုန်းကျေးရွာတို့တွင် နွေရာသီရေရှားပါးလျက်ရှိရာ ကျေးရွာပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် ရေဂါလန် ၃၀၀၀ ဆံ့ရေကားဖြင့် ယာယီရေသိုလှောင်ကန် ပြုလုပ်ပေးကာ မတ် ၂၃ ရက်က ရေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

ဘားအံမြို့အတွင်း လှကာ၊ ဘန့်ဘွေးကုန်း၊ အလယ်ရွာ၊ ကွီးသခေါ၊ နော်ဖားဒို၊ ဝင်းဒရယ်၊ ကရင်ဖာလင်၊ ကွန်းရွာ၊ ကော့သုန်၊ ကမား၊ ဥသျှစ်ကုန်း၊ သာမည၊ ကော့ကျိုက်၊ တောကြီးကုန်း၊ ငနက်ပြာ၊ ရှောက်ကုန်း၊ ကော့မှူးနုတ်၊ နောင်ယာဖေး၊ ကျုံဖဲနှင့် ခရားအတွင်း ကျေးရွာ စုစုပေါင်းရွာ ၂၀ သည် နှစ်စဉ် နွေရာသီရောက်တိုင်း သောက်သုံးရေ ရှားပါးလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် ကျေးလက်ဦးစီးဌာနမှ တွင်းတိမ်၊ တွင်းနက်၊ မြေသား ရေလှောင်ကန်စသည်တို့ကို ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျေးရွာများကို လတ်တလောသောက်သုံး



ရေသုံးစွဲနိုင်ရေးအတွက် ရေသယ်ကားများဖြင့် ဆောင်ရွက်ပေးနိုင်ရေး ကျေးလက် ဦးစီးရုံးချုပ်မှ မတ်လအတွက်စက်သုံးဆီ ဂါလန် ၂၀၀ ထောက်ပံ့ပေးမှုဖြင့် ရေဂါလန် ၃၀၀၀ ဆံ့ရေကားဖြင့် ယာယီရေသိုလှောင်ကန်ပြုလုပ်ပေးပြီး သောက်သုံးရေများ လှူဒါန်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

## ရန်ကုန်တောင်ပိုင်းခရိုင်၌ မဟာသင်္ကြန်စည်ကား သိုက်မြိုက်စွာကျင်းပမည်

**ရန်ကုန် မတ် ၂၄**

ရန်ကုန်တောင်ပိုင်းခရိုင် ၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးအနီး၌ ဗဟိုမဏ္ဍပ်ဆောက်လုပ်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် ဆပ်ကော်မတီများဖွဲ့စည်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်တောင်ပိုင်းခရိုင် သင်္ကြန်ဗဟိုမဏ္ဍပ်တွင် ခရိုင်အတွင်းရှိမြို့နယ်များမှ ယိမ်းအကပြိုင်ပွဲများ၊ သံချပ်ပြိုင်ပွဲများကျင်းပပြီး ဆုများချီးမြှင့်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ခေတ်ပေါ်တေးဂီတဖျော်ဖြေမှု၊ ဂီတအနုပညာရှင်များ၏ တင်ဆက်မှုများအပြင် သင်္ကြန်ရက်များအတွင်း ဗဟိုမဏ္ဍပ်၌ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ **သန်းဝင်း(သန်လျင်)**

# မြန်မာ GAP Protocol နှင့် သီးနှံ ၁၅ မျိုး၏ GAP Guideline(မူကြမ်း) ဖြည့်စွက်ပြင်ဆင်နိုင်ရေး ဆွေးနွေး

**မန္တလေး မတ် ၂၄**

မြန်မာ GAP Protocol နှင့် သီးနှံ ၁၅ မျိုး၏ GAP Guideline (တတိယမူကြမ်း) ဖြည့်စွက်ပြင်ဆင်နိုင်ရန် ညှိနှိုင်းဆွေးနွေးပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ မန္တလေးမြို့ ဟိုတယ်မန္တလေး၌ မတ် ၂၀ ရက်က ကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက် အမှာစကားပြောကြားခဲ့သည်။

တောင်သူလယ်သမားများ စိုက်ပျိုးသောသီးနှံများကို ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(GAPs)နှင့်အညီ စိုက်ပျိုးထုတ်လုပ်ရမည်ဖြစ်ကြောင်း၊ GAP စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသော သီးနှံများသည် စားသုံးသူများအတွက် ဘေးအန္တရာယ် ကင်းစင်ပြီး ဈေးကွက်လည်းကောင်းမွန်၍ တောင်သူများ ဝင်ငွေတိုးတက်စေမည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် တိုင်းဒေသကြီး၏ GDP လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲမှ ပို့ချပေးသောနည်းပညာများကို တောင်သူများထံသို့ ဆက်လက်ပညာပေး ဖြန့်ဖြူးပေးရမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားသည်။




ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မူဝါဒတွင် ရေရှည်တည်တံ့ပြီး နိုင်ငံတကာဈေးကွက်နှင့် ယှဉ်ပြိုင်နိုင်သော၊ အာဟာရဓာတ်ပြည့်ဝပြီး ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများကို ထုတ်လုပ်နိုင်ရန် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာဈေးကွက် ယှဉ်ပြိုင်နိုင်ရန် ဆောင်ရွက်ရာတွင် တောင်သူ လယ်သမားများအတွက် ဝင်ငွေရှိပြီး အကျိုးအမြတ်များသော သီးနှံပုံစံရွေးချယ်၍ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့်အညီ စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်ရေး၏ ကွင်းဆက်များဖြစ်သော သီးနှံခူးဆွတ်ရိတ်သိမ်းခြင်း၊ သန့်စင်ခြင်း၊ ကြိတ်ခွဲခြင်း၊ ထုပ်ပိုးခြင်း၊ သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လယ်ယာလုပ်သားများ၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူး ဦးကျင်မောင်က စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများအကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် သရက်သီးနှံကို GAP အသိအမှတ်ပြု လက်မှတ်ထုတ်ပေးနိုင်ခဲ့ပုံနှင့် ဆက်လက်ပြီး သီးနှံ ၁၅ မျိုးကို GAP အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရန်အတွက် GAP Guideline (တတိယမူကြမ်း)ကို ဖြည့်စွက်ပြင်ဆင်ပြီး အတည်ပြုပြဋ္ဌာန်းချက်များနှင့်အညီ စစ်ဆေး၍ GAP အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးကို ဆောင်ရွက်မည်ဖြစ်ကြောင်းတို့ကို ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပုဂ္ဂလိက စိုက်ပျိုးရေးလုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် သီးနှံသစ်တော ရောနှောစိုက်ခင်း တည်ထောင်ထား

**မကွေး မတ် ၂၄**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကန်ပြားရှေ့တန်းစခန်းနယ်မြေ၌ သီးနှံသစ်တောရောနှောစိုက်ခင်း ၃ ဒသမ ၅ ဧကကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် စိုက်ပျိုးထားကြောင်း သိရသည်။




ကမ္ဘာပေါ်တွင် သစ်တောများပြုန်းတီးလာမှုကြောင့် ရာသီဥတုအစွန်းရောက်ဖြစ်စဉ်များဖြစ်သည့် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အပူချိန်မြင့်မားခြင်း၊ အအေးလွန်ကဲခြင်း စသည့်ရာသီဥတုဆိုးရွားမှုဒဏ်ကို ခံစားကြရသကဲ့သို့ မြန်မာနိုင်ငံသည်လည်း သစ်တောပြုန်းတီးမှုများကြောင့် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ခံစားနေကြရသည်။ အထူးသဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှား အပူပိုင်းဇုန်ဒေသနေ ပြည်သူများက ပိုမိုခံစားကြရပြီး မိုးခေါင်ခြင်းနှင့် ရေကြီးခြင်းများကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ကြ၍ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေသော စိုက်ပျိုးနည်းစနစ်များ ဖော်ဆောင်လျက်ရှိရာ သီးနှံသစ်တော ရောနှောစိုက်ခင်း(Agro-Forestry)ကို တည်ထောင်စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

သီးနှံသစ်တော ရောနှောစိုက်ခင်းကို မကွေး-နတ်မောက် ကားလမ်းဘေးရှိ တောင်သူ ဒေါ်မြင့်မြင့်ခင်၏ ယာမြေတွင် စိုက်ပျိုးထားခြင်းဖြစ်ပြီး စိန်တစ်လုံးသရက်ပင်များကြားတွင် မိုးဦးသီးနှံအဖြစ် နှမ်းနှင့် မိုးလယ်သီးနှံအဖြစ် မြေပဲတို့ကို စိုက်ပျိုးခြင်းဖြစ်ကြောင်း၊ စိန်တစ်လုံးသရက်ပင် ၂၅၂ ပင်ကို ကိုင်းဖြတ်ပုံသွင်းခြင်း၊ မြေဩဇာကျွေးခြင်းနှင့် အပင်ပြုစုထိန်းသိမ်းခြင်း လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ သီးနှံသစ်တော ရောနှောစိုက်ခင်းမှ လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှ စတင်ကာ အရည်အသွေးပြည့်မီသော စိန်တစ်လုံးသရက်(ကိုင်းဆက်) ပျိုးပင်များ စတင်ပွားများ ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ စတင်၍ အရည်အသွေးပြည့်မီသော စိန်တစ်လုံးသရက်သီးများ စတင်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ပြွန်ခေါင်းချောင်းတံတားမှ ကျွဲတဲ ကျောက်ချောလမ်းစစ်ဆေး

**ကျောက်ဖြူ မတ် ၂၄**

ရခိုင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးထွန်းဝေနှင့်အဖွဲ့သည် ကျောက်ဖြူမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စု အထူးသီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပြွန်ခေါင်းချောင်းတံတားမှ ကျွဲတဲကျေးရွာသို့သွားသည့် ကျေးရွာချင်းဆက် ကျောက်ချောလမ်း (၀/၇) မိုင်ကို မတ် ၁၉ရက်က သွားရောက်စစ်ဆေးခဲ့သည်။ အဆိုပါလမ်းသည်ကျောက်ချောလမ်း အမျိုးအစားဖြစ်ပြီး အရှည်(၀/၇)မိုင်နှင့် ၁၀ ပေတံတား နှစ်စင်း၊ ခြောက်ပေ ရေပြွန် နှစ်စင်း၊ နှင့် စုစုပေါင်း ကုန်ကျငွေကျပ် ၉၈ ဒသမ ၉၅ သန်း ဖြင့်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းပြီးစီးပါက အဆိုပါမြို့နယ်အတွင်းရှိ အမှတ်(၇)တိုက်နယ် နှင့် အမှတ်(၈)တိုက်နယ်မှ ကျေးရွာ ၁၁ ရွာ၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ရေရှားပါးသောကျေးရွာများသို့ သောက်သုံးရေ လှူဒါန်း

**ဖားကန့် မတ် ၂၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်ကျေးရွာအုပ်စု ငြိမ်းချမ်းသာယာကျေးရွာတွင် ရေရှားပါးပြတ်လပ်ပြီး ပြည်သူများမှာ သောက်သုံးရေ အခက်အခဲနှင့် ကြုံတွေ့နေရသောကြောင့် ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သောက်သုံးရေများကို မတ် ၂၂ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးစိုးသန်းနှင့် ဝန်ထမ်းများက စေတနာရှင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး မော်စီဇာကျေးရွာနေ ပြည်သူများအတွက် လီတာ ၂၀ ရေသန့်ဘူး ၈၀ နှင့် ငြိမ်းချမ်းသာယာကျေးရွာနေ ပြည်သူများအတွက် လီတာ ၂၀ ရေသန့်ဘူး ၇၀ တို့ကို လှူဒါန်းကာ သုံးရေအတွက် ရေသယ်ယာဉ်များဖြင့် သွားရောက်လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။ ဖားကန့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြို့နယ်အတွင်းရှိ ရေရှားပါးသော အခြားကျေးရွာများသို့လည်း လိုအပ်ချက်အပေါ် မူတည်၍ အလှည့်ကျ ရေဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# အလုပ်သမားစွမ်းဆောင်ရည်မြင့်မားစေရန် တည်ဆဲအလုပ်သမားရေးရာဥပဒေများ သင်ကြားပို့ချ

**ရန်ကုန် မတ် ၂၄**

အလုပ်သမားများနှင့် အလုပ်သမားရေးရာလုပ်ငန်း ညှိနှိုင်းရေးကော်မတီ(WCC) အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြင့်မားစေရန်အတွက် တည်ဆဲအလုပ်သမားရေးရာဥပဒေများ သင်တန်းကို ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီရုံး ကနောင်ခန်းမ၌ မတ် ၂၀ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းက အမှာစကားပြောကြားပြီး အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လွင်လွင်မြင့်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုလင်း၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်ပေါ၊ လူမှုဖူလုံရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးမြင့်ဦးတို့က အလုပ်သမားများဆိုင်ရာ သက်ဆိုင်ရာ ကဏ္ဍအလိုက် တည်ဆဲအလုပ်သမားရေးရာဥပဒေနှင့် စပ်လျဉ်း၍ ပို့ချဆွေးနွေးခဲ့သည်။

သင်တန်းသို့ အလုပ်သမားရေးရာ ဆက်ဆံရေး ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများနှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်အတွင်းရှိ စက်ရုံ ၂၆ ရုံမှ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းခေတ်**

# သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်းဖွင့်

**လှိုင်းဘွဲ့ မတ် ၂၄**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ဖွင့်လှစ်သော သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၂/၂၀၁၇)ဖွင့်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၂၁ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အမှာစကားပြောကြားပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးလင်းထွဋ်က သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းတွင်အသုံးပြုရန် Handspeaker များကို ပြည်နယ်ဦးစီးမှူးက မြို့နယ်အုပ်ချုပ်ရေးမှူးထံသို့ ပေးအပ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက သင်တန်းသားများအတွက် ဆေးစိမ်ခြင်ထောင်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ လှိုင်းဘွဲ့မြို့နယ်အတွင်း မိုးရာသီကာလတွင် ရေနစ်မြုပ်လေ့ရှိသော ရပ်ကွက်/ကျေးရွာအုပ်စုများမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ပြီး သင်တန်းကို မတ် ၂၁ မှ ၂၃ ရက်အထိ သုံးရက်ကြာ ပို့ချခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



(၇၂) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဃ်န်းကျွန်းမြို့နယ် စစ်မှုထမ်းဟောင်းဥက္ကဋ္ဌ ဗိုလ်မှူးဝင်းတင့် (ငြိမ်း) ဦးစီးအဖွဲ့ဝင် ၅၀ သည် သဃ်န်းကျွန်းမြို့နယ် စံပြစီမံကိန်းရပ်ကွက် အမက (၂၅) ကျောင်းဝင်းအတွင်းရှိ ချုံနွယ်မြက်ပေါင်းများကို မတ် ၂၂ ရက်က ရှင်းလင်းဆောင်ရွက်နေစဉ်

မင်းခေတ်

# Strategic Business Development သင်တန်းဖွင့်

**နေပြည်တော် မတ် ၂၄**
ပြည်ထောင်စုနယ်မြေအတွင်းရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးစီမံခန့်ခွဲမှု တိုးတက်စေရန် ရည်ရွယ်၍ SME ဌာန(ရုံးချုပ်)နှင့် Conerstone-Center For Adult Learning & Training service တို့ ပူးပေါင်းပြီး Strategic Business Development သင်တန်းကို ဒက္ခိဏခရိုင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံး၌ မတ် ၁၉ ရက်နှင့် ၂၀ ရက်က နှစ်ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် SME ဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မူမူအေးနှင့် Conerstone-Center for Adult Learning & Training service မှ ဒေါ်ပေရယ်မွန်တို့က စီးပွားရေးလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် အမြတ်ရရှိစေနိုင်မည့် Market Res- earch, Target Market, Good Positioning များ၊ Human Resource Development နှင့်ပတ်သက်သည့် အကြောင်းအရာများကို သင်ကြားပို့ချခဲ့သည်။

သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းဆင်းများအား ပြည်ထောင်စုနယ်မြေ၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူး ဦးဟိန်းဇော်က သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ **ရွှေအိ**



# အော်ဂဲနစ်သီးနှံစိုက်ပျိုးရေး ပညာပေးသင်တန်းဖွင့်

**ပြင်ဦးလွင် မတ် ၂၄**
ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီသီးနှံဌာနခွဲ၌ အော်ဂဲနစ်သီးနှံစိုက်ပျိုးရေးသင်တန်းကိုကော်ဖီသုတေသနနှင့် နည်းပညာပြန့်ပွားရေး ဗဟိုဌာနမှ GIZ-SAFT အဖွဲ့၏ အစီအစဉ်အရ မတ် ၂၂ ရက်က ဖွင့်လှစ်ပို့ချခဲ့သည်။

တောင်သူများ စိုက်ပျိုးထုတ်လုပ်သော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ စသည့် ထွက်ကုန်အားလုံးသည် စားသုံးသူအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး ယုံကြည်စိတ်ချရသော အော်ဂဲနစ်ထွက်ကုန်များ ဖြစ်လာစေရန် လိုအပ်သည့်နည်းပညာများကို GIZ-SAFT အဖွဲ့မှ ပညာရှင်များက စာတွေ့လက်တွေ့သင်ကြားပေးနိုင်ရန်၊ အာဟာရပြည့်ဝသော စားသုံးကုန်များကို ထုတ်လုပ်နိုင်ရန်၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရန်နှင့် တောင်သူများ စီးပွားရေးအရ တွက်ခြေကိုက်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းသို့ ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၅၈ ဦး တက်ရောက်သင်ကြားပြီး သင်တန်းမှာ မတ် ၂၂ ရက်မှ ၂၄ ရက်အထိ ရက်တိုသင်တန်းဖြစ်ကြောင်း သိရသည်။ အဆိုပါ အော်ဂဲနစ်စိုက်ပျိုးရေးသင်တန်းသို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများသာမက အမှန်တကယ် စိုက်ပျိုးထုတ်လုပ်နေကြသည့် တောင်သူများပါ တက်ရောက်သင်ကြားနိုင်ရန်လည်း စီစဉ်လျက်ရှိကြောင်း ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**


# ကျေးရွာအချို့တွင် သောက်သုံးရေအခက်အခဲ ကြုံတွေ့နေရ

**ကဝ မတ် ၂၄**
ယခု မတ်လအတွင်းမှစတင်ကာ နေ့အပူချိန်များမြင့်တက်လာခြင်းကြောင့် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အရှေ့ဘက်ရှိ ကျေးရွာအချို့တွင် ရေကန်များ ရေခန်းခြောက်လာကာ သောက်သုံးရေအခက်အခဲများ ကြုံတွေ့လာရကြောင်း သိရသည်။

ကဝမြို့နယ်အတွင်းမှ ကျေးရွာပေါင်း ၁၅ ရွာခန့်တွင် သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေခြင်းဖြစ်ပြီး ထိုကျေးရွာများတွင်ရှိသည့် ရေကန်များကို ပြန်လည်တူးဖော်သည့်အခါတွင်လည်း ဆားဓာတ်များပါဝင်သည့် ရေငန်များသာရရှိသဖြင့် သောက်သုံးရန် ရေချိုများ လိုအပ်နေခြင်းဖြစ်ကြောင်း ဒေသခံများကပြောကြားသည်။

ရေရှားပါးပြတ်လပ်လာသောကြောင့် အချို့ကျေးရွာများတွင် ရေကန်အတွင်း၌ အနည်းငယ်သာရှိသောရေများကို စစ်ပြီး သုံးစွဲနေရကြောင်း၊ အချို့ကျေးရွာများမှ ရေကန်ကြီးများမှာလည်း ကန်အတွင်းဘက်တွင် မြေစာပုံများရှိနေသောကြောင့် မိုးရေလုံလောက်စွာ မထိန်းနိုင်သည့်အတွက် ရေအဝင်နည်းပြီး ရေပြတ်လပ်သွားရခြင်း ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် အဆိုပါ ကျေးရွာများမှ ပြည်သူများအနေဖြင့် ရေလာရောက်ကူညီလှူဒါန်းမည့် အလှူရှင်များကို စောင့်မျှော်နေကြရကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ဒေသလူထုအကျိုးပြုကုမ္ပဏီက တံတားနှစ်စင်းဆောက်လုပ်လှူဒါန်း



**ချီဖွေ မတ် ၂၄**
ကချင်ပြည်နယ် ချီဖွေမြို့နယ်အတွင်း တံတားများကို အထူးဒေသ(၁) ဒေသပြည်သူ့စစ်အဖွဲ့၏ ဒေသလူထုအကျိုးပြုကုမ္ပဏီတစ်ခုက ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း ယင်းကုမ္ပဏီမှ သိရသည်။

ချီဖွေမြို့နယ် လန်ဆယ်လမ်းမကြီးပေါ်တွင် ကန့်ဖန့်-ငွါးဖါးခကျေးရွာကြားတွင် အလျား ပေ ၃၀၊ အကျယ် ၁၅ ပေရှိ အာချားလော်တံတားနှင့် ဆော့လော်-မန်ကျီကျေးရွာကြား အလျား ၅၄ မီတာ၊ အကျယ် ငါးမီတာရှိ ကျီးထန်တံတား စုစုပေါင်း တံတားနှစ်စင်းတို့ကို ဆောက်လုပ် လှူဒါန်းပေးခြင်းဖြစ်သည်။

အာချားလော်ကွန်ကရစ်တံတားကို တရုတ် ငွေယွမ် ၁၈ သိန်းနှင့် ကျီးထန်ဘေလီသံမဏိ သံပေါင်တံတား (ဝဲပုံ)ကို တရုတ်ငွေ ယွမ် ၂၂ သိန်း ရှစ်သောင်း ကုန်ကျခံကာ တည်ဆောက်လှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခင်အဆိုပါနေရာရှိ တံတားဟောင်းများမှာ မြစ်ရေတိုက်စားကာ ပျက်စီးခဲ့သဖြင့် ဒေသခံပြည်သူများ လမ်းခရီးသွားလာရန် အခက်အခဲများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် အဆိုပါတံတားနှစ်စင်းအား ဆောက်လုပ်လှူဒါန်းပေးခဲ့သဖြင့် ဒေသခံတိုင်းရင်းသားများသည် အဆင်ပြေချောမွေ့စွာ ကျေးရွာတစ်ရွာ နှင့်တစ်ရွာ သွားလာ ဆက်သွယ်နိုင်ပြီဖြစ်ကြောင်း သိရသည်။
**မင်းရာဇာ(မြစ်ကြီးနား)**

# အလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ်အကြောင်း လုပ်ငန်းစဉ်ရှင်းလင်း

**မြဝတီ မတ် ၂၄**
ကရင်ပြည်နယ် မြဝတီခရိုင် နယ်စပ်ကုန်သွယ်ရေးဇုန်တွင် အသုံးပြုဆောင်ရွက်သွားမည့် အလိုအလျောက်ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Car- go Clearance System- MACCS)နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲတစ်ရပ်ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနက ကြီးမှူး၍ မြဝတီမြို့နယ်စပ်ကုန်သွယ်ရေးဇုန်၌ မတ် ၂၂ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်းနှင့် ဂျပန်နိုင်ငံ (JICA)အကောက်ခွန်ဗျူရိုမှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး အလိုလျောက်ကုန်စည်ရှင်းလင်းရေးစနစ်(MACCS) ဌာနခွဲ ညွှန်ကြားရေးမှူး ဦးဝင်းသန့်က လုပ်ငန်းစဉ်ကို ရှင်းလင်းပြောကြားခဲ့သည်။

“မြန်မာနိုင်ငံအကောက်ခွန်ဦးစီးဌာနက ရန်ကုန်မြို့တွင် စတင်ကျင့်သုံးနေပြီဖြစ်တဲ့ MACCS system ဟာ မူလ အကောက်ခွန်ဦးစီးဌာနက manual system နဲ့ သွားနေရာကနေ Automated System နဲ့ သွားနိုင်အောင် လုပ်ဆောင်ထားတဲ့စနစ် ဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ စတင်အသုံးပြုနေတာ လေးလလောက်ရှိပါပြီ။ နယ်စပ်မြို့ဖြစ်တဲ့ မြဝတီနယ်စပ်မှာ MACCS System ကျင့်သုံးနိုင်ဖို့အတွက် စတင်လာရောက် မိတ်ဆက်ခြင်းဖြစ်ပါတယ်။ Manual System နဲ့ ဘာကွာလဲဆိုတော့ မြန်ဆန်လာမယ်။ ဒီစနစ် ပီပီပြင်ပြင်အကောင် အထည်ပေါ်လာမယ်ဆိုရင် ကုန်ကျစရိတ်ကို လျှော့ချနိုင်မယ်။ နိုင်ငံတကာအဆင့်မီလာမှာ ဖြစ်ပါတယ်”ဟု ညွှန်ကြားရေးမှူးက ပြောသည်။

ကုန်သွယ်မှုကို ပိုမိုလွယ်ကူမြန်ဆန်စေမည့် MA- CCS စနစ်ကို ဂျပန်နိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ကပင် အသုံးပြုနေခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ရန်ကုန်မြို့၌ စတင်အသုံးပြုသည်မှာ လေးလကျော်ပြီဖြစ်ကြောင်းနှင့် စနစ်ကို စတင်ကျင့်သုံးသည့် ပထမလတွင် အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

MACCS စနစ်ကြောင့် အကောက်ခွန်ကြေညာလွှာများကို အွန်လိုင်းမှတစ်ဆင့် ကြိုက်သည့်အချိန်၊ ကြိုက်သည့်နေရာမှ တင်သွင်းနိုင်ကြောင်း၊ MACCS System တွင် Green Channel, Yellow Chan- nel, Red Channel အဆင့်သုံးမျိုး သတ်မှတ်ထားပြီး တင်သွင်းလိုက်သည့် Exporter, Importer သည် ယုံကြည်စိတ်ချရပြီး တင်သွင်းသည့်ပစ္စည်းကလည်း Low Rate ဖြစ်မည်ဆိုပါက Green Channel အနေဖြင့် အကောက်ခွန်ကြေညာလွှာ တင်သွင်းနိုင်ကြောင်း၊ ကြေညာလွှာကို သုံးစက္ကန့်အတွင်း MACCS System က Reply လုပ်မည်ဖြစ်ပြီး မိမိကုန်ပစ္စည်းကို ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

MACCS စနစ်ကို ကျင့်သုံးခြင်း၏ရည်ရွယ်ချက်မှာ သွင်းကုန်ထုတ်ကုန် ရှင်းလင်းရေးလုပ်ငန်းစဉ်များ ပိုမိုသွက်လက် မှန်ကန်မြန်ဆန်စေရန်၊ နိုင်ငံတကာ အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရန်၊ အချိန်နှင့် ငွေကြေးသုံးစွဲမှုများ လျော့ကျလာစေပြီး ကြိုတင်မျှော်မှန်း ဆောင်ရွက်နိုင်စေရန်၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေခြင်းမှတစ်ဆင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ပိုမိုဖိတ်ခေါ်လာနိုင်စေရန်နှင့် နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်ကြောင်း သိရသည်။

ရှင်းလင်းပွဲတွင် (MACCS)စနစ်နှင့်ပတ်သက်၍ သိရှိလိုသည့်အချက်များကို သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်များက မေးမြန်းဆွေးနွေးကြကာ အကောက်ခွန်ဦးစီးဌာန(MACCS)ဌာနခွဲ ညွှန်ကြားရေးမှူး ဦးဝင်းသန့်က ပြန်လည်ရှင်းလင်းဖြေကြားပြီး မြဝတီမြို့နယ်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်က MACCS လုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ယခုလို မြဝတီနယ်စပ် ဒေသတွင် လာရောက်ရှင်းလင်းပို့ချပေးသည့်အတွက် JICA အဖွဲ့မှ တာဝန်ရှိသူများ၊ အကောက်ခွန်ဦးစီးဌာန တာဝန်ရှိသူများကို ကျေးဇူးတင်ရှိကြောင်း ပြန်လည်ပြောကြားခဲ့သည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**

# နွေရာသီ အခြေခံအားကစားသင်တန်းများ ဖွင့်လှစ်လျက်ရှိ



**တွံတေး မတ် ၂၄**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တွံတေးမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြို့နယ်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ နွေရာသီ အခြေခံအားကစားသင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိရာ ကျောင်းသား ကျောင်းသူ ၁၃၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ အသက်ကိုးနှစ်မှ ၁၅ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအား သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ ဘောလုံးအခြေခံသင်တန်းကို မြို့မအားကစားကွင်း၌ ဖွင့်လှစ်ပြီး တက်ရောက်သူ ၈၀ ရှိကြောင်း၊ အေးချမ်းအားကစားခန်းမ၌ဖွင့်လှစ်သော သင်တန်းများဖြစ်သည့် ကြက်တောင်သင်တန်းတွင် ၁၅ ဦး၊ စားပွဲတင်တင်းနစ် သင်တန်းတွင် ၁၀ ဦး၊ ရိုးရာလက်ဝှေ့သင်တန်းတွင် ၁၀ ဦး သင်ကြားလျက်ရှိပြီး မြို့နယ်တင်းနစ်ကွင်း၌ ဖွင့်လှစ်သည့် အခြေခံတင်းနစ်သင်တန်းတွင် ၂၀ သင်ကြားနေကြောင်း သိရသည်။

အဆိုပါ နွေရာသီအခြေခံအားကစားသင်တန်းများကို သင်တန်းကြီးကြပ်သူအဖြစ် မြို့နယ်အားကစားမှူးဦးငွေစိုးက ကြီးကြပ်ပြီး နည်းပြများဖြင့် နံနက်တစ်ကြိမ်၊ ညနေပိုင်းတစ်ကြိမ် သင်ကြားပေးလျက်ရှိကာ သင်တန်းကာလမှာ မတ် ၅ ရက်မှ ဧပြီ ၁၁ ရက်အထိဖြစ်ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

# ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရေးအတွက် ပထမအကြိမ် ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မတ် ၂၄**
နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာဆောက်လုပ်ရေးဆိုင်ရာ ပထမအကြိမ် ညှိနှိုင်းဆွေးနွေးပွဲကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ဦးစီး၍ မတ် ၂၂ ရက်က နေပြည်တော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရှိ နိုင်ငံ့ဝန်ထမ်းများအားလုံး တာဝန်ထမ်းဆောင်ပြီးနောက် အငြိမ်းစားယူပါက ဘဝလုံခြုံစိတ်ချမှုရှိစေရန်၊ တာဝန်ထမ်းဆောင်ရာတွင်လည်း ကျေနပ် ဝမ်းမြောက်မှုရရှိစေရန်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် တစ်ချိန်တည်းတစ်ပြိုင်တည်း ဝန်ထမ်းအိမ်ရာများ တည်ဆောက်နိုင်ရေးအတွက် ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးကော်မတီများ၊ ပုဂ္ဂလိက ဘဏ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေးညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန်ဒေါက်တာမျိုးအောင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှု၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဝန်ကြီး၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံဘဏ်များအသင်း ဥက္ကဋ္ဌနှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရိုးရိုးဖုန်းများကို ရေစိမ်ခံနိုင်အောင်လုပ်ပေးသည့်ဝန်ဆောင်မှု စတင်ပြုလုပ်ပေးနေ

**ရန်ကုန် မတ် ၂၄**
ရေစိုခံနိုင်ခြင်းမရှိသော မည်သည့် သာမန်ဖုန်းများကိုမဆို ရေစိမ်ခံနိုင်အောင် နောက်ဆုံးပေါ် နည်းပညာဖြစ်သည့် Nano coating technology အသုံးပြု၍ ပြုလုပ်ပေးသည့် ဝန်ဆောင်မှုကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းရှိ Phone Corner ဖုန်းဆိုင်တွင် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

ဖုန်းများကို Nano coating နည်းပညာ အသုံးပြု၍ ပေါင်းခံပေးခြင်းဖြစ်ကာ ဖုန်းတစ်လုံးလျှင် ကျပ်နှစ်သောင်း ကျသင့်ကြောင်း၊ မည်သည့် Touch Screen ဖုန်းများကိုမဆို ပေါင်းခံနိုင်ပြီး ကီးပက်ဖုန်းများကို ပေါင်းခံ၍မရကြောင်း၊ Phone Corner ဖုန်းဆိုင်အနေဖြင့် အဆိုပါ ဝန်ဆောင်မှုကို ပြုလုပ်ပေးနေသည်မှာ နှစ်လကျော်ခန့် ရှိနေပြီဖြစ်ကြောင်း သိရသည်။

ဖုန်းတစ်လုံး ပေါင်းခံခြင်းအတွက် အချိန်တစ်နာရီခန့်သာ ကြာမြင့်ပြီး ပေါင်းခံပြီးပါက ဖုန်း များရှိ နားကြပ်ပေါက်၊ အားသွင်းကြိုးပေါက်များကိုလည်း ပုံမှန်အတိုင်းပင် ဆက်လက်အသုံးပြုနိုင်ကြောင်း၊ ပေါင်းခံလိုက်ခြင်းကြောင့် ဖုန်းများတွင် Touch Screen များ လေးသွားခြင်း၊ ဘက်ထရီ ပို၍ပူလာခြင်းများလည်း မရှိကြောင်း သိရသည်။

“ဒါက အငွေ့နဲ့ပေါင်းလိုက်တဲ့ သဘောပဲ။ နောက်ဖုံးဖွင့်လို့ရတဲ့ဖုန်းဆိုရင် နောက်ဖုံးဖွင့်လိုက်တယ်။ ဘက်ထရီတော့ မဖြုတ်ဘူး။ နောက်ဖုံး ဖွင့်လို့မရတဲ့ဖုန်းဆိုရင်လည်း ဒီအတိုင်းပဲ စက်ထဲ ထည့်တယ်။ ဆေးရည်ကိုလည်း စက်ထဲထည့်ပြီး စက်ကိုဖွင့်လိုက်တာနဲ့ အငွေ့လိုပုံစံမျိုးနဲ့ ဖုန်းရဲ့နားကြပ်ပေါက်၊ စပီကာပေါက်ထဲကနေ ဝင်ပြီး ဖုန်းရဲ့မိန်းဘုတ်ကို ဖုံးအုပ်လိုက်တာပေါ့”ဟု ဖုန်းဆိုင်မှတာဝန်ရှိသူတစ်ဦးက ပြောသည်။ ပေါင်းခံရာတွင် ဖုန်း၏ အစိတ်အပိုင်းများကို ဖြုတ်ရန်မလိုဘဲ နောက်ဘက်ကာဗာကိုသာဖြုတ်၍ Nano စက်အတွင်းထည့်ပြီး ပေါင်းခံခြင်းဖြစ်သဖြင့် ဖုန်းများတွင်ပါဝင်သည့် မူလအာမခံများလည်း ပျက်ခြင်းမရှိကြောင်း အဆိုပါ တာဝန်ရှိသူက ဆက်ပြောသည်။

ပေါင်းခံပြီးပါက ဖုန်းကို ရေစိမ်၍ စမ်းသပ်ပြမည်ဖြစ်ပြီး ရေစိုခံသည့် အာမခံကာလကို တစ်နှစ်ပေးထားကြောင်း သိရသည်။ ပေါင်းခံပြီးသည့်ဖုန်းကို ရိုးရိုးရေ အနက် ၁၀ မီတာ၌ ရေစိမ်ပါက ၁၀ မိနစ်ခန့် ရေစိမ်ခံနိုင်မည်ဖြစ်ပြီး သကြၤန်တွင်းအပါအဝင် သာမန်ရေစိုခြင်းများ၊ ရေငွေ့ရိုက်ခြင်းများအတွက် တစ်နေ့လုံးခံနိုင်ကြောင်း သိရသည်။ ဖုန်းကို ပေါင်းခံပြီးပါက ရေထဲတွင်လည်း ပုံမှန်အတိုင်း အသုံးပြုနိုင်ပြီး ရေအောက်တွင် ဓာတ်ပုံရိုက်ခြင်းမျိုး အတွက်လည်း အသုံးပြုနိုင်ကြောင်း၊ ပင်လယ်ရေမှာမူ ဆားငန်ရေဖြစ်သဖြင့် ပင်လယ်ရေစိုခြင်းကို မခံနိုင်ကြောင်း သိရသည်။

အဆိုပါ Nano Coating နည်းပညာဖြင့် အသုံးပြုခြင်းဖြင့် ဖုန်းများကို ရေစိုဒဏ်တင်မက ရေငွေ့ရိုက်သည့်ဒဏ်ကိုပါ ခံနိုင်စေမည်ဖြစ်သလို ရေထဲတွင်လည်း ဖုန်းကို ပုံမှန်အတိုင်း အသုံးပြုနိုင်မည်ဖြစ်၍ သကြၤန်ကာလ နီးလာသည့် လက်ရှိအချိန်တွင် ဖုန်းအသုံးပြုသူများအနေဖြင့် ရေစိုခံဖုန်းအိတ်များအသုံးပြုခြင်းထက် ပိုမိုကောင်းမွန်သည့် အဆိုပါ Nano Coating နည်းပညာကို အသုံးပြုရန် စိတ်ဝင်စားနေကြသည်ကို တွေ့ရသည်။

**သူရဖြိုး**



# ဆမ်ဆောင်းဖုန်း ဘက်ထရီများကို အချက်ရှစ်ချက် စစ်ဆေးသည့်စနစ်ဖြင့် စစ်ဆေးလျက်ရှိ

**ရန်ကုန် မတ် ၂၄**
ပြီးခဲ့သည့်နှစ်က ဆမ်ဆောင်း၏ Galaxy Note 7 ဖုန်းများတွင် ဘက်ထရီပြဿနာများ ဖြစ်ပွား၍ ရောင်းချမှုရပ်ဆိုင်းခဲ့ပြီးနောက် ဆမ်ဆောင်းအနေဖြင့် အနာဂတ်ထုတ်ကုန်များ ဘေးကင်းလုံခြုံ၍ ယုံကြည်စိတ်ချမှုရှိစေရန်အတွက် ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ကာ ဘက်ထရီအပိုင်းတွင်လည်း အချက် ရှစ်ချက်ဖြင့် စစ်ဆေးသည့် 8 Point Battery Safety Check စနစ်ကို စတင်အသုံးပြုလျက်ရှိကြောင်း ဆမ်ဆောင်းမြန်မာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ လုပ်ဆောင်ချက်အသစ်သည် Samsung ၏ထုတ်ကုန်ပစ္စည်းများတွင် ပါရှိသော ဘက်ထရီများ ဘေးကင်းလုံခြုံစေရန်အတွက် အရေးပါသော စမ်းသပ်လုပ်ဆောင်ချက်တစ်ခုဖြစ်ပြီး ဘက်ထရီများကို X-ray အပြင် လူသားမျက်လုံးဖြင့် အတွင်းမှအပြင်အထိ တိကျသောစမ်းသပ်မှုများ ပြုလုပ်သည့်အဆင့်များ ပါဝင်ကြောင်း သိရသည်။

လုပ်ဆောင်သွားမည့် စမ်းသပ်ချက်များမှာ ဘက်ထရီများကို လိုအပ်သည်ထက်ပို၍ အားသွင်းခြင်း၊ ဘက်ထရီများကို လွန်ကဲသောအပူချိန်ရှိသည့်နေရာတွင် ထားရှိခြင်းတို့ဖြင့် ဘက်ထရီ၏ကောင်းမွန်မှုကို စမ်းသပ်မည့် ကြာရှည်ခံမှု စမ်းသပ်ချက်၊ ဆမ်ဆောင်း၏ စံရည်မှန်းချက်များနှင့် စံချိန်စံညွှန်းများအရ ဘက်ထရီကို အမြင်ဖြင့်စစ်ဆေးမည့် အမြင်အာရုံဖြင့် စစ်ဆေးခြင်း၊ X-Ray အောက်တွင် ဘက်ထရီများကိုဖြတ်စေခြင်းဖြင့် အတွင်းပိုင်းပြစ်ချက်များ ရှိ မရှိကို စစ်ဆေးမည့် X-Ray ဖြင့် စစ်ဆေးခြင်း၊ ဖုန်းဘက်ထရီများကို ကြိမ်ဖန်များစွာ အားသွင်း၍ စမ်းသပ်မည့် ကြိမ်ဖန်များစွာ အားသွင်း စမ်းသပ်ခြင်း (Charge and Discharge Test)၊ ဖုန်းဘက်ထရီများအတွင်းရှိ အော်ဂဲနစ်ဒြပ်ပေါင်း ယိုစိမ့်မှုရှိ မရှိကို စစ်ဆေးခြင်း (TVOC အော်ဂဲနစ် ဒြပ်ပေါင်း ယိုစိမ့်မှု စမ်းသပ်ချက်)၊ ဘက်ထရီများကို ဖုန်းမှ ပြန်လည် ဖြုတ်ယူ၍ ဘက်ထရီတစ်လုံး၏ လုံခြုံရေးအတွက် အရေးပါသော အစိတ်အပိုင်းများဖြစ်သည့် ဘက်ထရီတွင် ပတ်ထားသော အပူကာတိပ်များနှင့် ဘက်ထရီ၏ Tab များအား ဂဟေဆက်ထားသောနေရာများကို အင်ဂျင်နီယာများက ပြန်လည်စစ်ဆေးမည့် ဖုန်း ဘက်ထရီများကို ပြန်ဖြုတ်၍ ဆန်းစစ်ခြင်း(Disassembling Test)၊ သုံးစွဲသူများအနေဖြင့် ဖုန်းကိုသုံးရာတွင် အရှိန်အနှုန်းမြင့် အသုံးပြုသည့်အတိုင်း ထိုသုံးစွဲမှုနှင့်တူသော အခြေအနေတစ်ခုကိုဖန်တီး၍ စစ်ဆေးမည့် အရှိန်အဟုန်မြှင့် အသုံးပြုမှုအား စမ်းသပ်ခြင်း (Accelerated Usage Test)၊ ဖုန်းတွင်ပါဝင်သော အစိတ်အပိုင်းများကို စတင်တပ်ဆင်ချိန်မှစ၍ ပြီးပြည့်စုံသော ဖုန်းတစ်လုံး ဖြစ်လာသည်အထိ ဖုန်းထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ဖုန်းဘက်ထရီများ၏ ဗို့အားပြောင်းလဲမှုများကို စစ်ဆေးမည့် Delta Open Circuit Voltage စမ်းသပ်ချက် စသည့် အချက်ရှစ်ချက်ဖြင့် စမ်းသပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# My Ooredoo App ဖြင့် အူရီဒူး၏ ဝန်ဆောင်မှုများအားလုံးကို ရယူအသုံးပြုနိုင်

**ရန်ကုန် မတ် ၂၄**
အူရီဒူးဆင်းကတ်များကို သုံးစွဲနေသူများအနေဖြင့် အူရီဒူး၏ ဝန်ဆောင်မှုများကို အသုံးပြုရာတွင် ပိုမိုအဆင်ပြေလွယ်ကူစေရန်အတွက် My Ooredoo Application Version 2.0 ကို Update ထပ်မံပြုလုပ်ပေးထားပြီး သုံးစွဲသူများအနေဖြင့် အူရီဒူး၏ ဝန်ဆောင်မှုများအားလုံးကို အပလီကေးရှင်းမှ ရယူအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

My Ooredoo App ကို အသုံးပြုသူများအနေဖြင့် အူရီဒူး၏ 3G/4G ကွန်ရက်ဖြင့် အသုံးပြုနေသည့်အခါတွင် App ကို အခမဲ့ ဝင်ရောက်အသုံးပြုနိုင်မည်ဖြစ်ပြီး Wi-Fi ဖြင့်အသုံးပြုနေသည့်အချိန်တွင်လည်း တစ်ကြိမ်သုံးစကားဝှက်ကို အသုံးပြု၍ App ကို ဝင်ရောက်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ App သို့ ဝင်ရောက်သည်နှင့် ပင်မလက်ကျန်ငွေ၊ ပရိုးမိုးရှင်းလက်ကျန်အတွက် ဒေတာ၊ အသံနှင့် SMS ခံစားခွင့်များကို စစ်ဆေးနိုင်မည်ဖြစ်ပြီး ကိုယ်တိုင် ဖုန်းငွေဖြည့်ခြင်း၊ အခြားနံပါတ်များအတွက် ဖုန်းငွေဖြည့်ပေးခြင်း၊ ငွေဖြည့်သွင်းခဲ့သည့် မှတ်တမ်းများကို ကြည့်ရှုခြင်းတို့ကိုလည်း App ဖြင့်ပင် လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ပရိုမိုးရှင်းအစီအစဉ်များဖြစ်သည့် ပေါင်းကူးအင်တာနက်အစီအစဉ်၊ နေ့စဉ်သုံး၊ အပတ်စဉ်သုံးနှင့် လစဉ်သုံး အစီအစဉ်များ၊ ညသုံးအင်တာနက်အစီအစဉ်များ၊ Facebook အစီအစဉ်များနှင့် အသံအစီအစဉ်များကို ဝယ်ယူခြင်းကိုလည်း App ထဲတွင် အလွယ်တကူပြုလုပ်နိုင်မည်ဖြစ်ကာ Fun Tone ဝန်ဆောင်မှု၊ Name Tone ဝန်ဆောင်မှုနှင့် Status Tones ဝန်ဆောင်မှုတို့ကိုလည်း ရယူအသုံးပြုနိုင်မည်ဖြစ်သည်။

ထို့အပြင် အထူးစိတ်ကြိုက် သီးသန့်နံပါတ်များကို မှာယူလိုပါကလည်း My Ooredoo App မှတစ်ဆင့် မိမိကိုယ်တိုင် လွယ်ကူစွာ မှာယူနိုင်မည်ဖြစ်ကာ ရရှိနိုင်မည့် နံပါတ်နှင့် ဈေးနှုန်းများကိုပါ ချက်ချင်း သိရှိနိုင်မည်ဖြစ်သည်။ ဆင်းကတ်ကို မှတ်ပုံတင်ရန်အတွက်လည်း App ထဲတွင် ပါရှိသည့် ဆင်းကတ်မှတ်ပုံတင်ခြင်းခလုတ်ကိုနှိပ်၍ လိုအပ်သည့် အသေးစိတ်အချက်အလက်များကို ထည့်သွင်းဖြည့်စွက်ပေးခြင်းဖြင့် လွယ်ကူစွာ ဆင်းကတ်မှတ်ပုံတင်နိုင်မည်ဖြစ်သည်။ My Ooredoo App ကို ရယူရန်အတွက် Google Play Store နှင့် App Store တို့တွင် အခမဲ့ ဒေါင်းလုတ်ပြုလုပ်၍ ရယူအသုံးပြုနိုင်ကြောင်း သိရသည်။

**သူရဖြိုး**




# ကျန်းမာရေးဆိုင်ရာ အပလီကေးရှင်း ဗားရှင်းသစ်ကို ဝေးလံသည့်ဒေသများတွင် လိုက်လံမိတ်ဆက်ပေးနေ

**ရန်ကုန် မတ် ၂၄**
ကျန်းမာရေးဝန်ဆောင်မှုများ ရရှိရန်ခက်ခဲသည့် ဒေသများရှိ ပြည်သူများအနေဖြင့် လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ အချက်အလက်များ၊ အကြံဉာဏ်များကို အလွယ်တကူရရှိနိုင်စေရန်အတွက် တယ်လီနောက ထုတ်လုပ်ထားသော ကျန်းမာရေးဆိုင်ရာ မိုဘိုင်းအပလီကေးရှင်းတစ်ခုဖြစ်သည့် Mate App ၏ ဗားရှင်းသစ်ကို တယ်လီနောမြန်မာက မာရီစတုပ်စ်-မြန်မာနှင့် ပူးပေါင်းရေးဆွဲ၍ ထုတ်လုပ်ထားပြီး ဝေးလံသည့်ဒေသများတွင် နေထိုင်သူများ အလွယ်တကူရယူနိုင်ရန် စတင်မိတ်ဆက်ပေးလျက်ရှိကြောင်း သိရသည်။



“ကျေးရွာတွေနဲ့ တောတောင်ထူထပ်တဲ့ ဒေသတွေမှာ နေထိုင်သူတွေအနေနဲ့ ကျန်းမာရေးဆိုင်ရာ အကြံဉာဏ်တွေ ရယူသုံးစွဲဖို့ရာ စိန်ခေါ်မှုကြီးတစ်ခု ဖြစ်နေဆဲဖြစ်ပါတယ်။ တယ်လီနောအနေနဲ့ အဲဒီလို အခက်အခဲတွေ ကြုံနေရတဲ့သူတွေ၊ အိမ်ထောင်စုတွေအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေဖို့ အခု အပလီကေးရှင်းကို မိတ်ဆက်ပေးရတဲ့အတွက် ဝမ်းမြောက်ပါတယ်”ဟု တယ်လီနောမြန်မာ၏ Business Sustainability တာဝန်ခံ ဦးမင်းသူက ပြောကြားသည်။

တယ်လီနောမြန်မာသည် Mate အပလီကေးရှင်း ပထမဆုံးဗားရှင်းကို မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်အတွင်းက စတင်မိတ်ဆက်ခဲ့ပြီး အဆင့်မြှင့်ထားသော ဗားရှင်းကို မေ ၂၀၁၆ တွင် ထပ်မံမိတ်ဆက်ခဲ့သည်။ အပလီကေးရှင်းတွင် ကျေးလက်ဒေသများရှိ လူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် မိသားစုများအတွက် ကျန်းမာရေးစောင့်ရှောက်ဆိုင်မှုဆိုင်ရာ အချက်အလက်များ ပါရှိကာ ယခု နောက်ဆုံးထုတ် ဗားရှင်းတွင် သုံးစွဲသူများ ပိုမိုလွယ်ကူစွာ အသုံးပြုနိုင်စေရန် အဆင့်မြှင့်ထားပြီး ကျန်းမာရေးဆိုင်ရာ နောက်ဆုံးရသတင်းများလည်း ပါဝင်သလို ကျန်းမာရေးဆိုင်ရာအကြံဉာဏ်များ တောင်းခံနိုင်မည့် အရေးပေါ်ဖုန်းလိုင်းကိုပါ တိုက်ရိုက်ခေါ်ဆိုနိုင်ရန် ပြုလုပ်ပေးထားကြောင်း သိရသည်။


“Mate အပလီကေးရှင်းဟာ အသုံးပြုသူတွေရဲ့ ကျန်းမာရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတတွေကို ထိထိရောက်ရောက် မြှင့်တင်ပေးနိုင်မှာဖြစ်တဲ့အပြင် မှားယွင်းနေတဲ့ အယူအဆတွေကိုလည်း ပြန်လည်တည့်မတ်ပေးဖို့ ရည်ရွယ်ထားပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေအတွက် အရမ်းအဖိုးတန်တဲ့ ကျန်းမာရေးဗဟုသုတ အရင်းအမြစ်တစ်ခုဖြစ်လာဖို့ မျှော်လင့်ထားပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီအပလီကေးရှင်းကို မြန်မာနိုင်ငံအနှံ့ မြို့နယ်ပေါင်း ၃၇ မြို့နယ်မှာ မိတ်ဆက်ပေးခဲ့ပြီးဖြစ်တဲ့အပြင် မြို့ပေါ်မှာသာမက ကျေးရွာ၊ ရပ်ကွက်တွေအထိပါ ကွင်းဆင်းလုပ်သားတွေနဲ့ လိုက်လံ ရှင်းလင်းပြသ ထည့်သွင်းပေးနေပါတယ်”ဟု မာရီစတုပ်စ် - မြန်မာမှ mHealth Coordinator ဒေါက်တာခွန်သီဟက ပြောကြားသည်။

Mate အပလီကေးရှင်း ဗားရှင်းသစ်ကို ဖေဖော်ဝါရီလကုန်ပိုင်းက ချင်းပြည်နယ်တွင် ကျင်းပခဲ့သော ချင်းပြည်နယ်နေ့ အခမ်းအနားတွင် စတင်မိတ်ဆက်ပေးခဲ့ပြီး မတ်လလယ်အထိ ဒေါင်းလုပ်ဆွဲထားပြီးသည့် အရေအတွက်မှာ ၆၀၀၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**


telenor
(၁၀)ဆ ပြန်ရမယ့်
ဒေတာ ပါဆယ်
မကုန်ရင် နောက်လတွေအထိ ပါဆယ်ဆွဲသုံး
Small
1GB
၂,၉၉၉ိ/-
+
1000 mb
1,000 sms
5gb
Medium
4GB
၉,၉၉၉ိ/-
+
2000 mb
2,000 sms
5gb
Large
10GB
၁၉,၉၉၉ိ/-
+
4000 mb
4,000 sms
5gb
*979*2*7# ကိုဖုန်းခေါ်ဆိုပါ။
ဘာကြောင့် ဒေတာပါဆယ် Pack ကိုသုံးသင့်လဲ?
5%
ယခုလ ဒေတာသုံးစွဲမှုမှ လက်ကျန်
100%
နောက်လ ဒေတာ ပါဆယ်ဝယ်ယူမှု
105%
ယခုလ ဒေတာသုံးစွဲမှုမှ မကုန်ဘဲ ကျန်ခဲ့သောလက်ကျန် MBများကို နောက်လတွေအထိ ဆက်လက် သုံးစွဲနိုင်ပါသည်။
www.telenor.com.mm


ForEver
Gems by ရွှေနန်းတော်
(2016 ASEAN BUSINESS INNOVATION AWARD)
@ JUNCTION CITY YANGON
The Most Exciting Opening Sales
၂၀၁၇ မတ်လ (၂၅)ရက်နေ့မှ ဧပြီလ (၃၀)ရက်နေ့အထိ
သိန်းပေါင်း (1800) ကျော် ချီးမြှင့်ပေးမည့်
Lucky Draw Program
(၁) Nissan brand new ကား (၂) စီး
(၂) ၅ ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၃) ၂ ကျပ်သား ရွှေဆွဲကြိုး (၃) ကုံး
(၄) ၁ ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၅) ၈ပဲ သား ရွှေဆွဲကြိုး (၁၀) ကုံး
25-3-2017
(စနေနေ့) စတင်ဖွင့်လှစ်ပါပြီ
ချက်ခြင်းပေါက် ချက်ခြင်းယူဗလာမပါကံစမ်းမဲ
(၂၅-၃-၂၀၁၇ မှ ၃၀-၄-၂၀၁၇ ထိ)
(၁) ၁ ကျပ်သား ရွှေဆွဲကြိုး (၅) ကုံး
(၂) ၈ ပဲသား ရွှေဆွဲကြိုး (၁၀) ကုံး
(၃) ၄ ပဲသား ရွှေဆွဲကြိုး (၃၀) ကုံး
(၄) ၃ ပဲသား၊ ၂ ပဲသား၊ ၁ ပဲသား၊
ရွှေလက်စွပ် (၃၀၀)ကွင်း စုစုပေါင်း
ရွှေသားကံစမ်းမဲ (၄၀၀) ဝန်းကျင်နှင့် တခြားအဖိုးတန် ပစ္စည်းများ
အများဆုံးဝယ်ယူသူ (၁၀) ဦးအတွက်
ထပ်ဆင့်အထူးလက်ဆောင်မွန်
(၂၅-၃-၂၀၁၇ မှ ၃၀-၄-၂၀၁၇ ထိ)
ရွှေ (၃) ကျပ်သား (၁) ဆု ၊ ရွှေ (၂) ကျပ်သား (၁) ဆု
ရွှေ (၁) ကျပ်သား (၅) ဆု ၊ ရွှေ (၅) မူးသား (၅) ဆု
SALE
Up to
50% OFF
25-3-2017 မှ 28-3-2017 : နံနက် (၉ : ၃၀) တွင်နိုင်ငံကျော်အနုပညာရှင်များနှင့်
အခမ်းအနားဖွင့်လှစ်၍အမှတ်တရဓါတ်ပုံရိုက်ခြင်း၊ လက်မှတ်ရေးထိုးခြင်းနှင့်
စင်ကာပူနိုင်ငံမှ Manderville Conservatory
(Electric String Instruments)
Hit it Productions (DJ Console LED Barrels )
တို့၏ဖျော်ဖြေမှု၊ နိုင်ငံကျော်တေးသံရှင်များဖြင့်ဖျော်ဖြေမည်။
ပထမဦးဆုံးဝယ်ယူသူ(၁၅၀)ကို (1gm) White Gold ဆွဲသီးလက်ဆောင်ပေးမည်။ (ကံစမ်းရန်မလို)




Sale Enquire

Another Prestigious Project

MGW
MANDALAY GOLDEN WING
Construction Limited

Yangon
No. 2, U Tun Nyein St,Mayangone Tsp,Yangon, Myanmar.
Tel - 01-657860,09 420097998 09-420097992---5,
Mandalay
Diamond Plaza No-635, Between(77-78),33
Chan Aye Thar Zan Tsp, Mandalay.
Tel- 09 6801904,09 6801905, 02. 69351, 02. 69361
E-mail :agm.diamondinyapalaceygn@gmail.com
Website :www.diamondinyapalace.com


HELLO
YANGON!
FROM THE HEART OF THE CITY
SEE YOU ON
27 MARCH
JUNCTION CITY
JUNCTION CITY
JunctionCityYangon.com
Corner of Bogyoke Aung San Road and Shwedagon Pagoda Road.
+95 9977831452

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ် (၁၀၈)တောင်မဟာဗောဓိစွယ်တော်ရှင်စေတီတော်



### "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်တွင် လွန်ခဲ့သော နှစ်ပေါင်း(၅၀)ကျော် (၁၃၂၃)ခုနှစ်တွင် တည်ထားကိုးကွယ်တော်မူခဲ့သော မြို့ကျက်သရေ ဆောင် အပူဇော်ခံ (၂/၉၂)ပြန်တမ်းဝင် ၊ ဝါတော်စဉ် (၁၀၄)ထိုက်တော်မူသော (၁၀၈)တောင် မဟာဗောဓိစွယ်တော်ရှင်၊ စေတီတော်မြတ်ကြီးအား ယခုအခါတွင် ဘက်စုံ တည်ဆောက်ပြုပြင်ရေး ကော်မတီ၊ စေတီတော်ဂေါပကအဖွဲ့နှင့် အနယ်နယ်၊ အရပ်ရပ်တို့မှ ပါရမီရှင် အလှူရှင်များစုပေါင်း၍ သံဃနာယကဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူကာ ပြုပြင်တည်ဆောက်ရေးလုပ်ငန်းအဆင့်ဆင့် နှင့် စေတီတော်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းများကပ်လှူပူဇော်ပြီး ရွှေစင်ရွှေသားစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့အား ၁၃၇၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၄)ရက် (၉-၄-၂၀၁၇) တနင်္ဂနွေနေ့ နံနက် (၉း၀၀)နာရီအချိန်တွင် ရွှေထီးတော်တင်မင်္ဂလာ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီး၊ ရပ်ဝေးမှ ရဟန်းရှင်လူသူတော်စင် သူတော်မြတ်များနှင့် ဓမ္မမိတ်ဆွေ အပေါင်းတို့အား လာရောက်ဖူးမြော် သဒ္ဓါပွားများနိုင်ပါရန် ခင်မင်လေးစားစွာဖြင့် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

"ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု"

## သင်္ကြန်တွင်း ဒုလ္လဘရဟန်း/သီလရှင်ဝတ်ပွဲနှင့် (၅)ရက် အထူးတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကျိုက်ဒေးဒလွန် ဘုရားကြီး အနီးရှိ ထေရီဓမ္မရိပ်သာအတွင်း၌ ဒုလ္လဘရဟန်း/သီလရှင်ဝတ်ပွဲနှင့် (၅)ရက်အထူးတရားစခန်းပွဲကြီးကို ၁၃-၄-၂၀၁၇မှ ၁၇-၄-၂၀၁၇ ရက် အထိ ကျင်းပဖွင့်လှစ်သွားမည်ဖြစ်ပါ၍ ရဟန်း/သီလရှင်ဝတ်လိုသူများနှင့် ယောဂီအဖြစ် ဝင်ရောက်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ် ကြောင်း နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**အကျိုးတော်ဆောင်အဖွဲ့**
**စုပေါင်းရုံးမှတ်တိုင်အနီး**
**မှော်ဘီမြို့**
ဖုန်း-၀၉-၂၅၄၄၅၀၃၀၅၊ ၀၉-၅၄၀၄၃၉၄

## ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် အိတ်ပိတ်တင်ဒါ(၃/၂၀၁၇)

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ ရင်ပြင်တော်မြောက်ဘက်ရှိ အလျား (၂၈ပေ ၉ လက်မ)× အမြင့် ၁၇ပေရှိသော မြနန်းစံကျော်ရွှေနန်းတော် နန်းဦးဘုရား၊ ဂန္ဓကုဋီတိုက်၏ မျက်နှာစာအား မှန်ကာခြင်းလုပ်ငန်း လုပ်ကိုင်လိုသူများသည် ၂၀၁၇ ခုနှစ် မတ် ၂၈ ရက် (အင်္ဂါနေ့) ညနေ ၃း၃၀ နာရီတွင် နောက်ဆုံးထားပြီး အိတ်ပိတ်တင်ဒါတင်သွင်းရမည်။ အသေးစိတ်သိရှိလိုပါက ဂေါပကရုံးခန်းတွင် စုံစမ်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်**
ဖုန်း-၀၁-၂၉၂၁၆၉၊ ၀၁-၂၀၁၇၆၄

## ဓမ္မရဝေတောရ သင်္ကြန်(၇)ရက် တရားစခန်း ဖွင့်မည်

**ဆရာတော် အရှင်ရာဇိန္ဒ (ရဝေနွယ် -အင်းမ)** ပဓာန နာယက အဖြစ် သီတင်းသုံးလျက်ရှိသော ဓမ္မရဝေတောရ အောင်စည်းခုံ စေတီလမ်း၊ အမှတ်(၃)လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသ ကြီး(မင်္ဂလာဒုံဥယျာဉ်မြို့တော်အလွန်၊ သဃ်န်းကျွန်းကြီးမှတ်တိုင်)၌ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ကြား ပြသ ခဲ့သောနည်းစနစ်အတိုင်း...

**၂၀၁၇-ဧပြီလ(၁၂)ရက် ဗုဒ္ဓဟူးနေ့မှ ဧပြီလ(၁၈)ရက် အင်္ဂါနေ့အထိ**

သင်္ကြန်(၇)ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်း ဝင်လိုသူများ ဓမ္မရဝေတောရသို့ ကိုယ်တိုင်လာရောက် စာရင်းပေးသွင်း နိုင်ပါသည်။

ဆုံစမ်းရန် ... ကိုဖြိုးဖွေး-၀၉၄၂၀၀၆၂၄၂၆
မသက်မြတ်နိုင်-၀၉၇၇၃၃၅၆၁၅၅၊ မပိုးဗွေ-၀၉-၇၇၉၉၂၁၉၁၈

လမ်းညွှန်။ ၁။ သဃ်န်းကျွန်းကြီးမှတ်တိုင်၊ အောင်စည်းခုံစေတီလမ်း မှ ဝင်ပါ။ (သို့မဟုတ်) ၂။ ကာယ(၁၂)လမ်းမှ ဝင်ပါ။

မှတ်ချက်။ ၂၀၁၇-ဧပြီလ(၂)ရက်နေ့၊ နံနက်(၈း၀၀)နာရီမှသာ စာရင်းစတင်လက်ခံပါမည်။

# Yes!! English School

** Always say Yes!! to English. **

**4 skill English classes**

- ★ Basic
- ★ Elementary
- ★ Intermediate
- ★ Advanced
- ★ IELTS,TOEFL, SAT

Start On March & April
18,19,22,25,26,1,2,3.

၂၃၊လှည်းတန်းလမ်းမ၊ Ph : 01-511778 09-73033648

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၆၅၃၁၁ Harry Star 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းကျော်ဦး ၁၄/သပန(နိုင်)၀၈၄၇၅၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၅ယ/၁၇၀၉၅ Kenbo 110 ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်ထွန်းစံ ၁၄/ကကန(နိုင်)၀၀၈၈၀၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## အောင်ပင်လယ် ပရိယတ္တိစာသင်တိုက် သင်္ကြန်မိုးကုတ်တရားစခန်းပွဲ

သင်္ကြန်တွင်း တရားစခန်းပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပ မြို့နယ်၊ အမှတ်(၂)ဝိုင်း၊ အောင်ပင်လယ် ပရိယတ္တိစာသင်တိုက်၌ ၁၃-၄-၂၀၁၇ရက်မှ ၁၇-၄-၂၀၁၇ရက် (မြန်မာနှစ်ဆန်း ၁ ရက်နေ့)အထိ ကျောင်းတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တစန္ဒသိရီ(သာသနဓဇဓမ္မာ စရိယ၊ ကမ္မဋ္ဌာနာစရိယ)က ဟောကြားပြသမည်ဖြစ်ပါ၍ တရားစခန်း ပွဲဝင်လိုသောယောဂီများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြရန် တိုက်တွန်း နှိုးဆော်အပ်ပါသည်။

ယောဂီများသည် ၁၂-၄-၂၀၁၇ရက် ညနေ ၆း၀၀နာရီထက် နောက်မကျစေဘဲ ကျောင်းတိုက်သို့ ဝင်ရောက် ကြရန်ဖြစ်ပါသည်။

**ကျောင်းတိုက် ဖုန်း-၀၉-၄၂၅၀၀၈၄၄၆၊ ၀၉-၇၃၀၂၃၁၀၈**

## တေဇ(၅) မိသားစုများ၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိသားစုတွေ့ဆုံပွဲ

တေဇ (၅)မိသားစုများ၏ (၄၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် မိသားစုတွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပါမည်-

(က) **အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းပွဲ**-၄-၄-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၀၆း၀၀နာရီတွင် ကျဆုံးကွယ်လွန်သွားသော သူငယ်ချင်းများအား ရည်စူး၍ မရမ်းကုန်းမြို့နယ် တံတားလေးလမ်းဆုံ၊ မီးသတ် ဦးစီးဌာန (ရုံးချုပ်)ရှေ့ရှိ စံပြသာသနာပြုကျောင်းတိုက်တွင် ဆောင်ရွက်ပါမည်။

(ခ) **ညစာစားပွဲနှင့် မိသားစုတွေ့ဆုံပွဲ**-၄-၄-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၁၈း၀၀နာရီမှ ၂၂း၀၀ နာရီထိ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ Western Park Polo တွင် ကျင်းပပြုလုပ်ပါမည်။

(ဂ) **ဂေါက်သီးရိုက်ပြိုင်ပွဲ**- ၁-၄-၂၀၁၇ရက် (စနေနေ့) မွန်းတည့် ၁၂း၀၀ နာရီ (၉)မိုင် ဂေါက်ကွင်းတွင် ကျင်းပပြုလုပ်ပါမည်။ တေဇ (၅) မိသားစုများ စုံညီစွာတက်ရောက်အားပေးကြပါရန်နှင့် ရပ်ဝေးမှ တက်ရောက်လိုသူများတည်းခိုနေထိုင်ရေးအခက်အခဲရှိပါက စီစဉ်ပေး မည်ဖြစ်ပါ၍ အောက်ပါသူငယ်ချင်းများထံ ကြိုတင်ဆက်သွယ်ပေးကြ ပါရန်-

**မျိုးမင်း** ဖုန်း-၀၉-၅၀၃၁၂၀၇ **မြင့်ထွန်း** ဖုန်း-၀၉-၅၀၂၄၀၆၆
**ဇော်မင်း** ဖုန်း-၀၉-၅၀၁၇၅၄၉ **ခင်ဇော်(မန်း)** ဖုန်း-၀၉-၂၀၀၀၂၆၉
**တင်ကိုကို** ဖုန်း-၀၉-၇၈၀၇၆၈၂၅၂ **ခင်ဇော်(နီ)** ဖုန်း-၀၉-၅၁၁၉၈၆၆

## မာစီဒီး GL 550 ရောင်းမည် (သိန်း ၈၇၀)

2007 မိုဒယ်(2011 ရှပ်ပြောင်း)၊ ခါတ်ဆီ၊ WAGON၊ V8 အင်ဂျင်၊ အဖြူရောင်၊ SUN ROOF ၊ MOON ROOF ၊ ခုံ ၃တန်း၊ နောက်ဖုံးAUTO၊ နောက်ဆုံးခုံတန်း AUTO၊ GRADE အပြည့် 0943021001

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်တင်တင်သန်း နေထိုင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့် ရှိသော ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ အကွက် အမှတ်-၅၂၊ ကင်မလင်းကျွန်းအကွက်၊ ဦးပိုင်အမှတ် (G-၉၇)၊ ခြံမြေကွက်၊ မြေဧရိယာ-၀ ဒသမ ၀၈၂ ဧကအနက် ဧရိယာ ၀ ဒသမ ၀၄၁ ဧကကို ကျွန်ုပ် တို့၏မိတ်ဆွေ ဒေါ်တင်တင်သန်းမှ ဦးအောင်ဝင်းဆိုသူအား အပြီးအပိုင်ရောင်းချရန် စရန်ငွေလက်ခံထားပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာမှတ်စာတမ်း အထောက်အထားမူရင်းများယူဆောင်ကာ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါ သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက် ကျော်လွန်ပါက အပြီးသတ် အရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်သန်း** | **ဦးကြည်ဌေး(LL.B,C.B.L)** **ဦးဇာနည်ကိုကို(LL.B)**
၁၄/ပသန(နိုင်)၁၆၇၈၈၆ | တရားလွှတ်တော်ရှေ့နေ-၇၂၆၇ အထက်တန်းရှေ့နေ-၄၁၃၉၇
(G-၉၇)၊၄၀၂လမ်း၊ | အမှတ်(၃၃)၊ရွှေနှင်းဆီ(၃)လမ်း၊ ပုသိမ်မြို့၊
(၁၃)ရပ်ကွက်၊ပုသိမ်မြို့။ | ဖုန်း-၀၉-၂၅၂၉၁၉၄၆၆၊၀၉-၂၅၀၁၁၆၉၅၇

## ရွှေပြည်သာမြို့နယ်၊ မြသိန်းတန်ကျောင်းတိုက်ဓမ္မရိပ်သာ သင်္ကြန်အထူးတရားစခန်းဖွင့်ပွဲ

မဟာသံ့ဃရဆရာတော် ဦးကုမာရ၏ မေတ္တာရိပ်ကိုခိုလှုံကာ လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ ကမ္မဋ္ဌာနာစရိယချုပ် ဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)၏တပည့် ကမ္မဋ္ဌာနာစရိယ များ ညွှန်ကြားပြသသော သင်္ကြန်အထူးဝိပဿနာတရားစခန်းကို တန်ခူး လပြည့်ကျော် ၁ရက်မှ တန်ခူးလပြည့်ကျော် ၈ရက် (၁၂-၄-၂၀၁၇ရက်မှ ၁၉-၄-၂၀၁၇ရက်) ထိဖွင့်လှစ်မည်။ တရားစခန်းဝင်လိုသူများရွှေပြည် သာမြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ အုတ်ဖိုအမှတ်(၄)လမ်းမကြီး မြသိန်း တန်ကျောင်းတိုက် ဓမ္မရိပ်သာသို့ ၁၁-၄-၂၀၁၇ရက် ညနေ ၄နာရီမှ ၁၂-၄-၂၀၁၇ရက် နံနက် ၇နာရီအတွင်း အရောက်လာရန်။ ယောဂီဦးရေ ကန့်သတ်ထားပါသည်။

**ဖုန်း-၀၉-၄၂၅၃၀၂၉၀၆၊ ၇၃၀၆၁၂၄၅သို့**
**ဆက်သွယ်စုံစမ်းကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။**

## ဓမ္မာစရိယစာသင်သား သီလရှင်များကို ဖိတ်ခေါ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ မြကန်သာကျောင်းလမ်း လင်းမနောဟရ သီလရှင်စာသင်တိုက်တွင် (၁၃၇၉ခုနှစ် ကဆုန်လဆန်း ၉ရက်) ၄-၅-၂၀၁၇ ရက်မှစ၍ စာပေ ကျွမ်းကျင်ဆရာတော်များက ဓမ္မာစရိယ ကျမ်းရင်းသုံးကျမ်းကို ပို့ချ ပါမည်။ သို့ဖြစ်ပါ၍ စာသင်ကြားလိုသော သီလရှင် (ဆရာလေး သိက္ခာရှင်)များကို (၁၃၇၉ခုနှစ် ကဆုန်လဆန်း ၁ရက်) ၂၆-၄-၂၀၁၇ ရက်မှစ၍ လက်ခံပါမည်။

စာပေသင်ကြားစဉ် ဆွမ်းဆန်မရပ်ရဘဲ စားစရာ၊ နေစရာ ပြည့်စုံစွာ စီစဉ်ပေးပါမည်။

ဦးရေကန့်သတ်ချက်ကြောင့် ဆောလျင်စွာလျှောက်ထားနိုင်ပါပြီ။

**ဖုန်း-** ဆရာကြီး ဒေါ်အညေသီ ဖုန်း-၀၉-၅၁၉၃၈၈၆
ဆရာကြီး ဒေါ်ပညာစာရီ ဖုန်း-၀၉-၄၂၁၁၁၈၆၉၈

## အထက(သာဂရ)အာစရိယပူဇော်ပွဲ

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သာဂရမြို့ အထက်တန်းကျောင်းတွင် ပညာသင်ကြားပေးခဲ့သော ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများအား ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အပူဇော်ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများဖိတ်စာရသည်ဖြစ်စေ မရ သည်ဖြစ်စေ ကြွရောက်ပါရန်လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၁-၄-၂၀၁၇ရက်(သောကြာနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၇း၀၀နာရီ
**ကျင်းပမည့်နေရာ** - အထက(သာဂရ)

**ဆက်သွယ်ရန်-**

**ဆရာဦးပုလေး(သာဂရ)** ဖုန်း-၀၉-၄၄၂၄၈၄၁၀၆
**ဦးခင်မောင်သိန်း(ရန်ကုန်)** ဖုန်း-၀၉-၄၂၅၀၃၀၇၇၇
**ဦးစိုးနိုင်ဦး(သာဂရ)** ဖုန်း-၀၉-၇၉၅၂၈၁၁၆၈
**ကိုကြည်ရအောင်(သာဂရ)** ဖုန်း-၀၉-၅၃၅၁၁၉၆

## ဒဂုံမြို့သစ်

အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ် တောင်ပိုင်း၊ မြောက်ပိုင်းများရှိ မြေကွက်များကို ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၃၈၉၅၅ Honda Wave 110(M/C) ယာဉ် လက်ဝယ်ရှိသူ ဦးဝင်းယု ၁၄/မမန (နိုင်)၀၀၂၀၆၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၈၄၈၉၉ Jiafa 110/ဆိုင်ကယ်ယာဉ်လက်ဝယ် ရှိသူ ဦးစိုးထက် ၁၄/ပသန(နိုင်) ၀၀၅၆၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇ယ/၄၆၁၀၃ HARRY STAR 110 ယာဉ်လက် ဝယ်ရှိသူ ဦးခိုင်ဇော်ထက် ၁၄/သပန (နိုင်)၀၈၈၅၉၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈၈/၇၇၇၃ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြစ်ကူးတံတားကြီးများ ဧပြီ ၁ ရက်မှစ၍ တံတားဖြတ်သန်းခများ ကောက်ခံခြင်းမပြု

**ရန်ကုန် မတ် ၂၄**


ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့ပြနှင့်တစ်ဆက်တစ်စပ်တည်းရှိသည့် မြစ်ကူးတံတားကြီး ကိုးစင်းဖြစ်သော ရန်ကုန်-သန်လျင်တံတား အမှတ်(၁)၊ ရန်ကုန်-သန်လျင်တံတား အမှတ် (၂) (ကုလားဝဲ တံတား)၊ ဘုရင့်နောင်တံတား အမှတ် (၁)၊ ဘုရင့်နောင်တံတား အမှတ်(၂)၊ အောင်ဇေယျကြိုးတံတား၊ ရွှေပြည်သာတံတား၊ ပန်းလှိုင်တံတား၊ တွံတေးတံတားနှင့် မဟာဗန္ဓုလတံတားများကို အများပြည်သူအသုံးပြုသွားလာရာတွင် လွယ်ကူအဆင်ပြေစွာ သွားလာနိုင်ရန်အတွက် လည်းကောင်း၊ အချိန်ကုန်သက်သာစေရန်အတွက် လည်းကောင်း၊ သယ်ယူ ပို့ဆောင်ခများကျဆင်းစေရန်အတွက်လည်းကောင်း ရည်ရွယ်၍ ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှစ၍ တံတားဖြတ်သန်းခများ ကောက်ခံခြင်းမပြုတော့ဘဲ မော်တော်ယာဉ်များအားလုံးကို အခမဲ့ဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**ပြန်ကြားရေးဝန်ကြီးဌာနနှင့်**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ တစ်နှစ်တာ**
**ဆောင်ရွက်ချက်များ မတ် ၂၆ ရက် သတင်းစာတွင် ပါရှိမည်**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၂၆ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။ (မြန်မာ့အလင်း)

---



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘိုအောမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာ အစည်းအဝေးခန်းမ၌ မြန်မာ-တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပစဉ် (သတင်းစဉ်)

## တရုတ်နိုင်ငံ ဘိုအောမြို့၌ မြန်မာ - တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ

**စန်းယ မတ် ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဘိုအောမြို့၌ကျင်းပနေသည့် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ်သို့တက်ရောက်ရန် ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့ညနေပိုင်းတွင် ဘိုအောမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာ အစည်းအဝေးခန်းမ၌ကျင်းပသည့် မြန်မာ - တရုတ် နှစ်နိုင်ငံဆွေးနွေးပွဲသို့ တက်ရောက်သည်။

နှစ်နိုင်ငံဆွေးနွေးပွဲသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် အဆင့်မြင့်အရာရှိကြီးများ၊ တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ကျန်းကောင်းလီနှင့် ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ●

---

## သင်္ကြန်ကာလ အဝေးပြေးခရီးသည်တင်ယာဉ်များနှင့် YBS ယာဉ်များ သတ်မှတ်နှုန်းထားထက် ပိုတောင်းခံပါက ဥပဒေနှင့်အညီ အရေးယူမည်




**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် မတ် ၂၄**

၂၀၁၇ ခုနှစ် သင်္ကြန်ကာလတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရလက်အောက်ရှိ အဝေးပြေး ခရီးသည်တင်ယာဉ်များနှင့် YBS ယာဉ်များကို မူလသတ်မှတ်ဈေးနှုန်းထားအတိုင်း အလုည့်ကျစနစ်ဖြင့် ပြေးဆွဲသွားမည်ဖြစ်သဖြင့် အဝေးပြေးခရီးသည်တင်ယာဉ်များနှင့် ရန်ကုန်မြို့တွင်းပြေးဆွဲနေသော YBS ယာဉ်များ ယခင်မူလသတ်မှတ်နှုန်းထားအတိုင်း တောင်းခံခြင်းမရှိဘဲ ပိုမိုတောင်းခံပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သိရသည်။

" YBS ယာဉ်တွေကိုတော့ သင်္ကြန်ရက်အတွင်းမှာ ခရီးသွားပြည်သူတွေ သွားရေးလာရေး အခက်အခဲမရှိအောင် စီစဉ်ထားပါတယ်။ နားတဲ့ယာဉ်လည်း နားပါမယ်။ ဒါပေမယ့် သွားရေးလာရေးအခက်အခဲ

*စာမျက်နှာ ၄ ကော်လံ ၁* ✻

---

## မြန်မာအသင်း ယှဉ်ပြိုင်မည့် အာရှဖလားခြေစစ်ပွဲ ကြိုတင်လက်မှတ်များ ရောင်းချမည်

**သတင်း-ညီမြတ်သော်တာ**

**ရန်ကုန် မတ် ၂၄**

မြန်မာ့လက်ရွေးစင်အသင်းနှင့် အိန္ဒိယလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်မည့် ၂၀၁၉ အာရှဖလားပြိုင်ပွဲ တတိယအဆင့် ခြေစစ်ပွဲအုပ်စု ပထမပွဲအတွက် ကြိုတင်လက်မှတ်များ ရောင်းချမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ကြိုတင်လက်မှတ်များကို မတ် ၂၆ မှ ၂၇ ရက်တွင် နေရာသုံးခု၌ ရောင်းချမည်ဖြစ်ပြီး အထူးတန်း သုံးထောင်၊ ရိုးရိုးတန်း နှစ်ထောင် သတ်မှတ်ထားသည်။ ကြိုတင် လက်မှတ်များကို ယင်းနေ့များတွင် သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်း၌ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ လှည်းတန်းစင်တာတွင် နံနက် ၁၀ နာရီမှ ည ၈ နာရီအထိ ရောင်းချပေးသွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလား ပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် တစ်ကျော့ပြန်

*စာမျက်နှာ ၄ ကော်လံ ၁* ❁




# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

မြန်မာ့အလင်း
စနေ၊ မတ် ၂၅၊ ၂၀၁၇

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။

## အဓိကရည်မှန်းချက်သုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်

**မင်းမင်းဇော် (သတင်းစဉ်)၊ဓာတ်ပုံ-စိန်လွင်အောင်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေသစ်ကို ၂၀၁၃ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီးနောက်ပိုင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် သီးခြားလွတ်လပ်သော အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်ခဲ့သည်။

ငွေကြေးတည်ငြိမ်ရေး (Monetary Stability)၊ ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေး(Financial System Stability)၊ ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ ဖွံ့ဖြိုးတိုးတက်ရေး (Payments and Settlement System Development) ဟူသည့် ဗဟိုဘဏ်၏ အဓိကရည်မှန်းချက် သုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

### ငွေကြေးမူဝါဒ

ဗဟိုဘဏ်သည် ငွေကြေးမူဝါဒကို အကောင်အထည်ဖော်ရာ၌ ငွေကြေးမူဝါဒနည်းလမ်းများဖြစ်သည့် အတိုးနှုန်းမူဝါဒ ချမှတ်ဆောင်ရွက်ခြင်း၊ အနည်းဆုံး သီးသန့်ငွေလိုအပ်ချက် သတ်မှတ်ခြင်း၊ ငွေလဲလှယ်နှုန်းမူဝါဒကို ချမှတ်ဆောင်ရွက်ခြင်းနှင့် လွတ်လပ်သောဈေးကွက်ဆိုင်ရာ လုပ်ဆောင်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

"ဗဟိုဘဏ်ဟာ ငွေကြေးတည်ငြိမ်ရေးမှာအဓိက ဖြစ်တဲ့ငွေကြေး ဖောင်းပွမှုနှုန်း ထိန်းသိမ်းရေး တစ်နည်းအားဖြင့် ဈေးနှုန်းများ တည်ငြိမ်စွာစီးပွား ရေးတိုးတက်မှုရရှိစေရေးအတွက် ငွေကြေး ပမာဏကို ရည်မှန်းချက်ထားရှိတဲ့ Reserve Money Targeting နည်းလမ်းနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ ကာလလတ်မှာ ငွေဖောင်းပွမှုနှုန်းကိုပျမ်းမျှ ၇ ရာခိုင်နှုန်းလျာထားပြီး လုပ်ငန်းရည်မှန်းချက်ဖြစ်တဲ့ သီးသန့်ငွေတိုးတက်မှုကို ၁၃ ရာခိုင်နှုန်းနဲ့ ကြားခံရည်မှန်းချက်ဖြစ်တဲ့ ငွေကြေးပမာဏတိုးတက်မှုနှုန်းကို ၂၄ ရာခိုင်နှုန်းသာရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

"စီးပွားရေးစနစ်ရှိ ငွေကြေးပမာဏ တိုးတက်မှုနှုန်းဟာ ရည်မှန်းချက်ထက် ကျော်လွန်နေမယ်ဆိုရင် အပ်ငွေလေလံ (Deposit Auction) ခေါ်ယူပြီး ပိုလျှံတဲ့ ငွေကြေးပမာဏတွေကို နုတ်သိမ်းရပါတယ်။ အပ်ငွေလေလံခေါ်ယူခြင်းကို ၂၀၁၂ ခုနှစ်မှာ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအစိုးရသစ်ရဲ့ပထမတစ်နှစ်တာကာလဖြစ်တဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အပ်ငွေလေလံ အကြိမ် ၂၀ ခေါ်ယူခဲ့ပါတယ်။ တစ်ကြိမ် ပျမ်းမျှ ကျပ် ၃၃၃ ဘီလီယံနဲ့ ဈေးကွက်အတွင်းမှ ပိုလျှံငွေကြေးကို နုတ်သိမ်းနိုင်ခဲ့ပါတယ်။ လေလံအပ်ငွေအပေါ်ပေးတဲ့ အတိုးနှုန်းကို ကန့်သတ်ချက်ထားရှိမှုမပြုဘဲ ဈေးကွက်ပေါ်အခြေခံတဲ့အတိုးနှုန်း အကြမ်းအားဖြင့် ၅ ဒသမ ၅ ရာခိုင်နှုန်း ကနေ ၇ ဒသမ ၄ ရာခိုင်နှုန်း အတွင်းရှိပါတယ်။ အပ်ငွေသက်တမ်းကို (၂)ပတ်၊ (၄)ပတ်နဲ့ (၁၂)ပတ် ခေါ်ယူလျက်ရှိပါတယ်။ အခု အပ်ငွေလေလံစနစ်ကို CBM-Net ကို အသုံးပြုပြီး On-line နဲ့ ဆောင်ရွက်နေပြီဖြစ်ပါတယ်။

### အတိုးနှုန်းဆိုင်ရာ ဖြေလျှော့

"အများပြည်သူစုဆောင်းမှုနှုန်းတိုးမြှင့်လာစေဖို့၊ ငွေကြေးဖောင်းပွမှုနှုန်းကို ကာမိစေမယ့်အတိုးနှုန်းရှိစေဖို့နဲ့ ရင်းနှီးမြှုပ်နှံသူတွေအတွက်လည်း သက်သာတဲ့ အတိုးနှုန်းဖြစ်စေဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ အတိုးနှုန်းကို မူဝါဒဆိုင်ရာအဖြစ် သတ်မှတ်ပေးခြင်း အစားဈေးကွက်ကို ထင်ဟပ်စေမယ့် အတိုးနှုန်းဖြစ်စေဖို့အတွက် အတိုးနှုန်းဆိုင်ရာ ဖြေလျှော့မှုတွေကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

"ဘဏ်တွေရဲ့အနည်းဆုံးသီးသန့်ငွေ လိုအပ်ချက်ထားရှိမှုတွေကို ငွေကြေးမူဝါဒနည်းလမ်းတစ်ရပ်အဖြစ် ထိရောက်စွာအသုံးပြုနိုင်ဖို့နဲ့ ရိုးရှင်းလွယ်ကူစေဖို့ အများပြည်သူအပ်နှံငွေစုစုပေါင်းရဲ့ ၅ ရာခိုင်နှုန်းကို ပြင်ဆင်သတ်မှတ်ခဲ့ပါတယ်"ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ပြောသည်။

ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေနိုင်သည့် ဘတ်ဂျက်လိုငွေများအတွက် အစိုးရငွေချေးသက်သေခံလက်မှတ်များနှင့် အစိုးရငွေတိုက်စာချုပ်များကို အစိုးရကိုယ်စားရောင်းချပေးခဲ့ကြောင်း ဗဟိုဘဏ် ဥက္ကဋ္ဌက ဆိုသည်။

### ဈေးပြိုင်စနစ်နှင့် ရောင်းချ

"ငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေနိုင်တဲ့ နိုင်ငံတော်ရဲ့ ဘတ်ဂျက်လိုငွေအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြည့်ဆည်းပေးရခြင်းကို လျှော့ချနိုင်ဖို့နဲ့ ထိရောက်တဲ့ အစိုးရကြွေးမြီစီမံခန့်ခွဲမှုဖြစ်ပေါ်စေဖို့အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ စီမံကိန်းနဲ့ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စားဘဏ်တွေနဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက်က စတင်ပြီး

**အချပ်ပို (ခ) သို့**







**အများပြည်သူစုဆောင်းမှုနှုန်းတိုးမြှင့်လာစေဖို့၊ ငွေကြေးဖောင်းပွမှုနှုန်းကို ကာမိစေမယ့်အတိုးနှုန်းရှိစေဖို့နဲ့ ရင်းနှီးမြှုပ်နှံသူတွေအတွက်လည်း သက်သာတဲ့ အတိုးနှုန်းဖြစ်စေဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေနဲ့ အတိုးနှုန်းကို မူဝါဒဆိုင်ရာအဖြစ် သတ်မှတ်ပေးခြင်း အစား ဈေးကွက်ကို ထင်ဟပ်စေမယ့် အတိုးနှုန်းဖြစ်စေဖို့အတွက် အတိုးနှုန်းဆိုင်ရာ ဖြေလျှော့မှုတွေကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်

**အချပ်ပို(က)မှ**

အစိုးရငွေတိုက်လက်မှတ်တွေကို ဈေးပြိုင်စနစ်နဲ့ ရောင်းချခြင်းကို စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၆ခုနှစ် စက်တင်ဘာ ၂၀ ရက်က စလို့ အစိုးရငွေတိုက်စာချုပ်ကို ဈေးပြိုင်စနစ်နဲ့ ရောင်းချခြင်းကို စတင်ခဲ့ပါတယ်။

"၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အစိုးရငွေတိုက်စာချုပ် ပမာဏကျပ် ၁၁၈၁ ဘီလီယံကို ရောင်းချခဲ့ပြီး အစိုးရငွေတိုက်လက်မှတ်ကိုလည်း ပမာဏကျပ် ၃၀၃၂ ဘီလီယံ ရောင်းချနိုင်ခဲ့ပါတယ်၊ အစိုးရငွေတိုက်လက်မှတ်တွေရဲ့ သက်တမ်းက (၃)လ၊ (၆)လ နဲ့ (၁)နှစ်ဖြစ်ပြီး ဈေးကွက်အတိုးနှုန်းက အကြမ်းအားဖြင့် ၇ ရာခိုင်နှုန်းကနေ ကိုးရာခိုင်နှုန်းအတွင်းရှိပါတယ်။ အစိုးရငွေတိုက်စာချုပ်ရဲ့သက်တမ်းက နှစ်နှစ်နဲ့ သုံးနှစ် ဖြစ်ပြီး ဈေးကွက်အတိုးနှုန်းက အကြမ်းအားဖြင့် ၈ ဒသမ ၆ ရာခိုင်နှုန်းကနေ ၉ ဒသမ ၆ ရာခိုင်နှုန်း အတွင်း ရှိပါတယ်"ဟု ဦးကျော်ကျော်မောင်က ပြောသည်။

### ရွေးချယ်ဖွင့်လှစ်ခွင့်ပြု

**ဗဟိုဘဏ်အနေဖြင့် ပွင့်လင်းမြင်သာသည့် တင်ဒါပုံစံဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်ခွဲများကို ရွေးချယ်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး Mobile Banking, Mobile Financial Services နှင့် Mobile Network Operators များ အပါအဝင် Financial Inclusion တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နိုင်ခဲ့သည်။**

"နိုင်ငံခြားဘဏ်ခွဲတွေကို မြန်မာနိုင်ငံမှာ ဖွင့်ခွင့်ပေးဖို့အတွက် ပွင့်လင်းမြင်သာတဲ့ တင်ဒါပုံစံနဲ့ ရွေးချယ်မှုကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှာ တစ်ကြိမ်၊ ၂၀၁၆ ခုနှစ် မတ် ၄ ရက်မှာ တစ်ကြိမ်ပြုလုပ်ခဲ့ပါတယ်၊ အဲဒီရွေးချယ်မှုအရ နိုင်ငံခြားဘဏ်ခွဲ ၁၃ ခုကို ရွေးချယ်ခဲ့ပြီး ဘဏ်လုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိကြောင်း ပြောလိုပါတယ်။

### စီမံကိန်းချေးငွေ

"အဲဒီ နိုင်ငံခြားဘဏ်တွေရဲ့ဘဏ်ခွဲတွေအနေနဲ့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ နိုင်ငံခြားကုမ္ပဏီတွေကို တိုက်ရိုက်ဝန်ဆောင်မှုတွေပေးလျက်ရှိပြီး ပြည်တွင်းဘဏ်တွေနဲ့ပေါင်းစပ်ကာ ပြည်တွင်းကုမ္ပဏီတွေကိုလည်း ဝန်ဆောင်မှုတွေ ပေးလျက်ရှိပါတယ်။ နိုင်ငံခြားဘဏ်ခွဲတွေအနေနဲ့ ပြည်တွင်းဘဏ်တွေက တစ်ဆင့်သော်လည်းကောင်း၊ ပြည်တွင်းဘဏ်တွေနဲ့ ပူးပေါင်း၍သော်လည်းကောင်း၊ ပြည်တွင်းကုမ္ပဏီတွေကို စီမံကိန်းချေးငွေ (Project Loan) များချေး ပေးခြင်း၊ Trade Finance များ ပြုလုပ်ပေးခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

"ဘဏ်လုပ်ငန်းအခြေခံအဆောက်အအုံမြှင့်တင်ဆောင်ရွက်ခြင်းအနေနဲ့ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ထိ နိုင်ငံခြားဘဏ်ခွဲ ၁၃ ဘဏ်၊ ပုဂ္ဂလိကဘဏ် ၂၄ ဘဏ်က ဘဏ်ခွဲပေါင်း ၁၄၇၅ ခု၊ ပုဂ္ဂလိကငွေရေးကြေးရေးကုမ္ပဏီ ၁၆ ခု၊ နိုင်ငံခြားဘဏ်တွေရဲ့ကိုယ်စားလှယ်ရုံး ၄၅ ခုနဲ့ နိုင်ငံခြား ငွေရေးကြေးရေးကုမ္ပဏီ နှစ်ခုဖွင့်လှစ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ ATM (၂၃၁၉) ခုနဲ့ POS (၄၅၈၄)ခု တပ်ဆင်အသုံးပြုလျက်ရှိပါတယ်။




(၅၂)ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့် (၃၆)ကြိမ်မြောက် အရှေ့တောင်အာရှ ဗဟိုဘဏ်ဥက္ကဋ္ဌများ၏ ဘုတ်အဖွဲ့အစည်းအဝေးများ ကျင်းပစဉ်

"၂၀၂၅ ခုနှစ် အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေးအတွက် ငွေရေးကြေးရေးကဏ္ဍမှာ အားလုံးပါဝင်ရေး (Financial Inclusion)ကို အကောင်အထည်ဖော်ရာမှာ မြန်မာနိုင်ငံရဲ့ငွေရေးကြေးရေးအလုံးစုံပါဝင်မှုအစီအစဉ်အရ ဘဏ်လုပ်ငန်းဝန်ဆောင်မှုတွေနဲ့ ငွေရေးကြေးရေးဝန်ဆောင်မှုရရှိခြင်း မရှိသေးတဲ့ ပြည်သူများ (Unbanked People)ထံကို ငွေရေးကြေးရေးဝန်ဆောင်မှုရောက်ရှိစေဖို့အတွက် ဘဏ်ခွဲများတိုးချဲ့ဖွင့်လှစ်ခြင်းနဲ့ မိုဘိုင်းဘဏ်လုပ်ငန်းကို ဘဏ်ဦးဆောင်မှုပုံစံနဲ့ ငွေပေးချေမှုဝန်ဆောင်လုပ်ငန်းတွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။

### မိုဘိုင်း ငွေရေးကြေးရေးဝန်ဆောင်မှု

"ဆက်သွယ်ရေးလိုင်စင်ရရှိထားတဲ့ နိုင်ငံတကာမိုဘိုင်းကွန်ရက်ဆောင်ရွက်တဲ့ International Mobile Network Operators-IMNOs အဖွဲ့နှစ်ဖွဲ့ဖြစ်တဲ့ Telenor၊ Ooredoo နဲ့ နိုင်ငံပိုင် MPT တို့ကို မိုဘိုင်း ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နိုင်ဖို့အတွက် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ စည်းမျဉ်းကို မြန်မာနိုင်ငံ တော်ဗဟိုဘဏ်က ၂၀၁၆ခုနှစ် မတ် ၃၀ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။

"မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ခွင့်ပြုချက်အရ IMNOs များအပါအဝင် ဘဏ်နဲ့ ဘဏ်မဟုတ်တဲ့ ငွေရေးကြေးရေးအဖွဲ့အစည်း (NBFI)တွေဟာ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းတွေကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဘဏ်တွေဟာ မိုဘိုင်းဘဏ်လုပ်ငန်းနဲ့ အီလက်ထရွန်နစ်ဘဏ်လုပ်ငန်း (e-banking)၊ အင်တာနက်ဘဏ်လုပ်ငန်း (Internet banking) တွေကို ဘဏ်ရှစ်ခုက ဆောင်ရွက်နေပြီဖြစ်ပါတယ်။ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ဖို့အတွက် Digital Money Myanmar Ltd., (Wave Money) ကိုလည်း ခွင့်ပြုခဲ့ပြီး ဖြစ်ပါတယ်။

### အားကောင်းခိုင်မာမှုညွှန်းကိန်း

"ဘဏ်လုပ်ငန်းကဏ္ဍတည်ငြိမ်ဖို့အတွက် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းညွှန်ကြားချက်များ လိုက်နာမှု ရှိ/မရှိ ကြီးကြပ်စစ်ဆေးခြင်း၊ (Rule based Supervision)မှ ဆုံးရှုံးနိုင်ခြေအခြေပြုစနစ် (Risk-Based Supervision) သို့ပြောင်းလဲဆောင်ရွက်လျက်ရှိပါတယ်။ ဘဏ်တွေအားကောင်းခိုင်မာစေဖို့အတွက် ဘဏ်တွေရဲ့မတည်ငွေရင်း၊ ရရန်ပိုင်ခွင့်အရည်အသွေး၊ ဝင်ငွေ၊ ငွေကြေးလွယ်ကူမှုတွေကို အရေအတွက်နဲ့ အကဲဖြတ်ဆောင်ရွက်ခဲ့တာကနေ အရည်အချင်းနဲ့ အကဲဖြတ်အမှတ်ပေးပုံစံပြောင်းလဲဆောင်ရွက်ခဲ့ပါတယ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ရဲ့အကူအညီနဲ့ ဘဏ်တွေအားကောင်းခိုင်မာမှုညွှန်းကိန်း (Financial Soundness Indicator)ကို ပထမအကြိမ် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ က ဆိုသည်။

**ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် တိုးတက်ရေး ဆောင်ရွက်ခြင်းနှင့် ငွေသားကိုင်တွယ်သုံးစွဲမှုလျှော့ချရေးအတွက် ကတ်စနစ်အသုံးပြုခြင်းများကို ဗဟိုဘဏ်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။**

"ငွေပေးချေမှုစနစ်ကို လျင်မြန်လုံခြုံထိရောက်မှုရှိပြီး ခေတ်မီတဲ့ငွေပေးချေမှုစနစ်ဖြစ်ပေါ်စေဖို့အတွက် မြန်မာနိုင်ငံမှာရှိတဲ့ ဘဏ်တွေအားလုံးအတွက် အီလက်ထရွန်နစ်နည်းပညာနဲ့ ချိတ်ဆက်ထားတဲ့ CBM-Net ကို ၂၀၁၆ ခုနှစ်၊

**အချပ်ပို(ဂ)သို့**




ရန်ကုန်စတော့အိတ်ချိန်းရုံးဖွင့်ပွဲအခမ်းအနား၌ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်




နေပြည်တော်ရှိ ဗဟိုဘဏ်အဆောက်အအုံကို တွေ့ရစဉ်




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်တို့မှ ဒုတိယဝန်ကြီးချုပ်များ၊ ခရီးသွားလုပ်ငန်းဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်




(၁၉) ကြိမ်မြောက် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ မှတ်တမ်းဓာတ်ပုံရိုက်စဉ်



ဗဟိုဘဏ်၌ ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေစဉ်

**အချပ်ပို(ခ)မှ**

ဇန်နဝါရီလတွင် စတင်ခဲ့ပါတယ်။ အချိန်နဲ့တစ်ပြေးညီ စာရင်းရှင်းလင်းခြင်း (Real Time Gross Settlement)၊ ချက်လက်မှတ်စာရင်းရှင်းလင်းခြင်း (Mechanized Cheque Clearing) နဲ့ ငွေချေးသက်သေခံလက်မှတ်များ စာရင်းရှင်းလင်းပေးချေခြင်းနဲ့ CBM-Net အဖွဲ့ဝင်ဘဏ်တွေအကြား ပြည်ပဘဏ်တွေမှာ ဖွင့်လှစ်ထားရှိတဲ့ နိုင်ငံခြားငွေစာရင်း (Nostro A/C)အချင်းချင်း ပေးချေမှုတွေအတွက် ပေးချေရမယ့် မြန်မာကျပ်ငွေကို CBM-Net System နဲ့ ပေးချေခြင်းတွေကိုလည်း ဆောင်ရွက်နိုင်ပြီဖြစ်ပါတယ်။

“အများပြည်သူတွေအနေနဲ့ ငွေသားကိုင်တွယ်သုံးစွဲမှု လျှော့ချပြီး အီလက်ထရွန်နစ်နည်းလမ်းနဲ့ ကတ်စနစ်အသုံးပြု ငွေပေးချေမှုတွေ ပြုလုပ်နိုင်ဖို့ နိုင်ငံတကာကတ်တွေဖြစ်တဲ့ Visa Card၊ Master Card၊ JCB Card၊ UPI Card တွေကို ပြည်တွင်းမှာရော ပြည်ပနိုင်ငံတွေမှာပါ အသုံးပြုနိုင်ဖို့အတွက် ခွင့်ပြုပြီး ဖြစ်ပါတယ်။

“ဒါ့အပြင် ပြည်တွင်းဘဏ်တွေကိုလည်း Prepaid Card ထုတ်ဝေခွင့်ပြုခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှာ မြန်မာနိုင်ငံမှာရှိတဲ့ ဘဏ်တွေကို International Card (Master /Visa/ JIC/UPI)များ၊ ပြည်တွင်းနဲ့ ပြည်ပအသုံးပြုနိုင်တဲ့ International Credit Card (Clean Card)တွေ ထုတ်ဝေခွင့်ပြုခဲ့ပါတယ်။ ပြည်တွင်းဘဏ်တွေကထုတ်ဝေတဲ့ MPU ကတ်တွေကို နိုင်ငံတကာကွန်ရက်မှာ အသုံးပြုနိုင်ဖို့အတွက် “MPU-JCB”၊ “MPU-UPI”Co-Branded Card တွေ ထုတ်ဝေခွင့်ပြုခဲ့ပါတယ်”ဟု ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ဆိုသည်။

**အပြန်အလှန်ငွေအပ်နှံသည့်စနစ်**

ယခင်က ဘဏ်အချင်းချင်း အပြန်အလှန်ငွေအပ်နှံသည့်စနစ်ကိုသာ ဆောင်ရွက်ခဲ့ပြီး နိုင်ငံတကာတွင် ဆောင်ရွက်လျက်ရှိသည့် ဘဏ်အချင်းချင်းအပြန်အလှန်ငွေချေးသည့်စနစ်ကို စနစ်တကျ ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် ဗဟိုဘဏ်သည် ဘဏ်အချင်းချင်း စနစ်တကျငွေချေးသည့် စနစ် (Interbank Lending)ကို ပိုမိုစနစ်ကျစေရန် ညွှန်ကြားချက်အသစ်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ညွှန်ကြားချက်အရ ဘဏ်များအချင်းချင်းငွေချေးသက်သေခံလက်မှတ်များကို အပေါင်ပြု၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-Net စနစ်ရှိ ဗဟိုအပေါင်အပ်နှံသည့်စနစ် (Central Securities Depository System)ကို အသုံးပြု၍ ဆောင်ရွက်နိုင်ပြီဖြစ်သည်။ ယခုအခါ ဘဏ်အချင်းချင်း အပြန်အလှန် ငွေအပ်နှံသည့်စနစ် ရှိနေသေးသော်လည်း ဘဏ်အချင်းချင်း စနစ်တကျငွေချေးသည့် ဆောင်ရွက်ချက်များ ပိုမိုတိုးတက်လာသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံရှိ ဘဏ်အချင်းချင်းသော်လည်းကောင်း၊ ဘဏ်များနှင့် ၎င်းတို့၏ ဖောက်သည်များဖြင့် သော်လည်းကောင်း၊

**အချပ်ပို(ဃ)သို့**

**အချပ်ပို(ဂ)မှ**

နိုင်ငံခြားငွေကြေးလဲလှယ်ရာမှ ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှုများကို ကာကွယ်နိုင်ရန် Currency SWAP စနစ်နှင့် Currency Forward စနစ်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်၍ ဗဟိုဘဏ်က ခွင့်ပြုခဲ့သည်။ ထို့ကြောင့် အနာဂတ်တွင် နိုင်ငံခြားငွေ ဝယ်ယူခြင်း၊ ရောင်းချခြင်းမှ ဆုံးရှုံးမှုမဖြစ်ပေါ် လာစေရန်အတွက် အနာဂတ်ငွေလဲလှယ်နှုန်းကို သတ်မှတ်နိုင်သည့် SWAP နှင့် Forward စနစ်များကို အသုံးပြုနိုင်မည်ဖြစ်သည်။

**သီးသန့်ရန်ပုံငွေ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်ပ၌ ထားရှိသည့် နိုင်ငံခြားသုံး သီးသန့်ရန်ပုံငွေများကို ယခင်က စာရင်းသေအပ်ငွေ (Fixed Deposit) အဖြစ်သာ ထားရှိရာ အတိုးအနည်းငယ်သာရရှိသဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်၍ ကမ္ဘာ့ဘဏ်၏ (Reserves Advisory and Management Program-RAMP)အစီအစဉ်တွင်ပါဝင်ပြီး ၎င်းနိုင်ငံခြားသုံး သီးသန့်ရန်ပုံငွေများကို အခြားနိုင်ငံများ၏ ဗဟိုဘဏ်များနည်းတူ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု (Portfolio Investment) များ ဆောင်ရွက်လျက်ရှိသည်။

Portfolio Investment အစီအစဉ်အရ ယခုအခါတွင် ပြည်ပနိုင်ငံများမှ ထုတ်ဝေသည့် Credit Rating အနည်းဆုံး A-ရှိသည့် အစိုးရငွေချေးသက် သေခံလက်မှတ် (Bonds) များကို နှိုင်းယှဉ်ညွှန်းကိန်း၏ အမြတ်ပြန်လည်ရချက် (Benchmark Returns) ထက်သာသော နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို အခြားသောဗဟိုဘဏ်များနည်းတူ ဆောင်ရွက်လျက်ရှိသည်။

**ဗဟိုဘဏ်သည် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း (SMEs) ချေးငွေထုတ်ချေးရေးအစီအစဉ်အပြင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဖြင့်လည်း ချေးငွေအစီအစဉ်များဆောင်ရွက်ခဲ့ကြောင်းသိရသည်။**

"ဈေးကွက်စီးပွားရေးစနစ်မှာ ပုဂ္ဂလိကကဏ္ဍဟာ အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်နေတဲ့အတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ ဘဏ်လုပ်ငန်းကဏ္ဍမှ အရင်းအနှီးများ ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်၊ ပုဂ္ဂလိက ကဏ္ဍမှာ အဓိကအားဖြင့် အသေးစားနဲ့ အလတ်စား စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်လျက်ရှိရာမှာ လက်ရှိလုပ်ထုံးလုပ်နည်းစနစ်အရ ဘဏ်များက ချေးငွေထုတ်ချေးရာမှာ အာမခံအဖြစ်လုပ်ငန်းတွေကို ထားရှိစေခြင်းနဲ့အတူ အခြားကန့်သတ်ချက်တွေရှိနေတဲ့အတွက် အသေးစားနဲ့အလတ်စား စီးပွားရေးလုပ်ငန်း အများစုအတွက် ဘဏ်ချေးငွေရရှိဖို့ အခက်အခဲတွေရှိနေဆဲဖြစ်ပါတယ်။

**ချေးငွေအစီအစဉ် သုံးမျိုး**

"SMEs လုပ်ငန်းတွေကို ဘဏ်လုပ်ငန်းကဏ္ဍကနေ SMEs လုပ်ငန်းတွေကို ပြည်တွင်းဘဏ်များမှတစ်ဆင့် ချေးငွေ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ပြည်ပမှချေးငွေအစီအစဉ်နဲ့ ချေးငွေလွယ်ကူစွာရယူနိုင်ရေးအစီအမံဆိုတဲ့ ချေးငွေအစီအစဉ်သုံးမျိုးနဲ့ ထုတ်ချေးလျက်ရှိပါတယ်။ ဒီအစီအမံတွေ အစီအစဉ်တွေဟာလည်း အခုအစိုးရသစ်ရဲ့ ပထမတစ်နှစ်တာ သက်တမ်းကာလအတွင်းမှာ ဗဟိုဘဏ်ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းစဉ်တွေပဲဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌကပြောသည်။

**အများပြည်သူတွေအနေနဲ့ ငွေသားကိုင်တွယ်သုံးစွဲမှုလျှော့ချပြီး အီလက်ထရွန်နစ်နည်းလမ်းနဲ့ ကတ်စနစ်အသုံးပြု ငွေပေးချေမှုတွေ ပြုလုပ်နိုင်ဖို့ နိုင်ငံတကာ ကတ်တွေဖြစ်တဲ့ Visa Card၊ Master Card၊ JCB Card ၊ UPI Card တွေကို ပြည်တွင်းမှာရော ပြည်ပနိုင်ငံတွေမှာပါ အသုံးပြုနိုင်ဖို့အတွက် ခွင့်ပြုပြီးဖြစ်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေကြေးမူဝါဒကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းမူဝါဒကို ဆုံးဖြတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ အစိုးရအား နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်နှင့်စပ်လျဉ်း၍ အကြံပြုခြင်း၊ နိုင်ငံတော်၏ နိုင်ငံခြားသုံးသီးသန့်ငွေကို ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ပြည်တွင်းသုံးစွဲငွေကို တစ်ဦးတည်းထုတ်ဝေသူအဖြစ် ဆောင်ရွက်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြီးကြပ်စစ်ဆေးခြင်းနှင့် ကြပ်မတ်ကွပ်ကဲခြင်း၊ ဘဏ်များ၏ နောက်ဆုံးအားထားရာ ငွေချေးသူအဖြစ် ဆောင်ရွက်ခြင်းနှင့် ဘဏ်လုပ်ငန်းချေးငွေနှင့် ငွေကြေးနယ်ပယ်ရှိ အစိုးရအချင်းချင်းကြားထူထောင်ထားသော အဖွဲ့အစည်းများတွင် နိုင်ငံတော်၏ ပါဝင်ဆောင်ရွက်မှုကြောင့်ဖြစ်ပေါ်လာသည့် အပေးအယူပြုလုပ်မှုများကို ဆောင်ရွက်ခြင်းနှင့် တာဝန်ဝတ္တရားအားလုံးကို အစိုးရအမည်ဖြင့် တာဝန်ခံဆောင်ရွက်ခြင်း၊ အစိုးရကိုယ်စားအဆိုပါအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းဟူသည့် ဗဟိုဘဏ်၏ အဓိကလုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။



အာရှဘဏ်များ ငွေစာရင်းရှင်းလင်းရေးအဖွဲ့၏ (၄၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခဲ့သည်


ရန်ကုန် စတော့အိတ်ချိန်းဖွင့်ပွဲအခမ်းအနားကို တွေ့ရစဉ်



ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့်တာဝန်ရှိသူများ SHINHAN ဘဏ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်



ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့်တာဝန်ရှိသူများ BIDV ရန်ကုန်ဘဏ်ခွဲအား ဖွင့်လှစ်ပေးစဉ်

# ဖွံ့ဖြိုးတိုးတက်မှုများစွာဖြင့် မွန်ပြည်နယ်၏တစ်နှစ်တာ



မွန်ပြည်နယ် ဝန်ကြီးချုပ်
ဒေါက်တာ အေးဇံ

သတင်းဆောင်းပါး-ခင်ရတနာ

သာယာလှပသည့် အမြဲစိမ်းသစ်တောများရှိရာ၊ အေးချမ်းလှသည့် သဘာဝ စိမ့်စမ်းလျှိုမြောင်နှင့် ထုံးကျောက်လိုဏ်ဂူများရှိရာ၊ သာယာလှပသည့် မြစ်ကမ်းပါးယံတို့နှင့် အံ့မခန်းကြည်ညိုဖွယ်အတိ ကျိုက်ထီးရိုးဆံတော်ရှင်မြတ်ရှိရာ မွန်တို့ဌာနေ၏ သာယာလှပမှု၊ ကျက်သရေခမ်းနားမှုတို့ကို အစဉ်အဆက်သမိုင်းဆရာတို့က ညွှန်းဆိုကြသည်။

ရေကြောင်း၊ ကုန်းကြောင်းစသည့် သွားလာမှုကောင်းမွန် ခြင်းတို့ကြောင့်လည်းကောင်း၊ စိုက်ပျိုးသမျှဖြစ်ထွန်းသည့် ရာသီဥတုနှင့် မြေကောင်းမွန်ခြင်းတို့ကြောင့်လည်းကောင်း၊ သာယာလှပမှုအပေါင်း ခညောင်းခြင်းတို့ကြောင့်လည်းကောင်း မွန်ပြည်နယ်သည် သာယာဝပြောသည့် ပြည်နယ်တစ်ခုဖြစ်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ တစ်နှစ်တာအတွင်း လုပ်ငန်းဆောင်တာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ များကလည်းအားဖြည့်ကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းတည်ငြိမ်ရေးအတွက် တာဝန်ထမ်းဆောင်လျက်ရှိရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက်မှ မွန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက်များလည်း ပါဝင်လျက်ရှိသည်။

**စက်မှုလယ်ယာ စနစ်ကျလယ်မြေ**

စက်မှုလယ်ယာဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေကျပ်သန်း ၁၀၀ ဖြင့် မွန်ပြည်နယ်အတွင်း ဘီးလင်းမြို့နယ်၊ သထုံမြို့နယ်နှင့်ချောင်းဆုံ မြို့နယ်တို့တွင် စက်မှုလယ်ယာစနစ်ကျလယ်မြေ ၆၂၅ ဧကကို ဒေသခံတောင်သူများအတွက် ဖော်ထုတ်ပေးခဲ့သည်။

စိုက်ပျိုးရေးကဏ္ဍတွင် ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေကြီးနစ်မြုပ်မှုများကို ကာကွယ်ရန် ရေနုတ်မြောင်းများ၊ ချောင်းမြောင်းများ တူးဖော်ခြင်းကို လုပ်ငန်းပေါင်း ၄၃ ခုခန့် လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း မြင်တွေ့ရပြီး ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်ရန်အတွက် ရေငန်တား တာတမံများကို ပြုပြင်၊ ထိန်းသိမ်း၊ တည်ဆောက်ပေးခဲ့ခြင်း လုပ်ငန်းများမှာ ၁၄ ခုအထိ လုပ်ဆောင်နိုင်ခဲ့ကြောင်း တစ်နှစ်တာမှတ်တမ်းများအရ သိရှိရသည်။

ရေတံခါးကိုးခုအား ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ရေလှောင်တမံနှင့် ဆည်ရေသောက်စနစ်များ လုပ်ငန်းကိုလည်း ၂၈ ခုအထိ ပြုလုပ်နိုင်ခဲ့သည်။ အရေးကြီးသည့် နွေစပါးစိုက်ပျိုးရေး အောင်မြင်မှုရရှိစေရန်အတွက်လည်း ချောင်းပိတ်မြောင်းပိတ်လုပ်ငန်းရှစ်ခုကို လုပ်ဆောင်ခဲ့သည်။

မွန်ပြည်နယ်အတွင်း အစိုးရ၏ တစ်နှစ်တာဆောင်ရွက်ချက်များအနက် ပညာရေးကဏ္ဍ အဆင့်မြှင့်တင်မှုကိုလည်း ဦးစားပေးဆောင်ရွက်ခဲ့ပြီး ကျောင်းနေအရွယ်တိုင်း ပညာ သင်ကြားနိုင်ရေးစီမံချက်ဖြင့် အခြေခံပညာကျောင်းဆောင် ၇၇ ဆောင်၊ မူကြိုကျောင်းဆောင် ၃၀ နှင့် မွန်ပြည်နယ် ပညာရေးမှူးရုံးတစ်ရုံးတို့ကို တည်ဆောက်နိုင်ခဲ့ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့မှ သိရှိရသည်။

ကျပ်သိန်း ၅၀ အောက်နှင့် ငွေကျပ်သိန်း ၁၀၀ အောက်၊ ကျပ်သိန်း ၁၀၀ နှင့် အထက်စသည့် ကုန်ကျမှုများဖြင့် အထက်တန်းကျောင်းဆောင်များ ပြင်ဆင်ခြင်း၊ ခြံစည်းရိုးနှင့် မြေထိန်းနံရံများ တည်ဆောက်ပေးခြင်း၊ အခြေခံပညာကျောင်းများ၏ ရေ၊ မီးစနစ်နှင့်သန့်စင်ခန်းများ၊ လမ်းမများအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စာသင်ကျောင်းနှင့် ပညာရေးမှူးရုံး စုစုပေါင်း ၆၆၇ ခုတို့တွင် ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**အခွင့်အလမ်းပိုမိုရရှိ**

မူလတန်းအဆင့် ပြည်နယ်အတွင်းရှိ ကလေးငယ်များအတွက် စာရေးခုံနိမ့်အစုံ ၂၃၈၁ စုံနှင့် အလယ်တန်းနှင့် အထက်တန်းအဆင့် စာရေးခုံမြင့်အစုံ ၁၂၄၅ စုံကို ဖြည့်တင်းပေးထားကြောင်း သိရသည်။

Funding Decentralization အစီအစဉ်အရ ကျောင်းထောက်ပံ့ကြေးများ ပေးဝေခဲ့ခြင်း၊ နိုင်ငံတော်အစိုးရနှင့် World Bank တို့ပူးပေါင်း၍ ကျောင်းနေမြဲရေးနှင့်ပညာသင်ယူမှုအခွင့်အလမ်းပိုမိုရရှိစေရေးတို့အတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခြင်းနှင့် အခြေခံပညာကျောင်းများတွင် ပညာပိုမိုသင်ယူခွင့်ရရှိစေရန်အတွက် ကျောင်း အဆင့်တိုးမြှင့်သတ်မှတ်ခြင်းများ လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့မှ သိရှိရသည်။

ပညာရေးဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများကို တိုးမြှင့် ခန့်အပ်နိုင်ခဲ့ပြီး ဘီးလင်းမြို့နယ်၊ ကျိုက်မရောမြို့နယ်နှင့် ရေး မြို့နယ်တို့တွင်လည်း တစ်ထပ်ဝန်ထမ်း အိမ်ရာတစ်ခုစီနှင့် ရေးမြို့နယ်အတွင်း တစ်ထပ်စာကြည့်တိုက်တို့ကိုလည်း ပညာရေးဝန်ထမ်းများအတွက် တည်ဆောက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အစိုးရသစ်တက်လာပြီး တစ်နှစ်တာအတွင်း မွန်ပြည်နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုများ ပိုမိုပေးအပ်နိုင်စေရန်အတွက် မော်လမြိုင်မြို့တွင် အမျိုးသမီးနှင့် ကလေးဆေးရုံကြီးကို အသစ်တိုးချဲ့ကာ အထပ်မြင့် ငါးထပ်ပါလူနာဆောင်တစ်လုံး တည်ဆောက်မှုကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

**နှစ်ထပ်ဆေး ကုသဆောင်**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရေးမြို့နယ်ဆေးရုံတွင် နှစ်ထပ်ဆေးကုသဆောင်သုံးဆောင်ကို တည်ဆောက်ပေးခဲ့သည်။ သံဖြူဇရပ် မြို့နယ်ဆေးရုံ၌လည်း ကျန်းမာရေးဝန်ထမ်းများ နေထိုင်ရန်ရည်ရွယ်ကာ ခြောက်ခန်းတွဲလေးထပ်ရှိ ဝန်ထမ်းအိမ်ရာတစ်လုံးကို တည်ဆောက်ပေးခဲ့ပြီး ကျိုက်ထို မြို့နယ်ဆေးရုံတွင် ခြောက်ခန်းတွဲလေးထပ်အမြင့်ရှိ ဝန်ထမ်းအိမ်ရာတစ်လုံးနှင့် နှစ်ထပ်လူနာဆောင်တို့ကို တည်ဆောက်ပြီးစီးခဲ့ပြီ ဖြစ်သည်။

ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီစေနိုင်ရန် ရည်ရွယ်ကာ ကင်ပွန်းချောင်း တိုက်နယ်ဆေးရုံတစ်ရုံကိုလည်း တည်ဆောက်ပြီးစီးခဲ့ကြောင်း မွန်ပြည်နယ် အစိုးရအဖွဲ့မှ သိရှိရသည်။

**အချပ်ပို (၈) သို့**







ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေး ရန်ပုံငွေမှ ရရှိသည့် တစ်မြို့နယ်လျှင် ငွေကျပ်သိန်း ၁၀၀၀ နှုန်းကို မြို့နယ် ၁၀ မြို့နယ်စလုံးအတွက် လမ်းလုပ်ငန်း ၈၈ ခု၊ တံတား ၅၆ ခု၊ ပညာရေးလုပ်ငန်းအတွက် ၄၃ ခု၊ ကျန်းမာရေးလုပ်ငန်းအတွက် နှစ်ခု၊ ရေရရှိရေးလုပ်ငန်းအတွက် ၈၆ ခု၊ မီးရရှိရေးလုပ်ငန်း ငါးခုနှင့် အခြားလုပ်ငန်းခြောက်ခုတို့ကို လုပ်ဆောင်နိုင်ခဲ့




တနင်္သာရီတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့ကို ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းမကြီးအား တွေ့ရစဉ်




ပြည်သူများအတွက် ဓာတ်အားတည်ငြိမ်မှုရှိစေရန် ထရန်စဖော်မာများ တပ်ဆင်ထားစဉ်

အချပ်ပို(င)မှ

### ကျိုက်ထီးရိုးဘုရားပွဲ

ကျိုက်ထီးရိုးတောင်တက်ယာဉ်များနှင့် ပတ်သက်၍ ဘုရားဖူးများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးကို ရည်ရွယ်ကာ မွန်ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ခေါင်းဆောင်သည့် အဖွဲ့ဝင်များသည် ယာဉ်ကြံ့ခိုင်မှုစစ်ဆေးခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

တောင်တက်ကားများတွင် အမိုးတပ်ဆင်ပေးခြင်း၊ ကင်ပွန်းစခန်းမှ ကျိုက်ထီးရိုးဘုရားရင်ပြင်တော်အထိ ပို့ဆောင်ပေးရာ၌ ယာဉ်၏နောက်ခန်းတွင် ခရီးသည်တစ်ဦးအတွက် ယခင်က ငွေကျပ် ၂၅၀၀ နှုန်းကောက်ခံနေရာမှ ယခုအစိုးရသစ်လက်ထက်တွင် လူတစ်ဦး ငွေကျပ် ၂၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ခါးပတ်ကြိုးများ တပ်ဆင်ထားခြင်း၊ လုံခြုံမှုအတွက် CCTV ကင်မရာများ တပ်ဆင်ပေးထားခြင်းတို့ကို ဘုရားဖူးခရီးသည်တို့ကို ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်တွင် ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကို စနစ်တကျခံယူကာ အလှူခံခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခဲ့ခြင်းကြောင့် အလှူတော်ငွေများတိုးတက်ရရှိခဲ့သည်။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးခရီးသွားများ အဆင်ပြေချောမွေ့စွာ တည်းခိုနားနေနိုင်ရန်အတွက် စေတီတော်ရင်ပြင်တော်ရှိ တိဿဓမ္မာရုံ ပထမထပ်နှင့် ဆီမီး ၉၀၀၀ ဓမ္မာရုံ၊ ပြည့်စုံဓမ္မာရုံ၊ သုံးထပ်ဓမ္မာရုံ၏ ပထမထပ်တို့တွင် အခမဲ့တည်းခိုနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည့်အပြင် ဘုရားဖူးရာသီစည်ကားချိန်များတွင် အခပေးတည်းခိုဆောင်များကိုလည်း ဈေးနှုန်းများ ကန့်သတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

### ဟုန်းနန်းဘိုးဘိုးကြီးနတ်နန်း

သဘာဝအလှအပများကို ခံစားရင်း စေတီတော်များကို ကြည်ညိုသဒ္ဓါ ပိုမိုပွားများနိုင်ရန်အတွက် ရသေ့တောင်စခန်းမှ ဟုန်းနန်းဘိုးဘိုးကြီးနတ်နန်းအထိ ကေဘယ်လမ်းကြောင်း ပြေးဆွဲနိုင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။

မွန်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှဦးစီးကာ လမ်း၊ တံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်းများ၊ မူလတန်းကျောင်း

အချပ်ပို(ဆ)သို့



ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေစဉ်

# မွန်ပြည်နယ် မော်လမြိုင်မြို့ မုပွန်ရပ်ကွက်နှင့် ချောင်းဆုံမြို့နယ် ကညော်ကျေးရွာတို့ကို ဆက်သွယ်မည့် သံလွင်မြစ်ကူးတံတားစီမံကိန်းမှာ ယခုအခါ ၈၇ ရာခိုင်နှုန်းခန့် ပြီးစီးခဲ့ပြီဖြစ်၍ မကြာမီ အလုံးစုံပြီးစီးသွားပါက ဒေသခံများအတွက် ဆက်သွယ်သွားလာမှုကို များစွာအထောက်အကူဖြစ်လာနိုင်

**အချပ်ပို(စ)မှ**

ဆောင် ဆောက်လုပ်ခြင်း၊ ရုပ်သံစက်ပစ္စည်းတပ်ဆင်ခြင်း၊ ခရိုင်ရုံးဆောက်လုပ်ခြင်းနှင့် ဆိုလာပါဝါတပ်ဆင်ခြင်းများကို အစိုးရသစ် တစ်နှစ်တာကာလအတွင်း လုပ်ဆောင်ခဲ့သည်ကို မြင်တွေ့ရသည်။

ကျေးလက်လမ်းပေါင်း ၄၅ လမ်း၊ ကျေးလက်တံတား ၅၉ စင်းနှင့် ကျေးလက်ရေပေးဝေရေး ၁၁၀ တို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသခံများအတွက် တစ်နှစ်တာအတွင်း လုပ်ဆောင်ပေးခဲ့ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့မှ သိရှိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းအရ ကျိုက်မရောမြို့နယ်၌ ကျေးရွာခုနစ်ရွာနှင့် ကျိုက်ထိုမြို့နယ်၌ ကျေးရွာလေးရွာတို့တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး မွန်ပြည်နယ်တစ်ခုလုံးတွင် မြစိမ်းရောင် ကျေးရွာစီမံကိန်းကို မတည်ရန်ပုံငွေကျပ်သန်း ၁၀၅၀ ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေး ရန်ပုံငွေမှ ရရှိသည့် တစ်မြို့နယ်လျှင် ငွေကျပ်သိန်း ၁၀၀၀ နှုန်းကို မြို့နယ် ၁၀ မြို့နယ်စလုံးအတွက် လမ်းလုပ်ငန်း ၈၈ ခု၊ တံတား ၅၆ ခု၊ ပညာရေးလုပ်ငန်းအတွက် ၄၃ ခု၊ ကျန်းမာရေးလုပ်ငန်းအတွက် နှစ်ခု၊ ရေရရှိရေးလုပ်ငန်းအတွက် ၈၆ ခု၊ မီးရရှိရေးလုပ်ငန်း ငါးခုနှင့် အခြားလုပ်ငန်းခြောက်ခုတို့ကို လုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**များစွာအထောက်အကူဖြစ်**

မွန်ပြည်နယ် မော်လမြိုင်မြို့ မုပွန်ရပ်ကွက်နှင့် ချောင်းဆုံမြို့နယ် ကညော်ကျေးရွာတို့ကို ဆက်သွယ်မည့် သံလွင်မြစ်ကူးတံတားစီမံကိန်းမှာ ယခုအခါ ၈၇ ရာခိုင်နှုန်းခန့် ပြီးစီးခဲ့ပြီဖြစ်၍ မကြာမီအလုံးစုံပြီးစီးသွားပါက ဒေသခံများအတွက် ဆက်သွယ်သွားလာမှုကို များစွာအထောက်အကူဖြစ်လာနိုင်သည်။ ထိုတံတား၏ ထူးခြားချက်မှာ မြန်မာနိုင်ငံတွင် ပထမဆုံးအသုံးပြုသည့် Steel Box Girder သံပေါင်ခန်းဖွင့်များကို

**အချပ်ပို(ဇ)သို့**



ဝဲယာတွင် ထန်းပင်တန်း အစီအရီနှင့်အတူ မော်လမြိုင်-ကျိုက်မရောနိုင်လွန်ကတ္တရာလမ်းက ရာမညတိုင်းရဲ့အလှကို ဖော်ကျူးနေ



ပြည်နယ်အတွင်းရှိ ပြည်သူများနေထိုင်ရေးအတွက် အိမ်ရာအသစ်များကို ဆောက်လုပ်လျက်ရှိစဉ်

## စက်မှုလယ်ယာ ဦးစီးဌာနမှ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ် အတွင်း ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေကျပ်သန်း ၁၀၀ဖြင့် မွန်ပြည်နယ်အတွင်း ဘီးလင်းမြို့နယ်၊ သထုံမြို့နယ်နှင့် ချောင်းဆုံမြို့နယ်တို့တွင် စက်မှုလယ်ယာစနစ်ကျ လယ်မြေ ၆၂၅ ဧကကို ဒေသခံတောင်သူများအတွက် ဖော်ထုတ်ပေးခဲ့



စိုက်ပျိုးရေရရှိစေရန်အတွက် ရေနုတ်မြောင်းကြီးများကို တူးဖော်နေစဉ်



စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာမြေများကို ထွန်ယက်နေစဉ်

အချပ်ပို(ဆ)မှ

လွန်းထိုးတပ်ဆင်ခြင်း နည်းပညာဖြင့် တည်ဆောက်ထားခြင်း ဖြစ်သည်။

လမ်းဦးစီးဌာနမှ ၂၀၁၆- ၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေဖြင့် ပေ ၁၈၀ နှင့် အထက်တံတားတစ်စင်းနှင့် ပေ ၁၈၀ အောက်တံတား ၇၅ စင်း တည်ဆောက်ထားနိုင်ခဲ့ကြောင်းသိရပြီး ကတ္တရာလမ်းခင်းခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်းများ ပြုလုပ်ပေးခဲ့ရာ မော်လမြိုင်မြို့မှ ထိုင်းနိုင်ငံ မဲဆောက်မြို့အထိ နေ့ချင်းပြန် ကုန်းလမ်းခရီးဖြင့် လွယ်ကူစွာသွားလာနိုင်ခဲ့ပြီ ဖြစ်သည်။

### ကြိုးတန်းတံတားဂိတ်

အစိုးရ၏ တစ်နှစ်တာကာလအတွင်း မွန်ပြည်နယ်အတွင်းရှိ လေလံတန်ဖိုးငွေကျပ်သိန်း ၃၀၀ အောက် လေလံလမ်းလေးလမ်းဖြစ်သည့် ရန်ကုန်-မြိတ်လမ်းပေါ်မှ ရေးချောင်းတံတားဂိတ်၊ ကလောပိတံတားဂိတ်၊ ကွမ်ကျိုက်တံတားဂိတ်နှင့် ကြိုးတန်းတံတားဂိတ်တို့တွင် တံတားအသုံးပြုခများကောက်ခံခြင်းမပြုဘဲ ဂိတ်များ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်ရှိ ပြည်သူလူထုအတွက် တစ်နှစ်တာအတွင်း အစိုးရသစ်မှ လုပ်ငန်းများစွာကို ဖော်ဆောင်ပေးခဲ့ပြီး ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ကဏ္ဍပေါင်းများစွာတွင်အထောက်အပံ့ဖြစ်စေခဲ့ပါကြောင်း။